‘ဝိုက်’သွားရင် ဘာလုပ်ရမလဲ・・・ ။
အဲဒီ "Instruction" ကို "Study" လုပ်ထားရမယ်။

အတွေးရှည်နေရင် ဘာလုပ်ရမလဲ・・・ ။
"Instruction" ကို နားလည်အောင် လေ့လာထားရမယ်။

ထိုင်နေရင်းက စိတ်က ပျံ့လွင့်ပြီးတော့မှ မနိုင်မနင်းဖြစ်ပြီး
ထပြေးချင်နေရင် ဘာလုပ်ရမလဲ・・・။
"Instruction" ကို ကြိုတင်လေ့လာထားရမယ်။

ထမင်းစားမယ်၊ ထမင်းစားရင် ဘယ်လို တရားရှုရမလဲဆိုတာ
"Instruction" ကို ကြိုတင်‘သိ’ထားရပါမယ်။

**မမေ့မလျော့ ရှိရပါမယ်။**

ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း-၂) ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်

ရန်ကင်းတောင်စာစဉ်(၁၃)

# ဝိပဿနာလူငယ်စကားဝိုင်း

## (အပိုင်း - ၂)



အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်

တတိယအကြိမ်

# ဝိပဿနာလူငယ်စကားဝိုင်း

## (အပိုင်း - ၂)

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်**

Email : ven.khemananda.brahmana@gmail.com

တတိယအကြိမ်

# ရန်ကင်းတောင်စာစဉ် အမှတ် (၁၃)


**အဖုံးနှင့်အတွင်းပုံနှိပ်** = ရွှေနိုင်ငံ (၀၅၇၄၅) အမှတ်(၉၀)စီ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ထုတ်ဝေသူ** = ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃)

**ဖြန့်ချိရေး** = **ရန်ကင်းတောင်စာစဉ်**

**နေပြည်တော်**

ဖုန်း-၀၉-၄၃၀ ၇၅၇၀၄၊

၀၉-၄၂၀ ၇၁၂၇၅၈၊ ၀၆၇-၃၀၃၉၇

**ရန်ကုန်**

ဖုန်း-၀၉-၅၁၇၀ ၉၇၉၊ ၀၉-၇၃၀ ၇၀၇၈၁၊

၀၁-၆၄၅ ၈၉၄

**သစ္စာမဏ္ဍိုင်ပိဋကစာပေ**

(ရွှေတိဂုံဘုရားတောင်ဖက်မုခ်)

ဖုန်း -၀၉-၇၃၀ ၉၆၈၉၈၊ ၀၁-၃၈၇၈၄၉

**တန်ဖိုး** = ၁၂၀၀ ကျပ်

**ထုတ်ဝေသည့်အကြိမ်** = ပထမအကြိမ် ၂၀၀၉ ၁၀၀၀

ဒုတိယအကြိမ် ၂၀၁၁ ၁၀၀၀

တတိယအကြိမ် ၂၀၁၃ ၂၀၀၀

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'** (CIP)

၂၉၄.၃

ခေမာနန္ဒ၊ အရှင်၊ ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း-၂)/

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်။

-ရန်ကုန်၊ ရွှေနိုင်ငံစာပေ (တတိယအကြိမ်)၊ ၂၀၁၃။

၁၈၆-စာ၊ ၁၀. ၉၂ x ၂၀. ၈၃ စင်တီ။

(၁) ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း-၂)

## သတိပဋ္ဌာန်ဝိပဿနာအားထုတ်ခြင်း
## ကြောင့်ရရှိမည့် အကျိုးကျေးဇူးများ

၁။ သတ္တဝါတို့၏ စိတ်စင်ကြယ်ခြင်း အကျိုး

၂။ စိုးရိမ်ပူပန်ခြင်း သောကမီးကို လွန်မြောက်ခြင်း အကျိုး

၃။ ဝမ်းနည်းပူဆွေး ငိုကြွေးမြည်တမ်းခြင်းပရိဒေဝကို လွန်မြောက်ခြင်း အကျိုး

၄။ ကိုယ်ဆင်းရဲခြင်း ဒုက္ခမီးတို့ ချုပ်ငြိမ်းခြင်း အကျိုး

၅။ စိတ်နှလုံးမသာယာခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါမနဿမီးတို့ ချုပ်ငြိမ်းခြင်း အကျိုး

၆။ အရိယာမဂ်ဉာဏ်ကို ရစေခြင်း အကျိုး

၇။ အသင်္ခတဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးတို့ကို ဝိပဿနာတရားအားထုတ်ရင် ဘဝမခြားဘဲ ရရှိနိုင်ပါသည်။

# ကျေးဇူးတော်ရှင်
# ရွှေဥမင်ဆရာတော်ဘုရားကြီး၏ သြဝါဒ

❁ အမှားသိမှုကြောင့်

❁ အမှားကြံစည်မှုတွေဖြစ်တယ်

❁ အမှားကြံစည်မှုကြောင့်

❁ အမှားပြုလုပ်မှု၊ အမှားပြောဆိုမှုတွေဖြစ်တယ်

❁ အမှားပြုလုပ်မှု၊ အမှားပြောဆိုမှုတွေကြောင့်

❁ ဆင်းရဲဒုက္ခတွေ အမျိုးမျိုးဖြစ်ကြရတယ်

❁ ဆင်းရဲဟူသမျှ အမှားသိမှုအကြောင်းခံပါပဲ။

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၁။ | ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ | ဂ |
| ၂။ | စကားဦး | င |
| ၃။ | သောကကင်းဝေးအောင် ဘဝနေနည်း | ၁ |
| ၄။ | မပယ်ဖျက်ရသေးတဲ့ ရင်တွင်းက File တစ်ခုအကြောင်း | ၃၁ |
| ၅။ | လောကမှာ မဂ္ဂင်လမ်းမှန်တာသာ အံ့ဩစရာပါ | ၅၄ |
| ၆။ | ရှေးရှေးဘဝက ကောင်းမှုကံ | ၇၄ |
| ၇။ | စိတ်ကူးယဉ်၍ ဘဝလမ်းလျှောက်နေသူများ | ၉၂ |
| ၈။ | စိတ်ဖြစ်တိုင်း သိပေးပါ | ၁၀၆ |
| ၉။ | သတိရှိတာနှင့် ကြိုးစားတာ | ၁၁၅ |
| ၁၀။ | လမ်းစဉ်နှစ်သွယ် ကြိုက်ရာရွေးယောဂီ | ၁၂၁ |
| ၁၁။ | ဘဝလွတ်မြောက်ရေးကို ဦးတည်သူ | ၁၃၁ |
| ၁၂။ | ဝိပဿနာယောဂီနှင့် ဖြစ်ပျက်ဉာဏ် | ၁၄၅ |
| ၁၃။ | လူမသိ သူမသိဖြစ်နေတဲ့အပြစ် | ၁၆၂ |

# စကားဦး

ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး လွန်တော်မူခဲ့သည်မှာ ကာလအားဖြင့် ခုနှစ်နှစ်တာ ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ ဉာဏ်ပညာကြီးမားမှု ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ မေတ္တာကရုဏာကြီးမားမှု ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ သီလ သမာဓိ ပညာအရာ ပြည့်စုံမှုတို့သည် ယနေ့တိုင် မေ့မရသော ယနေ့တိုင် အစားထိုးမရသော ဆုံးရှုံးမှုကြီးပေတကားဟု တပည့်များက ရင်တွင်းမှစကားသံဖြင့် ပြောကြားနေဆဲပင်ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး လွန်တော်မူပြီးသော်လည်း ဆရာတော်ဘုရားကြီး၏ သွန်သင်ဆုံးမဩဝါဒများကို တစ်သဝေမတိမ်း နာခံလျှက် လိုက်နာကျင့်ကြံနေကြသည့် ပြည်တွင်းပြည်ပမှ တပည့်များအဖို့မှုကား ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ ထံတော်ပါးမှ ဩဝါဒများကို ခံယူနေရသည့်နှယ် မခြားပေတည်း။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိစဉ် ဆောင်းဦးရာသီ၏ တစ်ခုသော နံနက်ခင်းတွင် မော်ဘီ ဝါနက်ချောင်း တောရကျောင်းမှသည် ပတ္တမြားမြို့သစ်ဆရာတော် ဘုရားကြီး သီတင်းသုံးရာ ကျောင်းသို့ လာရောက်ကာ တရားလျှောက်အပြီးတွင်မူ ဆရာတော်ဘုရားကြီးမှ ''ဒို့များ အသက်ကကြီးပြီ ဦးဇင်း, ဒို့ခန္ဓာကိုယ်ဟာ အိုမင်းလွန်းသွားပြီ၊ ဦးခေမာတို့လို ရဟန်းတွေ အများကြီး ရချင်တာ''ဟု မိန့်ကြားတော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် တပည့်အား ဓမ္မဒါယာဒ အမွေခံ တပည့်ကောင်း ဖြစ်စေချင်သည့် ဆန္ဒဟု မိမိဉာဏ်သေးသေးဖြင့် ထင်မြင်မိပါသည်။ သို့သော် မကြာတော့သော ကာလ၌မူ မိမိ၏ ရှေးဘဝ ဘဝက ပြုခဲ့မိသည့် မကောင်းမှုကံကြောင့်ထင့် ခံရခက်သော ရောဂါဝေဒနာဆိုးတစ်ခု ခန္ဓာကိုယ်၌ ကပ်ရောက်၍ လာပါတော့သည်။ ဆရာဝန်များမှာမူ ကုသ၍ မရသည့် အသည်းရောဂါဟု လျှောက်ထားကြပါသည်။ ဆက်လက်ပြီး သီတင်းသုံးဖော်များကလည်း ရင်းနှီးစွာဖြင့် မရဏသေမင်းမှ တံခါးတွင်တွင် ခေါက်နေပြီဖြစ်ကြောင်း သတိပေး လျှောက်ထားကြပါသည်။ **မသေခင် ကြိုတင်၍ သေရတော့မည့်ကာလကို တိတိကျကျ သိရခြင်းသည် ပြင်ဆင်ချိန်ရသောကြောင့် အလွန်ပင်ကံကောင်းလှပါသည်ဟု အချို့က သုံးသပ်ကြပါသည်။**

မည်သို့ပင်ဆိုစေကာမူ မိမိဘဝ၏ရည်မှန်းချက်၊ မိမိဘဝ၏ ရည်ရွယ်ချက်များစွာကို အခြေအနေအရ ပယ်ဖျက်တန် ပယ်ဖျက်လိုက်ရပါသည်။ ပြောင်းလဲတန် ပြောင်းလဲလိုက်ရပါသည်။ လျှော့တန်သည်ကို လျှော့ချကာ ပဓာနပင်မတာဝန်ဖြစ်သည့် ဘဝ သံသရာ လွတ်ရေးကိုသာလျှင် ရည်မှန်းချက် ထားရပါတော့သည်။

ကျန်းမာရေး မပြည့်စုံသည့်ကြားကပင် ကျေးဇူးရှင်ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အမွေခံ ဓမ္မဒါယာဒ ရဟန်းကောင်းများကို ပြုစုပျိုးထောင်ခြင်း၊ ပါဠိတော် အဋ္ဌကထာ နိဿယ မြန်မာပြန်တို့ကို

ဖတ်ရှုခြင်း၊ တရားနာခြင်း၊ စာရေးခြင်းအပြင် ယောဂီများ၏ မေးမြန်းလာသည်များကို ဖြေကြားသည့် လုပ်ငန်းမှာမူ **မိမိဘဝ လွတ်မြောက်ရေး၏ အစိတ်အပိုင်းတစ်ခုဟု ခံယူကာ** ဆောင်ရွက်လျှက်ရှိနေရာ ရံခါ၌မူ ရွှေဥမင်ဆရာတော်ဘုရားကြီး၏တပည့် ပြည်တွင်း ပြည်ပမှ ရဟန်းရှင်လူ ယောဂီများနှင့် တွေ့ဆုံကြရာတွင်မူ တရားဆွေးနွေး လျှောက်ထားအပြီး ဝမ်းမြောက်အားရစွာဖြင့် (This method is suitable for me) ဟု ရိုသေစွာ လက်အုပ်ချီ၍ လျှောက်ထားလေ့ရှိကြပါသည်။ ဝမ်းမြောက်ရပေစွ။

ပြည်တွင်းပြည်ပ ကမ္ဘာ့နိုင်ငံ အရပ်ရပ်မှ မြန်မာစာဖတ် ပရိသတ် လူကြီး၊ လူငယ်များတို့သည်လည်း မိမိတို့အတွက် (Suitable method) ကို ရယူပိုင်ဆိုင်ပြီး (This method is suitable for me) ဟု ရဲဝံ့စွာ ပြောနိုင်ကြပါစေဟု ဤစာရေးသူမှ ဆန္ဒပြုအပ်ပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)သပြေပင်
၂၀၀၉ခုနှစ်၊ မတ်လ(၁)ရက်

# သောကကင်းဝေးအောင် ဘဝနေနည်း

MA ကျောင်းသား မောင်သီဟကျော် ကျောင်းမှာနေ နေသည်မှာ လေးရက်ခန့်ရှိသွားပြီး ဆွမ်းခံအပြန်တွင်မူ သူ၏ အကိုဝမ်းကွဲ စက်မှုတက္က သိုလ်ကျောင်းသားလည်း သပိတ်ပိုက်ပြီး အတူတကွ လိုက်ပါလာခဲ့ပါသည်။ ကျောင်းရောက်ပြီးသော အခါတွင် သူသည် အနားသို့ရောက်လာပြီး သိလိုသည် များကို မေးမြန်းမည် ပြုစဉ်မှာပင် MA ကျောင်းသား ကပင်စတင်၍ မေးလျှောက်တော့သည်။

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် ခုတလော ကျောင်းမှာ တစ်ယောက် တည်းနေတဲ့အခါမှာ စိတ်ထဲမှာ တစ်ခု ပေါ်ပေါ်လာ တယ်ဘုရား။

ဦးဇင်း ။ ။ ဘာတစ်ခုများ ပေါ်ပေါ်လာ သလဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ စိတ်သောက က တပည့်တော် ကို သိပ်ဒုက္ခပေးတယ်ဘုရား။

ဒါကြောင့် သောကကင်းတဲ့နည်းများ တရားတော်မှာ

ရှိမလားလို့ တပည့်တော်စိတ်ထဲ တွေးတွေးမိလို့ ပါဘုရား။

ဦးဇင်း ။ ။ မောင်ကျောင်းသား သောက ကင်းတဲ့နည်းက ဘုရားဟော ဒေသနာတော်ထဲမှာ ထင်ထင်ရှားရှား သိသိသာသာ ရှိပြီးသားပါ။ မဟာသတိပဋ္ဌာန် သုတ္တန်ရဲ့ နိဒါန်းအဖွင့်မှာကို ကောယနော့အယံ ဘိက္ခဝေ မဂ္ဂေါ် သောက ပရိဒေဝါနံ သမတိက္ကမာယလို့ ပါတယ်လေ။ သောက ကင်းဖို့ တစ်ကြောင်းတည်းသောလမ်းဟာ ဟောဒီ သတိပဋ္ဌာန် လေးပါးပါပဲ မောင်ကျောင်းသား။

စက်မှုကျောင်းသား။ ။ အဲဒီ သောကကင်းဝေးမယ့် နည်းကိုတော့ တပည့်တော်လည်း စိတ်ဝင်စားတယ်ဘုရား။ အဲဒါ တပည့်တော်လည်း သိချင်လို့ မေးလျှောက်ချင်နေတာတော့ ကြာပြီ။

ဦးဇင်း ။ ။ ဟုတ်ပြီလေ သောက ဖြေဖျောက်နည်းပဲ ပြောပြော သောကကင်းတဲ့နည်းပဲ ပြောပြော၊ သောကကင်းဖို့ နည်းလမ်းပဲပြောပြော (How to stop the worry) ပဲပြောပြော အဲဒါ ပိဋကတ်တော်ထဲမှာ ရှိပါတယ်။ လေ့ကျင့်ဖို့ပဲလိုပါတယ်။

စက်မှုကျောင်းသား။ ။ သောကကင်းဝေး နေထိုင်ရေးဆိုတာကို တပည့်တော်တို့ အလိုရှိပါတယ်ဘုရား။ သောက မဖြစ်ချင်ဘူးဘုရား။ ဒါကြောင့် လေ့ကျင့်ဖို့လိုရင် လေ့ကျင့်ပါမယ် ဘုရား။

MA ကျောင်းသား။ ။ သောကကင်းဖို့အတွက် မဟာသတိပဋ္ဌာန်သုတ်မှာ

မြတ်ဘုရားက ဟောတော်မူထားတယ်ဆိုတော့ အဲဒါကိုလည်း တပည့်တော် အသေးစိတ် သိချင်ပါတယ်ဘုရား။ လိုက်လည်းလိုက်နာချင်ပါတယ်။

ဦးဇင်း ။ ။ သတိပဋ္ဌာန်တရား နည်းနည်း ကိန်းလာရင် လာသလို သောက နည်းနည်းဝေးမယ်။ တော်တော်ကိန်းလာရင် တော်တော်ဝေးမယ်။ အလုံးစုံကိန်းလာရင်တော့ သောက အလုံးစုံ ဝေးပါမယ်။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ အဲဒီနည်းတွေကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ၊ ပြောပြပါမယ်။ သောကကို ဉာဏ်နဲ့ပယ်တာ (Intuitive awareness)၊ သောကကို သတိနဲ့ပယ်တာ (only awareness)၊ သဘောထား မှန်မှန်ထားပြီး (Right Attitude) နဲ့ ပယ်တာ။ သောကကို လမ်းလွှဲဖယ်ပြီး (Diversion) လုပ်ပြီးပယ်တာ။

စက်မှုကျောင်းသား ။ ။ (Diversion)ရယ်၊ (Right attitude) ရယ်။ (Awareness) ရယ် ပြီးတော့မှ (Intuitive awareness) ရယ် ဆိုတော့ သောကဝေးဖို့နည်းက လေးမျိုးတောင်ရှိတာပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် ဒီထဲမှာ အထိရောက်ဆုံး method ကတော့ ဉာဏ်နဲ့ပယ်တဲ့ Intuitive awareness ပါပဲ။ သူ့အထက်မှာက အရိယာမဂ်နှင့် ပယ်တာရှိပါသေးတယ်။

MA ကျောင်းသား။ ။ အရိယာကိစ္စတော့ မသိဘူး ဘုရား။ တပည့်တော်နဲ့တန်တဲ့ တရားပဲ ကျင့်သုံးပါမယ်ဘုရား။

ဦးဇင်း ။ ။ သတိပဋ္ဌာန် အားထုတ်တဲ့ ယောဂီတွေအဖို့ တရား အားလုံးဟာ ထိုက်တန်တဲ့ တရားတွေချည်းပဲ မောင်ကျောင်းသားရေ။

MA ကျောင်းသား။ ။ နည်းဥပဒေသ လေးနည်း ရှိတဲ့အနက် တပည့်တော် (Diversion) လမ်းလွှဲပြီးတော့မှ ဖြေရှင်းတဲ့နည်းကို စိတ်ဝင်စားတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒီ ဖြေရှင်းတဲ့နည်းကို ဖြည်းဖြည်းမှ ပြောမယ်။ မောင်ကျောင်းသားတို့က သတိပဋ္ဌာန်တရား အားထုတ်နေကြတာဆိုတော့ (Intuitive awareness) (ဉာဏ်ဦးစီးတဲ့သတိ)နှင့် သောကပယ်တာကို ဦးဆုံး ပြောပြမယ်နော်။

(ကျောင်းသားနှစ်ဦးလုံး)။ ။ မှန်လှပါဘုရား။

ဦးဇင်း ။ ။ ဝိပဿနာတရားကို စနစ်တကျ အားထုတ်လာတဲ့ ယောဂီတစ်ယောက်အနေနဲ့ တစ်စတစ်စ ဒီသဒ္ဓါရ တရားတွေရဲ့ ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်, မခိုင်ခံ့တဲ့သဘော၊ မတည်တံ့တဲ့သဘော၊ ပြောင်းလဲနေတဲ့သဘောကို လုပ်ငန်းခွင်ထဲမှာ ပိုပြီး သိသိလာနိုင်ပါတယ်။

MA ကျောင်းသား။ ။ အားထုတ်မှပဲ သိတာလား ဘုရား။

ဦးဇင်း ။ ။ သိတဲ့အသိက အဆင့်ဆင့် ရှိတာပေါ့ မောင်ကျောင်းသား။

သုတမယအသိ Knowledge နှင့် သိတာလဲ ရှိတာပဲ။ အဲသလို သိခဲ့သမျှကို ကြံဆ တွေးတော (Intelectual) နှင့် သိတဲ့ အသိလည်း ရှိတာပဲ။ ကိုယ်တိုင်သိ (Experience) အနေနဲ့ ကိုယ်တွေ့ ထိုးထွင်းပြီးသိတဲ့ အသိလည်းရှိပါတယ်။

စက်မှုကျောင်းသား။ ။ သုတမယအသိက တရားနာ စာဖတ်ရတာကြောင့် သိတာ ပေါ့နော်။

ဦးဇင်း ။ ။ မှန်ပါတယ်။ သုတမယအသိ ကို တရားနာ စာဖတ်ခြင်း ကြောင့်လည်း သိနိုင်ပါတယ်။ စိန္တာမယ အသိကြ တော့ အဲဒီအပေါ်မူတည်ပြီးမှ တွေးတော ကြံဆပြီး တော့မှ သိတာပါပဲ။ အဲဒီလို သိရတဲ့အသိထဲမှာပဲ ကွဲတတ်တယ်၊ ပျက်တတ်တယ်၊ မတည်တံ့ဘူး၊ မခိုင်ခံ့ ဘူးဆိုတဲ့အသိကို မမေ့ဖို့ပါပဲ။

MA ကျောင်းသား။ ။ အဲဒါ မေ့တတ်သလား ဘုရား။

ဦးဇင်း ။ ။ မေ့တတ်သလားဆိုတော့ ဉာဏ်မခိုင်ရင် မေ့တယ်။ ဉာဏ်ခိုင်တော့ မမေ့ဘူးပေါ့။

MA ကျောင်းသား။ ။ ဒါဖြင့် တရားအားထုတ်ရင် မမေ့ဘူးလားဘုရား။

ဦးဇင်း ။ ။ သီလ ဆောက်တည်ရမယ်။ စိတ်တွေစင်ကြယ်အောင် တရားအားထုတ်ရမယ်။ တရားလည်းနာရမယ်။ ဒါဆိုလို့ရှိရင်တော့ တဖြည်းဖြည်း အသိဉာဏ်ရင့်ကျက် ရင့်ကျက်ပြီးလာတာပေါ့။ သဒ္ဓါတွေ၊ ဝိရိယတွေ၊ သတိတွေ၊ သမာဓိတွေ၊ ပညာတွေ ရင့်ကျက်လာလေ သခိၤရ သဘောတရားတွေဟာ မခိုင်ခံ့ဘူး၊ မတည်တံ့ဘူး၊ မမြဲဘူးဆိုတာ မမေ့လေပေါ့။

စက်မှုကျောင်းသား။ ။ အဲဒီတော့ ဘာအကျိုးများ ရှိလာပါသလဲ ဘုရား။

ဦးဇင်း ။ ။ တကယ်တမ်း ကွဲသွား၊ သေသွား ပျက်သွားရတဲ့ အခါမှာ အဲဒီအသိ ခိုင်ထားတဲ့ပုဂ္ဂိုလ်အဖို့ ယူကြုံးမရ မဖြစ်တော့တာပေါ့။ သောကပရိဒေဝတွေကြောင့် မျက်ရည်တွေ အထွေထွေကျစရာ မလိုတော့ဘူးပေါ့။[၁]

စက်မှုကျောင်းသား ။ ။ မကွဲခင်ကတည်းက ကွဲတတ်တယ်၊ မပျက်ခင်ကတည်းက ပျက်တတ်တယ်လို့ သိရမယ်ဆိုတာ ဘယ်လိုပါလဲ ဘုရား။

ဦးဇင်း ။ ။ အေး ...ဒါ နက်နဲတယ်၊ ရုတ်တရက် နားလည်ဖို့ မလွယ်ဘူး။

MA ကျောင်းသား။ ။ ဥပမာနဲ့ ဆိုရင်တော့ တပည့်တော်တို့ နားလည်နိုင်လောက်ပါတယ်ဘုရား။

---

၁။ ဌာနသုတ်၊ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၄၇

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ ဥပမာနဲ့ ဆိုရင်တော့ နားလည်နိုင် လိမ့်မယ်။

စက်မှုကျောင်းသား။ ။ ဥပမာနဲ့ အမိန့်ရှိပေးပါ ဘုရား။

ဦးဇင်း ။ ။ ဥပမာနဲ့ဆိုရင်တော့ ဒကာ တစ်ယောက် ရှိတယ်၊ သူ့ရဲ့ အဖေက သင်္ဘောသားတွေ ခေတ်စားတဲ့ အခါတုန်းက သင်္ဘောသားကြီးပေါ့။ အဲဒီသင်္ဘောသားကြီးက သင်္ဘောကနေပြီးတော့မှ ပြန်လာတဲ့အခါမှာ အလွန် လှတဲ့ နာရီတစ်လုံးပါလာတယ်။ ဦးဇင်းလည်း မြင်ဖူး တယ်။

MA ကျောင်းသား။ ။ သူက နာရီကို ကျောင်းမှာ လာပြတာလားဘုရား။

ဦးဇင်း ။ ။ မဟုတ်ဘူး။ ဆေးရုံသွားရင်း သူ့အိမ်ကို ပင့်သွားလို့ မြင်ခဲ့ရတာပါ။ နာရီက ဖြန့်လို့ရတဲ့ ယပ်တောင်ကြီး လိုပဲ။ ဖြန့်လိုက်ရင် တိုင်ကပ်နာရီလို အကြီးကြီး ဖြစ်သွားတယ်။ ခြုံ့လိုက်ရင် စားပွဲတင်နာရီ သေးသေး လေး ဖြစ်သွားတယ်။ အဝေးကကြည့်လို့ရှိရင် ပကတိ ရွှေရောင်ပဲ။ အထဲမှာလည်းပဲ အဖိုးတန်တဲ့ ကျောက် တွေ ပတ္တမြားတွေ၊ စိန်တွေပါတယ်လို့ ဆိုတာပဲ၊ ဈေး အလွန်ကြီးတယ်တဲ့။

စက်မှုကျောင်းသား။ ။ တင်ပါဘုရား၊ ဆွစ်ဇာလန် နာရီတွေမှာ ကျောက်အစစ်

တွေ့ပါတယ်ဘုရား။ ဆွစ်ဇာလန်ကနာရီ ဖြစ်ချင် ဖြစ်မယ်ဘုရား။

MA ကျောင်းသား။ ။ ဆွစ်ဇာလန်နိုင်ငံ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ကွာ။

ဥရောပနိုင်ငံကလည်း ရှိမှာပေါ့။ မင်းကလည်း ခေတ်တွေ တိုးတက်နေတာပဲ။

ဦးဇင်း ။ ။ ဘယ်နိုင်ငံကဆိုတာကိုတော့ မသိဘူး လှတော့လှတယ်။

ရွှေရောင်ကိုဝင်းပြီး ရွှေနာရီလားတောင် ထင်ရတယ်။ အဲဒီနာရီလေးကို သူ့သား မင်္ဂလာဆောင်တဲ့အခါမှာ လက်ဖွဲ့ပစ္စည်း ပေးလိုက်တာတဲ့။

MA ကျောင်းသား။ ။ ဘုန်းဘုန်းက ဆေးရုံသွားရင်းနဲ့ သားအိမ်ကို ရောက်သွားတာလားဘုရား။

ဦးဇင်း ။ ။ အင်း. . . သူ့သားနဲ့ ချွေးမအိမ်ကို ဆေးရုံကအပြန်မှာ

လျှောက်ထားစရာ ကိစ္စရှိတယ်ဆိုလို့ ခဏဝင်လိုက်တာ။ သူ့ရဲ့ ဒကာမက အဲဒီနာရီကို မင်္ဂလာဦးလက်ဆောင်ရထားတဲ့ ပစ္စည်းမို့လို့တဲ့ တိုင်မှာလည်း မချိတ်ရက်ဘူး။ စားပွဲမှာလည်း မတင်ရက်ဘူး ဖြစ်နေသတဲ့။

MA ကျောင်းသား။ ။ နာရီလက်ထဲ ရခါစဖြစ်လို့ နေမှာပေါ့ ဘုရား။

ဦးဇင်း ။ ။ နာရီ ရခါစတော့ ဟုတ်ဟန် မတူဘူး။ သူ့သားသမီးတွေ

တောင်မှ ဆယ်တန်းရောက်နေပြီ ပြောတယ်။

စက်မှုကျောင်းသား ။ ။ ဟာ ... ကြာလှပြီပဲဘုရား။

ဦးဇင်း ။ ။ အင်း... ဟုတ်တယ်။
ကြာလောက်ပြီ။ အဲဒီနာရီလေးကို သူတို့က တသသပဲ၊ ပျက်သွားရင်လည်း မြန်မာပြည်မှာ ပြင်လို့ မရဘူးတဲ့။ နိုင်ငံခြားလည်း မပို့တတ်တော့ဘူးလေ။ သူ့အဖေကလည်းပဲ သဘော်မလိုက်တာကြာပြီ။ မင်္ဂလာဦးလက်ဆောင် နာရီလေး ပျက်မှာစိုးလို့ဆိုပြီး ဘီရိုထဲ ထည့်သိမ်းထားတယ်။ ဧည့်သည်တွေ ဘာတွေ လာမှပဲ ထုတ်ပြတာတဲ့။

စက်မှုကျောင်းသား ။ ။ ဟာ... ဒါဆို ဘုန်းဘုန်း
အဲဒီအိမ်ကို ရောက်တဲ့အခါမှ ဘီရိုထဲက ထုတ်ပြတာပေါ့ဘုရား။

ဦးဇင်း ။ ။ အင်း... အဲလိုများ ဖြစ်နေ
မလားတော့ မသိဘူး။
တလောကတော့ နာရီ ရပ်သွားလို့တဲ့ အဲဒီ ဒကာမလေး နှစ်ရက်လောက် ထမင်းမစား နိုင်တော့ဘူး ပြောတယ်။ စိတ်ဆင်းရဲလွန်းလို့ ငိုနေတယ်လို့တောင် လျှောက်ကြတယ်။

စက်မှုကျောင်းသား ။ ။ နာရီပျက်သွားလို့ပေါ့နော်
ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ပျက်တတ်တယ်
လို့မှ လက်မခံထားတော့ ခု သူထမင်းလည်း မစားနိုင်တော့ဘူး။ အိပ်လည်း မအိပ်နိုင်တော့ဘူး။ ဝမ်းနည်းနေရတယ်။ သောကတွေ

ဖြစ်နေရတယ်။ အစကတည်းက နာရီဆိုတာ ပျက်တတ်တယ်လို့ လက်ခံထားနိုင်ရင် မသက်သာဘူးလား မောင်ကျောင်းသား။

MA ကျောင်းသား။ ။ ဟုတ်ပြီဘုရား။ ဟုတ်ပြီ၊ ဟုတ်ပြီ။ **နာရီကလည်း ပျက်တာပဲဘုရား။ လူလည်း သေတတ်တာပဲဘုရား။ မိမိမြတ်နိုးတဲ့ တန်ဘိုးထားတဲ့ ပစ္စည်းတွေလည်းပဲ ကုန်တတ်၊ ပျောက်တတ်တာပဲဘုရား။**

ဦးဇင်း ။ ။ အင်း ...ဟုတ်ပြီ အဲဒါကို ဆိုလိုတာ။ မောင်ကျောင်းသား ဒါကို သေသေချာချာလက်ခံနိုင်ပါ့မလား ။

MA ကျောင်းသား။ ။ တပည့်တော် အတွေ့အကြုံ တစ်ခု လျှောက်မယ်ဘုရား။

ဦးဇင်း ။ ။ အင်း... လျှောက်ပါ လျှောက်ပါ။

MA ကျောင်းသား။ ။ တပည့်တော်မေမေလည်း အရင်တလောက တစ်လ လောက်စိတ်ဆင်းရဲစရာ ကြုံသွားတယ် ဘုရား။

ဦးဇင်း ။ ။ ဘယ်သူဘာဖြစ်သွားလို့ စိတ်ဆင်းရဲရပြန်တာလဲ။

MA ကျောင်းသား။ ။ ဘယ်သူမှတော့ ဖြစ်တာ မဟုတ်ဘူး ဘုရား။ လက်ဖွဲ့ထားတဲ့ တိုက်ပန်းကန် နှစ်ချပ်ရှိတယ်။ အဲဒါကို မေမေက သူလည်းမသုံးဘူး။ တပည့်တော်တို့ သုံးရင်လည်း မကြိုက်ဘူး။ အဲဒါကို သေတ္တာထဲမှာ ထည့်ပြီး

သိမ်းထားတယ်။ တစ်ခါတစ်လေ သေတ္တာထဲထည့် ရတာ စိတ်မချလို့ ဘီရိုထဲပြောင်းပြီး ထည့်ပြန်တယ်။ သူ ဒါကို တော်တော်ပဲ ယုယုယယ ထွေးထွေး ပိုက်ပိုက်ရှိတယ်ဘုရား။ လွန်ခဲ့တဲ့လက အိမ်မှာ အဖွားလာနေတော့ ဘီရိုထဲ တစ်ခုခုယူတဲ့အခါမှာ ထင်တယ်၊ တိုက်ပန်းကန်နူတ်ခမ်း လက်သည်းခွံ လောက် ပဲ့သွားတယ်တဲ့၊ ဒါကို မကျေနပ်လို့ မေမေက အဖွားကို တစ်လလောက် စကားမပြောဘူး ဘုရား။

ဦးဇင်း ။ ။ ဘယ်အဖွားလဲ။

MA ကျောင်းသား။ ။ မေမေရဲ့အမေ အဖွားလှိုင် ပါဘုရား။

ဦးဇင်း ။ ။ ဟေး‥ ‥ သူ့အမေအရင်းပဲ။

MA ကျောင်းသား ။ ။ မှန်ပါဘုရား။ အမေအရင်းကို မင်္ဂလာလက်ဖွဲ့ပန်းကန်ပြား ပဲ့သွားလို့မို့ စကား မပြောနိုင်တာပါဘုရား။ ဒါနဲ့ အဖွားလည်း သူ့သမီးကို ပြေရာ ပြေကြောင်းတော့ ပြောပြရှာတယ်။ မတော်တဆဖြစ်တာပါလို့ ပြောလည်း လက်မခံနိုင်ဘူးဘုရား။ အဲဒီပန်းကန်ပြားကို သူတောင် မသုံးရက်လို့တဲ့ ယုယုယယထားတာတဲ့ အထိခိုက် မခံ နိုင်ဘူးတဲ့။ အပဲ့မခံနိုင်ဘူးတဲ့။ အဲဒီလို ဗျစ်တောက် ဗျစ်တောက်နဲ့ ဖြစ်နေတာဘုရား။ စိတ်ဆင်းရဲပြီးတော့မှ သူ့မှာ မအိပ်နိုင် မစားနိုင်ဖြစ်သွားရှာတယ်။ ဒါနဲ့တပည့် တော်လည်းပဲ ‘မေမေရယ် အဲဒါဆိုလည်းပဲ ကျွန်း သေတ္တာ သေးသေးလေးရိုက်ပြီး သီးသန့်ထည့်ထား ပါလားလို့’ ပြောလိုက်တော့ ‘နင် ဘာနားလည်လို့လဲ

ကျွန်းသေတ္တာနဲ့ထည့်လို့ရှိရင် ကျွမ်းသွားမှာ’ တဲ့။

စက်မှုကျောင်းသား။ ။ ဘာကျွမ်းမှာတဲ့လဲကွ။

MA ကျောင်းသား။ ။ ဘာကျွမ်းမှာတော့ မသိဘူး ကွ၊ ကျွမ်းမယ်တော့ ပြော တယ်။ ဒါနဲ့ ဘုရား တပည့်တော်လည်း အဲဒါဆိုလည်း မေမေရယ် ထင်းရှူးသေတ္တာ သေးသေးလေးရိုက်ပြီး သီးသန့်ထည့်လိုက်ပါလားဆိုတော့ ‘အဲဒါဆို ရှုံးသွား မယ် လျှာကိုရှည်လွန်းတယ်’လို့ ပြောပြီး ခေါင်းခေါက် တယ်။

စက်မှုကျောင်းသား။ ။ ဘာရှုံးသွားမှာတဲ့လဲကွ။

MA ကျောင်းသား။ ။ သူတို့လင်မယားရဲ့ အချစ် တွေဘာတွေ ရှုံးသွားလား ဘာလား မသိပါဘူးကွာ။

ဦးဇင်း ။ ။ အေး ‥ မောင်ကျောင်းသား တို့ စဉ်းစားကြည့်လိုက်

ပန်းကန်နှစ်ချပ်က ဒီအိမ်ထောင်ရေးကို ဘယ်လိုများ အကျိုးသက်ရောက်မလဲ၊ **ကျွန်းသေတ္တာကရော ထင်းရှူးသေတ္တာကရော ဘာတွေကျွမ်းပြီး ဘာတွေ ရှုံးလာမလဲ။ အဲဒီလို အဆီအငေါ်မတည့်တဲ့ အယူ အဆတွေ အစွဲအလမ်းတွေကြောင့် သောကဖြစ်ရ တာပါ မောင်ကျောင်းသားတို့ ပေါ်ရဲ့လားဗျာ။**

MA ကျောင်းသား။ ။ တပည့်တော် နည်းနည်း တော့ ရိပ်မိလာပါတယ်

ဘုရား။ အစကတည်းက ဒီသဘောတရားဟာ ကွဲတတ်တယ်၊ ပျက်တတ်တယ်၊ မခိုင်ခံ့တဲ့ သဘော တရားကို မခိုင်ခံ့ဘူးလို့ လက်ခံနိုင်ရင် သက်သာမယ်လို့

အရှင်ဘုရားမိန့်တာကို တပည့်တော် နည်းနည်းတော့ လက်ခံလာနိုင်ပါပြီဘုရား။

ဦးဇင်း ။ ။ အေး ... အဲဒါ ဆိုလိုတာ။ နည်းနည်း လက်ခံဖို့ရာ ဉာဏ်လိုတာပေါ့ မောင်ကျောင်းသား။ ဒီသဘောတရားဟာ ဒီလိုပဲရှိတာဆိုတာကို နားလည်တဲ့ ဉာဏ်ပေါ့။ လက်ခံနိုင်တဲ့ဉာဏ်ပေါ့။ (Acceptance Ability)ပေါ့။

MA ကျောင်းသား ။ ။ အရှင်ဘုရား အဲဒီလိုသာ လက်ခံလိုက်နိုင်လို့ရှိရင် မေမေ စိတ်ဆင်းရဲမှာ မဟုတ်တော့ဘူး။ အဖွားနဲ့လည်း ရန်ဖြစ်စရာ မလိုတော့ဘူး။ အဖေနဲ့အချစ်ကျွမ်းသွားမှာတို့၊ ရှုံးသွားမှာတို့ ဆိုတာလည်း တွေးပြီးတော့ သောကဖြစ်စရာ မလိုဘူး။ ပန်းကန်ဟာ ပန်းကန်ပဲ ကွဲတတ်တာပဲဆိုတာကို သူနားလည်နိုင်ရင် ကောင်းမယ်နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မှန်ပါတယ်။ **ဒါဟာ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ကိစ္စပါ။ မောင်ကျောင်းသားဟာ မောင်ကျောင်းသား ကိစ္စနဲ့ ပတ်သက်လာတဲ့နေရာမှာ လက်ခံနိုင်ဖို့ပဲလိုတာ။ ဒကာမကြီးကလည်း ဒကာမကြီးကိစ္စနဲ့ ပတ်သက်လို့ လက်ခံနိုင်ဖို့ပဲ။ ဒီနေ့ ပေါင်းသင်း ဆက်ဆံရယူ ပိုင်ဆိုင် ပတ်သက်နေတဲ့ သဘောတရားတွေနှင့် တစ်နေ့နေ့ မုချကွေကွင်းရမယ်လို့ ကြိုတင်လက်ခံထားနိုင်ရင် စိတ်သက်သာရာ အများကြီး ရနိုင်ပါတယ်။**

စက်မှုကျောင်းသား။ ။ ဒါကို လက်မခံနိုင်ရင် ပင်ပန်းပြီပေါ့ ဘုရား။

MA ကျောင်းသား။ ။ အဲဒါကြောင့် မေမေ စိတ်ဆင်းရဲနေရတာ အခုမှ ပေါ်လာတယ်ဘုရား။ သူ ဒါကို သိပ်တန်ဖိုးထားတာပဲဘုရား။

စက်မှုကျောင်းသား။ ။ မင်း မေမေကို ဒီသဘော တရားပြောပြပါလားကွ။

MA ကျောင်းသား။ ။ ဟာ ... ပြောပြပြီးကော၊ ငါခေါင်း ခေါက်ခံရပြီးပြီကွ။

ဦးဇင်း ။ ။ အေး ... အဲဒီလောက် လွယ်လွယ်ကူကူ ပြောလို့ ရတဲ့ ကိစ္စတော့ မဟုတ်သလို အဲဒီလောက် လွယ်လွယ် ကူကူနဲ့ လက်ခံလို့ရတဲ့ ကိစ္စလည်း မဟုတ်ဘူး မောင် ကျောင်းသား။ **ပိုင်ဆိုင်ထားတဲ့ တိုက်ပန်းကန်နှင့် ပိုင်ရှင်ခွဲနည်းက ဒီလောကမှာ နည်းနှစ်နည်းပဲ ရှိတယ်။ တစ်နည်းက ပန်းကန်ကွဲလို့ ပိုင်ရှင်နှင့် ခွဲရတာရယ်၊ နောက်တစ်နည်းက ပိုင်ရှင် သေလို့ ခွဲသွားရတာရယ်။ ဒီတော့ ပစ္စည်းက ပျောက်ရင် ကွဲရင် အခိုးခံရရင် ပိုင်ရှင်က ရှင်လျှက် ကျန်လို့ ရှင်ကွဲကွဲသွားတာလို့ ခေါ်ရတယ်။ ပစ္စည်း ကျန်ခဲ့ပြီး ပိုင်ရှင်က သေရင် သေကွဲကွဲသွားတာလို့ ခေါ်နိုင် တယ်။ လောကမှာ နောက်ထပ် ခွဲခွာနည်း မရှိတော့ ဘူး။ ဒီနှစ်နည်းပဲရှိတယ်။**

MA ကျောင်းသား။ ။ အံ့ဩစရာပဲဘုရား။ ခုမှပဲ ကြားဖူးတယ်ဘုရား။ ဒီ နှစ်နည်းကို အခုတပည့်တော် လက်ခံပါပြီဘုရား။

တပည့်တော် သဘောပေါက်ပြီဘုရား။

ဦးဇင်း ။ ။ အေး ... ဒါက သုတမယ အသိပေါ့။ တကယ်တမ်း မောင်ကျောင်းသားတို့ရဲ့ဘဝမှာ အဲသလိုဆုံးရှုံးမှုတွေ ဖြစ်လာတဲ့အခါမှာ **ဉာဏ်က ဒါကွဲတတ်တဲ့ သဘာဝပဲ၊ ဒါပျက်တတ်တဲ့ သဘာဝပဲ၊ ဒါမတည်တံ့တဲ့ သဘာဝပဲလို့ ဝင်ပြီးဆုံးဖြတ်ပေးလိုက်နိုင်မှ သေချာ သဘောပေါက်တယ်လို့ ခေါ်တယ်။**

MA ကျောင်းသား။ ။ အခုအတွေးနဲ့ လက်ခံနေပြီ မရသေးဘူးလားဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ တကယ်တမ်း အရေးကြုံတဲ့အခါမှာလည်း ပဲ အတွေးနဲ့ဖြစ်ဖြစ် အခုလို လက်ခံနိုင်ရင် တော်တော် သက်သာပါတယ်။

စက်မှုကျောင်းသား။ ။ အတွေးနဲ့ လက်ခံတယ် ဆိုတာကရော ဘုရား။

ဦးဇင်း ။ ။ အေး... အတွေးနဲ့ လက်ခံ တယ်ဆိုတာက ဘယ်လိုလဲ ဆိုလို့ရှိရင် ခုလို နာရီပျက်ပြီ၊ ပန်းကန်ကွဲပြီ အဲဒီ အချိန်မှာ ဒါကွဲတတ်တဲ့ သဘာဝတရားတစ်ခု ကွဲသွား တာပဲ၊ စဉ်းစားပြီးတော့မှသော်လည်းကောင်း၊ တစ်စုံ တစ်ယောက်သောသူက အကြံပြုပြောပြတာကိုသော် လည်းကောင်း လက်ခံဖို့ပါပဲ။ အဲဒါဆိုလဲ သက်သာရာ ရသင့်သလောက် ရတာပါပဲ။

MA ကျောင်းသား။ ။ ရုတ်တရက်တော့ လက်ခံ နိုင်ဖို့ ခက်တယ်ဘုရား။ အမေကလည်း ခေါင်းမာတယ်။

အစွဲအလမ်းလည်း ကြီးတယ်။ သူ အိမ်ထောင်ရေး ထိခိုက်မှာကို စိုးရိမ်နေပါတယ်။

ဦးဇင်း ။ ။ **အမေတစ်ယောက်တည်း ခေါင်းမာတာမဟုတ်ဘူး။ အားလုံးပဲခေါင်းမာကြတယ်။ တလောကလုံး လက်မခံနိုင်တာပါ။ လူတိုင်းလူတိုင်းမှာ သူ့အစွဲနှင့် သူ ရှိကြပါတယ်။**

စက်မှုကျောင်းသား။ ။ သဘာဝနှင့် ဆန့်ကျင်လို့ လက်မခံနိုင်တာလားဘုရား။

ဦးဇင်း ။ ။ **သဘာဝကျလွန်းလို့ကို လက်မခံနိုင်တာ၊ သဘာဝ အတိုင်းဖြစ်လို့ကို လက်မခံနိုင်တာ၊** အဲဒါလက်ခံနိုင်ဖို့ သီလတွေ ဆောက်တည်ရတယ်။ တရားအား ထုတ်ရမယ်။ တရားနာရတယ်လေ၊ တစ်စုံတစ်ယောက်သော သူက တစ်စုံတစ်ယောက်သော သူကို လက်ခံလိုက်ပါလား၊ သဘောကျလိုက်ပါလားလို့ တိုက်တွန်းပြီး လွယ်လွယ်ကူကူရနိုင်တဲ့ သဘာဝတရားတစ်ခုတော့ မဟုတ်ဘူး။ လက်ခံနိုင်ဖို့ သူ့မှာအရည်အချင်း လိုပါသေးတယ်။ (Acceptance ability) ပေါ့ မောင်ကျောင်းသား။

MA ကျောင်းသား။ ။ အဲဒီ Ability အရည်အချင်း က ဘာလဲဘုရား။

ဦးဇင်း ။ ။ အဲဒီ အရည်အချင်းက ဉာဏ်ပါပဲ။ ဉာဏ်ရှိရင် သူ လက်ခံနိုင်မယ်။ ဉာဏ်မရှိရင် လက်မခံနိုင်ဘူး။

စက်မှုကျောင်းသား။ ။ ဒါဆိုလို့ရှိရင် တပည့်တော်တို့ မပျက်ခင် မကွဲခင်၊ မပျောက်

ခင်၊ မသေခင်ကတည်းက ပျက်တတ်တယ်၊ သေတတ်တယ်၊ ပျောက်တတ်တယ်ဆိုတာကို ကြိုတင်ပြီးတော့မှ နှလုံးသွင်းထားရမှာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ မှန်တယ်၊ ဟုတ်တယ်၊ နှလုံးသွင်းထားသူအဖို့ တကယ်တမ်း အရေးကြုံဆိုတဲ့အခါမှာ ခံသာတယ်။

စက်မှုကျောင်းသား ။ ။ အရှင်ဘုရား တပည့်တော်အဖို့ လက်မခံနိုင်စရာ မရှိဘူးဘုရား။ တပည့်တော်တို့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပျက်နေတာပဲ၊ ကွဲနေတာပဲ၊ သေနေတာပဲ ဒါက အထင်အရှားပဲ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဟုတ်ပါတယ်။ ဒါပေမယ့် လက်မခံနိုင်ကြဘူးမောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ဟာ. . . တပည့်တော် တဖြည်းဖြည်း နားလည်လာပြီဘုရား။ သူတို့သာလျှင် အဲဒီနာရီကို လက်ထဲရကတည်းက ဒါဟာ ကြေးနီ၊ ကြေးဝါ၊ သံတုံး၊ သံခဲနဲ့ လုပ်ထားတာပဲ၊ ပျက်ချင်ပျက်မှာပဲ၊ ပျက်ရင် ပြင်ရုံပဲ၊ ပြင်လို့ မရရင်လည်း ထားလိုက်ရုံပဲလို့ လက်ခံနိုင်ရင် သက်သာမှာဘုရား။ မင်္ဂလာဆောင် လက်ဖွဲ့ရထားတဲ့ တိုက်ပန်းကန်နှစ်ချပ်လည်း ကွဲတတ်တာပဲ၊ ဒါမကွဲခင် ထမင်းစားတဲ့အခါ သုံးဖို့ပဲရှိတယ်၊ ဆွမ်းတော်ကပ်တဲ့အခါ သုံးရုံပဲလို့ဆိုပြီး သဘောထားနိုင်လို့ရှိရင် မပင်ပန်းဘူးပေါ့ဘုရား။ တပည့်တော်အနေကတော့ ကွဲရင်

လည်းရတယ်။ ပျက်ရင်လည်းရတယ်။ ထမင်းစားရင်လည်းရတယ်။ မေမေက ဒါကို မကြိုက်ဘူး။ ဒါရဲ့ အကြောင်းအရင်းက အဲဒီပန်ကန်ပြား အပေါ်မှာ အစွဲအလမ်းကြီးလွန်းလို့ပဲ ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ အဲဒီအစွဲအလမ်းက ဖြည်ရခက်တယ်။ အဲဒီအစွဲအလမ်းက ပြေခဲတယ်။ အဲဒီအစွဲအလမ်းတွေ ပြေဖို့အတွက် တရားအားထုတ်နေရတာ။ သောတာပန်ပယ်တဲ့ ကိလေသာထဲမှာ ဒိဋ္ဌိကိလေသာ ဆိုတာပါတယ် မောင်ကျောင်းသား။

စက်မှုကျောင်းသား ။ ။ ဒိဋ္ဌိတော့ နားမလည်သေးဘူးဘုရား။ တပည့်တော် ကြိုးစားပါ့မယ်ဘုရား။ Only awreness သတိနှင့်က သောကကို ဘယ်လိုလုပ်တာလဲဆိုတာ သိပါရစေ ဘုရား။

ဦးဇင်း ။ ။ အဲဒါကတော့ ရှုမှတ်မှုနဲ့ ပယ်တာပါပဲ။ ပမာပြုရရင် ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ ဒိဋ္ဌိဗျသန၊ သီလဗျသနဆိုပြီး ပျက်စီးခြင်း တရားငါးပါး[၁] ရှိတယ်။

စက်မှုကျောင်းသား ။ ။ ဘုရားရှိခိုးထဲမှာပါတဲ့ ဗျသန တရားငါးပါးဟာ ပျက်စီးခြင်း တရား ငါးပါးလားဘုရား။ တပည့်တော် အဓိပ္ပါယ် မသိဘူးဘုရား။

---

၁။ ဗျသနသုတ္တ၊ ဂိလာနဝဂ္ဂ ၊ပဉ္စကနိပါတသုတ္တ၊ အင်္ဂုတ္တရပါဠိ၊ နှာ-၁၆၁

ဦးဇင်း ။ ။ ဟုတ်ပါတယ်၊ ဉာတိဗျသန ဆိုတာကတော့ ဆွေမျိုးသားချင်း၊ သားတွေ၊ မယားတွေ၊ လင်တွေ၊ အဖေတွေ၊ အမေတွေ ပျက်စီးတာပါ။ ဘောဂဗျသနဆိုတာကတော့ ပစ္စည်းဥစ္စာ စည်းစိမ်းတွေ ပျက်စီးတာပေ့ါ။ ရောဂါဗျသန ရောဂါဘယဖြစ်ပြီး ကုသမရနိုင်တော့လို့ သေအံ့ဆဲဆဲဖြစ်တဲ့ အခြေအနေတွေလည်း ပါတာပေ့ါ။ သီလဗျသန ဆိုတာကတော့ အကျင့်သီလနဲ့ ပတ်သက်လို့ ပျက်ယွင်းတာပါပဲ။ အဲလိုမျိုးကြုံကြိုက်တဲ့အခါမှာ သတိကို မြဲမြဲထားပြီး ရှုမှတ်မှုနဲ့ ပယ်တာပါ။

စက်မှုကျောင်းသား ။ ။ တရားထိုင်တာ၊ စင်္ကြံလျှောက်တာ၊ ရိပ်သာတွေ ဝင်တာမျိုးပေ့ါနော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အဲဒီအချိန်မှာ တရားတွေ နာကြား၊ သတိပဋ္ဌာန်ကို ကြိုးစားပွားများပြီးတော့၊ ဖြစ်နေတဲ့ Situation ကို နားလည်နိုင်အောင်၊ လက်ခံနိုင်အောင် ကြိုးစားပြီး သောကကို ငြိမ်းအောင် အေးအောင် လုပ်ရတာပါ။

MA ကျောင်းသား ။ ။ Intuitive awareness နဲ့တော့ နည်းနည်းကွာတယ် ထင်တယ်ဘုရား။

ဦးဇင်း ။ ။ နည်းနည်း မဟုတ်ဘူး။ မောင်ကျောင်းသား အများကြီးကွာတယ်။ Intuitive awareness က ဉာဏ်နဲ့ တိကနဲပယ်လိုက်တာ။ ဒီခန္ဓာ

ရှိလို့ ရောဂါဖြစ်တာ၊ ဒါကြောင့် ရောဂါလည်း ဖြစ်တတ်တယ်။ သေလည်း သေနိုင်တယ်ဆိုတာကို လက်ခံနိုင်သူအဖို့ တကယ်ဖြစ်လာရင် ဒါက ဖြစ်ရိုးဖြစ်စဉ် ဖြစ်စရာရှိလို့ ဖြစ်တယ်ဆိုတာ လက်ခံလိုက်ပြီလေ။ ဒီတော့ သူ့အတွက် ဒါက ဘာမှ မဟုတ်တော့ဘူး။ ဘာမှ မဟုတ်ဘူး။ ဒီထက် မပိုဘူး။ ဒါက ဒီလောက်ပဲ (Just that much)[၁] ဆိုရင် ဘယ်လိုလုပ် ဒေါသဖြစ်ရတော့မလဲ။ စဉ်းစားကြည့်လို့တော့ နားမလည်နိုင်ဘူး။ တရားအားထုတ်ရင်တော့ ဒါကိုကောင်းကောင်း နားလည်နိုင်ပါတယ်။ ဝိပဿနာ တရားအားထုတ်ပြီးမှ ဉာဏ်ရဲ့ သဘောတွေကို နားလည်လာတဲ့ ယောဂီတွေဟာ ဒါကို ကောင်းကောင်း လျှောက်နိုင်ကြပါတယ်။ သူတို့ဘဝမှာလည်း Applied လုပ်ပြီး ဘဝကို သောက ကင်းကင်းနေနေကြတဲ့သူတွေ အများကြီး ရှိနေပါတယ်။

MA ကျောင်းသား။ ။ တပည့်တော် Applied မလုပ်နိုင်သေးဘူးဘုရား။

ဦးဇင်း ။ ။ အင်း. . အဲဒီလို နားလည်နိုင်တဲ့ထိ အားမထုတ်ရသေးလို့ပါ။

MA ကျောင်းသား။ ။ အဲဒီလိုဆို (Only awareness) က (Intuitive awareness) နဲ့စာရင် ပင်ပင်ပန်းပန်း ကျားကုတ်ကျားခဲ လုပ်ရတဲ့သဘောလို့ နားလည်ပါပြီဘုရား။

---

၁။ A Still Forest Pool by Ven. Achaan Chah (P-41), 1987.USA.

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါလေးနား ထောင်ကြည့်ပေ့ါ။ **သာမာန်အားဖြင့် တရားအားမထုတ်တဲ့သူရဲ့ စိတ်အိမ်ကို လောဘ၊ ဒေါသ၊ သောက စတဲ့ ကိလေသာကပဲ မင်းမူကြီးစိုးပြီးနေပါတယ်။ ဝိပဿနာတရားအားထုတ် ရင်တော့ စိတ်အိမ်ကို သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ စတဲ့ ကောင်းတဲ့တရားကလည်း ရံခါနေရာယူတယ်။ ရံခါလည်းပဲ ကိလေသာက** နေရာယူတယ်။[၁]

MA ကျောင်းသား။ ။ ဒါဆို စိတ်က ပကတိ အဖြူထည်ပဲလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မှန်ပါတယ်။ စိတ်အိမ်က ပကတိ အဖြူထည်ပါ။ ကိလေသာက ဝင်ဝင်ပြီး ခြယ်လှယ်လို့ စိတ်အိမ်က ညစ်ညူးရတာ–အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌန္တိ[၂] တဲ့ အာဂန္တုဖြစ်တဲ့ ကိလေသာကြောင့် ခုလို သန့်ရှင်းတဲ့ စိတ်အိမ်က ညစ်ညူးရတာတဲ့။

စက်မှုကျောင်းသား။ ။ သဘောပေါက်ပြီဘုရား။ စိတ်ရယ် လောဘ၊ ဒေါသတွေရယ် သဒ္ဓါ၊ ဝီရိယတွေရယ်ပေ့ါဘုရားနော်။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ တစ်နည်းပြောရရင် ဝိပဿနာတရားအားထုတ်လာရင် စိတ်ကို ရံခါ အကုသိုလ် ကိလေသာက မင်းမူတယ်။ ရံခါ ကုသိုလ် သတိဉာဏ်က မင်းမူတယ် ဟုတ်ပြီလား။

---

၁။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း

၂။ ပဏ္ဏာသိတအင်္ဂုတ္တရပါဠိ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ၊ နှာ (၉)

MA ကျောင်းသား။ ။ သဘောပေါက်ပါပြီဘုရား။
ဦးဇင်း ။ ။ ဒါဆို တရားအားမထုတ်တဲ့သူရဲ့ စိတ်အိမ်ကိုကျတော့ အချိန်ပြည့် ဘာက မင်းမူထားမလဲ။
MA ကျောင်းသား။ ။ ဟုတ်ပြီဘုရား။ ဟုတ်ပြီ။ သဘောပေါက်ပြီ။ သူ့စိတ်ကို အကုသိုလ် လောဘ ဒေါသတွေက အမြဲတစေ အိမ်ရှင်လိုပဲ မင်းမူနေမှာပါဘုရား။ သူ့အဖို့ လောဘ ဒေါသဟာ အာဂန္တုမဟုတ်တော့ဘဲ အိမ်ရှင်ဖြစ်ပါပြီဘုရား။
ဦးဇင်း ။ ။ လောဘ၊ ဒေါသတွေက အိမ်ရှင်ဖြစ်နေတဲ့စိတ်အိမ်ကို သူတို့ မိတ်ဆွေဖြစ်တဲ့ သောကတို့၊ မနာလိုတဲ့ ဣဿာတို့၊ ဝန်တိုတဲ့ မစ္ဆရိယတို့ မာန်မာနတို့ကလည်း လာလာလည်ကြတယ်လေ။
စက်မှုကျောင်းသား။ ။ ဟား. . . ဒါကြောင့် သောကဖြစ်ရတာပေါ့နော် အရှင်ဘုရား။
MA ကျောင်းသား။ ။ တော်တော် ရှင်းရှင်းလာပြီဘုရား။
ဦးဇင်း ။ ။ ခုလို ဗဟုသုတအဖြစ် ရှင်းတာကောင်းပါတယ်။ ဒါမှ စိတ်ကို ဘယ်လို စောင့်ရှောက်ရမလဲဆိုတာ သိလာမှာပါ။ **ပြင်ပပတ်ဝန်းကျင်လောကကတော့ မိမိအတွက် ပြင်ပေးမှာ မဟုတ်ဘူး၊ ကိုယ့်စိတ်ကိုပဲ ပြင်ပြီးတော့ လောကကြီးနဲ့ အဆင်ပြေအောင် နေကြရမှာ၊ ဒါမှ စိတ်ထဲ ဒေါသ**

**ကြောင့်၊ လောဘကြောင့်၊ သောကကြောင့် ဆူးတာ သက်သာမယ်။**

MA ကျောင်းသား။ ။ မှန်ပါဘုရား။ ရဟန်းခံပြီးရင် သဘောပေါက်တဲ့အထိကို ကြိုးစားအားထုတ်မှာပါဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ ဒါပေမဲ့ ခုကတည်းက အားထုတ်ထားတာ ပိုကောင်းပါတယ်။

စက်မှုကျောင်းသား။ ။ လောဘ၊ ဒေါသ၊ မာန်မာန စတဲ့ မိတ်ဆွေတွေ စိတ်အိမ်ကို လာလည်တာ သိပြီဘုရား။ ဉာဏ်ပညာကရော ဘုရား။

ဦးဇင်း ။ ။ ဝိပဿနာတရား အားထုတ်ထားသူရဲ့ စိတ်အိမ်ကြတော့ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတွေက နေရာယူထားကြတော့ သူ့မိတ်ဆွေဖြစ်တဲ့ ပီတိတွေ ပဿဒ္ဓိတွေ၊ ဥပေက္ခာတွေ သမာဓိတွေစတဲ့ ကောင်းတဲ့ မိတ်ဆွေတွေကို ခေါ် ခေါ်ပေးတယ်လေ။ ဒီတော့ စိတ်အိမ်ကို ကောင်းတဲ့တရားတွေက နေရာယူတာ တော်တော်ကြာ လာရင် စိတ်ကလေးက ကြည်လင်လို့ အေးချမ်းလို့နေတယ်။ ဒီတော့ စိတ်ကို ပူလောင်ပင်ပန်း ညစ်နွမ်း စေတဲ့အကောင်တွေကို စိတ်အိမ်မှာ ဝင်ခွင့်မပေးတော့ဘူး။

MA ကျောင်းသား။ ။ သူတို့က အိမ်ရှင်ဖြစ်သွားလို့လားဘုရား။

ဦးဇင်း ။ ။ အရိယာ ဖြစ်ပြီဆိုရင် သူတို့ အိမ်ရှင်ဖြစ်တာပေ့ါ။ ဒါပေမယ့် အရိယာမဖြစ်ခင် ဝိပဿနာဉာဏ်က နေရာဝင်ယူ ထားရင်ကို ကိလေသာက ဝင်ချင်တိုင်း ဝင်လို့ မရတော့ဘူး။ သူ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ မရတော့ဘူး[၁] မောင်ကျောင်းသား။

MA ကျောင်းသား။ ။ တော်တော်သဘာဝကျတဲ့ သဘောတရားပဲဘုရား။

စက်မှုကျောင်းသား။ ။ ဒါဆို သောကကို ခေါ်မဲ့သူ မရှိလို့ သူက ဝင်မရတာ ပေ့ါနော်ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ သတိဉာဏ်ရှိလို့ ကို သူဝင်မရတာ၊ စိတ်ကို ကောင်းတဲ့အုပ်စုက ခြယ်လှယ်လိုက်ပြီမို့ သောကက စိတ်ကို ဘာမှမလုပ်နိုင်တော့တာ။

MA ကျောင်းသား။ ။ နက်နဲတယ်နော် အရှင်ဘုရား။

ဦးဇင်း ။ ။ နက်နဲပါတယ်။ ဥပမာနှင့် ပြောပါဦးမယ်။ တစ်ခါတုန်းက ဒို့ဘဝရဲ့ မီးရှူးတိုင်ပမာ အားထားရတဲ့ ဆရာတော် ဘုရားကြီး လွန်တော်မူပါတယ်။ အဂ္ဂိစျာပန မကျင်းပခင် ရုပ်ကလာပ်ကို နောက်ဆုံးဖူးမြော်ကြရဖို့ ပြင်ဆင်ထား တယ်။ ရုပ်ကလာပ်ဘေးနားမှာ လူယောဂီ၊ ရဟန်း ယောဂီတွေကလည်း ပူဇော်နေကြပါတယ်။ ဆရာတော် ကြီးတစ်ပါးကို ယောဂီတစ်ဦးက တိုးတိုးမေးလျှောက်

---

၁။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း

တယ်။ ''အရှင်ဘုရား ခုလို ရွှေတောင်ကြီး ပြိုလဲသွားတော့ ဝမ်းမနည်းဘူးလားဘုရား''တဲ့။ ရင်းနှီးစွာ မေးလျှောက်လိုက်တဲ့ မေးခွန်းပဲ။

စက်မှုကျောင်းသား။ ။ ရွှေတောင်ကြီး ပြိုတယ်ဆိုတာ ဘာလဲ ဘုရား။

MA ကျောင်းသား။ ။ ဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်စံတာကို တင်စားပြောတာပေါ့ကွာ။

ဦးဇင်း ။ ။ ဒီမေးခွန်းရဲ့အဖြေက သိပ်ကို နက်နဲတယ်။ နားထောင်ကြည့်။ ''ကျေးဇူးရှင်ရဲ့ ရုပ်ကလာပ်ဆိုတဲ့ အာရုံက ဆုံနေတော့ စိတ်အိမ်ကို သောက ပရိဒေဝက ဝင်ချင်နေတယ်။ ဒါပေမယ့် ဉာဏ်က သူတို့ကိုပေးမဝင်စေဘူးတဲ့။

MA ကျောင်းသား။ ။ အံ့ဩစရာကြီးပါလားဘုရား။ တပည့်တော်တော့ တစ်ခါမှ မကြားဖူးဘူး ဘုရား။ အံ့ဩစရာကောင်း လိုက်တာ။ သူတော်ကောင်းတွေရဲ့ စိတ်အိမ်ကျတော့ သတိဉာဏ်ကပဲ အနေများလာတော့ သောက ဝင်ခွင့်မရတာပေါ့ နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်မောင်ကျောင်းသား။ သောကကင်းအောင် နေနိုင်တဲ့ ဗုဒ္ဓနည်းပါပဲ။ တစ်ခြား သာသနာမှာ ဒီလိုနည်းမျိုး မရှိပါဘူး။

MA ကျောင်းသား။ ။ နက်နဲလှပါတယ်ဘုရား။ နက်နဲ

လွန်းပါတယ်ဘုရား။သဘော ထားမှန် Right attitude နှင့် ပယ်တာကိုလည်း သိခွင့်ရလိုပါသေးတယ်။

ဦးဇင်း ။ ။ Right attitude နဲ့ ပတ်သတ်တာကတော့ သဘောထားမှန်အောင် ထားတာပါ။ ဖြစ်လာတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီးတော့မှ သဘောထား မှန်မှန်ကန်ကန် ထားဖို့ပါပဲ။ ဥပမာ ဆိုကြပါစို့ မိမိမှာ ရောဂါဗျာသန ဘေးကြုံလို့မို့လို့ သေအံ့ဆဲဆဲဖြစ်သွားတယ် ဆိုပါစို့၊ သြော်. . . မဆိုဆိုလဲ တစ်နေ့ကြရင် သေနိုင်တာပါပဲ။ ခုလို ရောဂါဘယဖြစ်ပြီး ဆေးဝါးကုသမှုခံယူရင်းနဲ့ သေရမယ်ဆိုလဲပဲ တော်သေးတာပေါ့လို့ ဖြေနိုင်တာမျိုးပါပဲ။

MA ကျောင်းသား။ ။ မှန်ပါဘုရား။ အသက်အရွယ်ကြောင့်လည်း ဖြေလို့ရတာပေါ့နော်။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ဥပမာအားဖြင့် အသက်လေးဆယ်လောက်မှာ သေအံ့ဆဲဆဲဖြစ်တယ်။ ဒါမှမဟုတ် ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ဆုံးရှုံးမှု ကြုံဆုံတယ် ဆိုပါစို့။ သြော်. . . တော်သေးတာပေါ့။ အသက်လေးဆယ် လောက်ထိ နေခွင့်ရပေလို့။ အသက်သုံးဆယ်လောက်၊ အသက်နှစ်ဆယ်လောက်နဲ့ သေကြတာ တစ်ပုံကြီး။ ခုလေးဆယ်ထိ ငါနေခွင့်ရခဲ့တာဆိုတော့ ကံကောင်းလိုက်တာ အဲဒီလို နှလုံးသွင်းတာ ကိုဆိုလိုတာပါ။

အဲဒီအတိုင်းပဲ မီးဘေး၊ ခိုးဘေး၊ မင်းဘေးစတဲ့ ဘေးတွေကြုံတဲ့အခါမှာလည်း လူမှ မသေပဲ တော်ပါ သေးတယ်။ ဒီလောက်လေးပဲ ဆုံးရှုံးသွားတာ အဲဒီလိုပဲ နှလုံးသွင်းရတာပါ။

စက်မှုကျောင်းသား။ ။ အဲဒီလိုဖြေတိုင်းတော့ မရ လောက်ဘူး ထင်တယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဖြေတိုင်းမရဘူး။ ဖြေသခိုက်လေး။ **အဲဒီအသိ ကလေး ရှိနေတဲ့ တစ်ခဏတာတော့ ရတယ်။** နည်းနည်းကြာရင် ဟိုဘက်က အားကြီးရင် ကြီးသလို သောကပြန်ဖိလာပြန်တာပဲ။ တစ်ဖက်က ယောနိ သောမနသိကာရ အားကြီးရင် ကြီးသလို ဖိထားလို့ ရသလို ဟိုဘက်က အားကြီးရင်လည်း ကြီးသလို ပြုလာတတ်တယ်။ အရိယာဉာဏ်နဲ့ အပြီးဖြတ်ထား သလိုတော့ မဟုတ်ဘူး။ ဝိပဿနာ ဉာဏ်နဲ့ ဖြတ်ထား သလိုလဲ မဟုတ်ဘူး။ ဒါပေမယ့် ဒါဟာ အလွန် လုပ်ရမယ့်ကိစ္စ၊ အလွန်လုပ်ကောင်းတဲ့ ကိစ္စပါပဲ။ အဲဒီလိုမှ မလုပ်ရင် သောကက ထုထည်ကြီးပြီး ဒုက္ခ ပေးတော့မယ်၊ ငိုကြွေး ပူဆွေးရတော့မယ်။ ဒီမှာလည်း ဖြေနည်းတစ်ခုရှိသေးတယ်။

စက်မှုကျောင်းသား။ ။ သိပါရစေဘုရား။

ဦးဇင်း ။ ။ ဥပမာနှင့်ပြောမှ ပိုရှင်းတော့ မယ်။

MA ကျောင်းသား။ ။ မှန်ပါဘုရား၊ ဥပမာနှင့်ဆိုရင် ပိုပြီး မှတ်မိနိုင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ အိမ်တံခါး၊ ခြံဝင်းတံခါးကို ပိတ်ပြီးတော့ မိသားစုလိုက် ငပလီကို လေယာဉ်နှင့် အပန်းဖြေခရီး ထွက်သွားလိုက်တာ ( )ဟော်တယ် အခန်းထဲက ကုတင်နှင့် အိပ်ယာခင်း မြင်ရတော့မှ မနက်ခရီးထွက်ခါနီး ကမန်းကတန်း အိပ်ယာပေါ် မီးပူထိုးပြီး ပြန်သိမ်းမိသလား မီးခလုတ်ကော ပိတ်ခဲ့မိရဲ့လားလို့တွေးပြီး စိတ်ပူနေမိသတဲ့။

MA ကျောင်းသား။ ။ မပိတ်မိရင်တော့ အိမ်မီးလောင်နိုင်တာပေါ့နော်။

ဦးဇင်း ။ ။ သူ့ကို ဒီစိတ်ကပဲ ဖိစီးနေတာနှင့် အပန်းဖြေခရီးကို အကျဉ်းချုံးပြီး အိမ်ပြန် ပြေးလာလိုက်တာ အိမ်ရှေ့လည်းရောက်ရော မီးမလောင်ပါဘူး၊ အိပ်ခန်းထဲလည်း ဝင်ရော မီးပူလည်း ကုတင်ပေါ်မှာ မထားခဲ့ပါဘူး။ စိတ်ပူပင် သောက ဖြစ်ရတာပဲ အဖတ်တင်တော့တယ်။

စက်မှုကျောင်းသား။ ။ ဘုရားတပည့်တော်လည်း တက္ကသိုလ်ကျောင်းကို သွားရင် အိမ်မှာ ဖေဖေ မေမေ နေမကောင်းများ ဖြစ်နေမလားလို့ တွေးတွေးပြီး ရံခါ မျက်ရည်ဝိုင်းမိတယ်ဘုရား။ နောက်နေ့မနက်စောစော ဖုန်းဆိုင်သွားပြီး အိမ်ကို မေးတော့ အားလုံး နေကောင်းကြပါတယ်။ စိတ်ပူပင်သောက ဖြစ်ရတာပဲ အဖတ်တင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် စိတ်ပူပန်ရတာရဲ့ ၉၀%ကျော်က လက်တွေ့ဘဝမှာ မကြုံဆုံရဘဲ၊ သက်သက်မဲ့ အချည်းနှီးသာ

ပူပန်နေကြတာပဲလို့ ဆင်ခြင်ရင်လည်း သောကငြိမ်းပါတယ် မောင်ကျောင်းသား။

MA ကျောင်းသား။ ။ ဒါလည်း သောကဖြေဖျောက်တဲ့ နည်းလမ်းကောင်းတစ်ခုပါပဲဘုရား။

စက်မှုကျောင်းသား။ ။ ဒီနည်းလောက်တော့ တပည့်တော် သုံးနိုင်မှာပါဘုရား။ အရှင်ဘုရား နောက်ဆုံးနည်းဖြစ်တဲ့Diversion နည်းကိုလည်း တပည့်တော် သိချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ အင်း. . . ဒါကတော့ လမ်းလွှဲ ဖြေရှင်းနည်းပါပဲ။ ဖြစ်ပေါ်လာတဲ့ သောက ပရိဒေဝ အသီးသီးသော ဒုက္ခမီးတွေကို လမ်းလွှဲပြီး ဖြေရှင်းလိုက်တာ။

MA ကျောင်းသား။ ။ ဘယ်လိုလမ်းလွှဲတာလဲဘုရား။

ဦးဇင်း ။ ။ သူက ပမာအားဖြင့် စိတ်ဆင်းရဲလွန်းလို့ လှက်ရည်ဆိုင် သွားထိုင်တာလည်း ပါတာပေါ့။ အယုတ်ဆုံးအားဖြင့်။

စက်မှုကျောင်းသား။ ။ ဟာ. . . ဒါဆိုလို့ရှိရင် ကာရာအိုကေ ဆိုတာလည်း ပါမှာပေါ့။ သီချင်းဆိုတာလည်းပါမှာပဲ။ ဂစ်တာတီးတာလည်း ပါမှာပဲဘုရား။

MA ကျောင်းသား။ ။ စိတ်ညစ်လို့ ရေချိုးခန်းထဲမှာ သီချင်းအော် ဆိုတာရော

ပါမယ်ထင်တယ်ဘုရား။

ဦးဇင်း ။ ။ ဒါက မောင်ကျောင်းသားတို့ သုံးနေကြထင်တယ်။ ပြော ပြဖို့လိုသေးလို့လား။

စက်မှုကျောင်းသား။ ။ ဒါကို တပည့်တော်တို့ သုံးမိရက်သား ဖြစ်နေတယ် ထင်တယ်ဘုရား။

ဦးဇင်း ။ ။ မောင်ကျောင်းသားတို့ ကျင့် သုံးတဲ့ နည်းက ဆူးတစ် ချောင်းစူးနေတာကို နောက်ဆူးတစ်ချောင်းနဲ့ နှုတ်ရင်း ကျိုးကျန်ပြီး ဆူးနှစ်ချောင်း ဆူးခံရသလို ဖြစ်တဲ့ နည်းပါပဲ။ အားမကိုးလောက်ပါဘူး။ မရှိသုံး အနေနှင့်ပဲ သုံးကြပါ။ နည်းလမ်းကောင်းတစ်ခုအနေ နှင့်တော့ သဘောမထားစေချင်ဘူး။ သူ့ထက် နိုင်းဆ မရအောင် ကောင်းတဲ့နည်းတွေ ဗုဒ္ဓသာသနာတွင်းမှာရှိတယ်။ အဲဒါကို Applied လုပ်နိုင်ဖို့ Practice လုပ်သင့်တယ် နော်။

MA ကျောင်းသား။ ။ ဘဝတာမှာ သောက မဖြစ် ချင်တော့လို့ ကြိုးစားပြီး လေ့ကျင့်ပါ့မယ်ဘုရား။

စက်မှုကျောင်းသား။ ။ တပည့်တော် သိပ်စိတ်ဝင် စားတယ်ဘုရား။ ကြိုးစား ပါမယ်ဘုရား။

ဦးဇင်း ။ ။ သာဓု၊ သာဓု၊ ကြိုးစား ကြဗျာ။

# မပယ်ဖျက်ရသေးတဲ့ ရင်တွင်းက File တစ်ခုအကြောင်း

ဒေါက်တာအောင်သူသည် တရားအားထုတ်ခြင်းကို ယခင်ကထက်ပို၍ စိတ်အားထက်သန်လာသဖြင့် Casual leave, earned leave ဖြင့် တရားရိပ်သာဝင်ရုံမက လွန်ခဲ့သည့်အပတ်က Leave without pay ဖြင့် တရားစခန်းဝင်ခဲ့ကြောင်း သူ၏ သားမှတဆင့် ကြားသိရပါသည်။ ယနေ့ တရားအားထုတ်ခဲ့သည့် အတွေ့အကြုံကို လျှောက်ထားနိုင်ရန် ကျောင်းသို့ ရောက်လာပါသည်။ မျက်နှာကြည်ကြည်လင်လင်ရှိပြီး သွားလာလှုပ်ရှားမှု တည်တည်ငြိမ်ငြိမ် ရှိနေသည်ကို သတိပြုမိပါသည်။ ထို့ကြောင့် သူ့ထံမှ အခါတိုင်းထက် နက်နဲသည့် တရားစကားများကို ယနေ့ ကြားရလိမ့်မည်ဟု တွေးထင်မိတုန်း မိမိအတွေး မဆုံးခင်မှာပင် ဒေါက်တာအောင်သူ မေးလျှောက်လာသည်မှာ . .

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ငယ်စဉ်ကတည်းက သေသောသူ

ကြာရင် မေ့တယ်လို့ပဲ မှတ်သားခဲ့ဖူးပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်၊ အရပ်ထဲမှာ ဒီလိုပဲ ပြောကြပါတယ်။

Dr. အောင်သူ ။ ။ ဒါပေမဲ့ တကယ်တမ်းကျတော့ မမေ့နိုင်တာကို သတိထားမိလာပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘာကို ဆိုလိုတာလဲ၊

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် တရားအားထုတ်တဲ့အခါမှာ အရင်နှစ်ပရိစ္ဆေဒများစွာက ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံတစ်ခုက အခု လောလောဆယ်မှာ တွေ့ကြုံခံစားနေရသလို ကြုံခဲ့ရပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘယ်တုန်းက ဘာဖြစ်တာလဲ။

Dr. အောင်သူ ။ ။ လွန်ခဲ့တဲ့အပတ်က တရားစခန်းတစ်ခုမှာ တရားအားထုတ်နေတုန်း ဘုရားတပည့်တော်တို့ တရား အားထုတ်နေတဲ့ဓမ္မာရုံအပေါ်ကနေ ရဟတ်ယာဉ် တစ်စင်းက မနိမ့်မမြင့် ဖြတ်ပြီး ပျံသန်းပါတယ်ဘုရား။ ရဟတ်ယာဉ်သံကြောင့် အမှတ်သတိ လွတ်သွားလိုက်တာ ချွေးတွေတစ်ကိုယ်လုံးပြန်တဲ့ထိ ဖြစ်သွားပါတယ်ဘုရား။ ဒါကြောင့် ဘုရားတပည့်တော်က **သေသောသူ ကြာရင်မေ့ ဆိုသလို အကြောင်းအရာ တစ်ခုဟာ ကြာရင် သူ့အလိုလို မေ့ပျောက်သွားတတ်တယ်ဆိုတာ မဖြစ်တန်ကောင်းဘူးလို့ ကောက်ချက်ချမိလို့ပါဘုရား။** မှားရင်လဲ ပြင်ပေးတော်မူပါဘုရား။

ဦးဇင်း ။ ။ ဘုရားဟော အင်္ဂုတ္တိုရ် ပါဠိတော် လေခသုတ်မှာ ဖော်ပြထားတာ ရှိတယ်။ **ရေပေါ်ရေးတဲ့စာ၊ သဲပေါ်ရေးတဲ့စာ၊ ကျောက်ခဲပေါ် ရေးထွင်းထားတဲ့စာ သုံးမျိုးပေါ့။**[၁]

MA ကျောင်းသား။ ။ မှန်ပါဘုရား။ အဲဒီစာ သုံးမျိုးက ဘယ်လိုအဓိပ္ပါယ်များ ရပါသလဲဘုရား။

ဦးဇင်း ။ ။ ရေပေါ် အကြောင်းအရာ တစ်ခုကို ရေးလို့ရှိရင် ရေးခါမျှပဲ၊ ဘာမှမကျန်ရစ်ခဲ့တော့ဘူး၊ ပြန်ဖတ်လို့လဲ မရဘူး။

MA ကျောင်းသား။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ သဲပေါ်မှာရေးတာ ဆိုလို့ရှိရင်တော့ လေဒဏ်မိုးဒဏ်တွေနဲ့ လေးငါးခုနှစ်ရက်လောက်တော့ ဖတ်လို့ရမှာပေါ့။ သူလည်း ပျောက်ပျက်သွားမယ်။

Dr. အောင်သူ ။ ။ မှန်လှပါဘုရား။

ဦးဇင်း ။ ။ ကျောက်ဆောင်ကျောက်သားပေါ်မှာ ရေးထွင်းတဲ့စာကျတော့ တော်တော်နဲ့ မပျောက်လွယ်ဘူးပေါ့၊ ထွင်းထုပြီး ရေးထားမိတာကိုး။

Dr. အောင်သူ ။ ။ ကျောက်ဆောင်ကျောက်သားပေါ် ရေးထွင်းတဲ့အက္ခရာက မပျက်လွယ်ဘူး။ တပည့်တော်လည်း ကျောက်ခဲပေါ် ရေးလိုက်မိသလို ဖြစ်သွားတယ်နဲ့ တူတယ်။ တပည့်တော် ဘဝအတွေ့

[၁] လေခသုတ်၊ ကုသိနာရဝဂ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။ နှာ-၂၈၆

အကြံုက ရေပေါ်ရေးတာ၊ သဲပေါ်ရေးတာ မဟုတ်လောက်ဘူး။ ဘုရားတပည့်တော် ဒီအတွေ့ အကြံုက နှစ်ပေါင်းများစွာကြာမှ ပေါ်လာတာပါဘုရား။ ဒါကြောင့် အရပ်ထဲမှာ ပြောဆိုနေကြတဲ့ ကြာရင် မေ့တယ်ဆိုတာက အာရုံနဲ့ပြန်မတိုက်သေးလို့ မပေါ်သေးတာဘဲ၊ အာရုံနဲ့ပြန်တိုက်မယ်ဆိုရင် အသစ်စက်စက်ပဲ ပြန်ဖြစ်တတ်ပါတယ်။

MA ကျောင်းသား။ ။ ဘယ်လိုအတွေ့အကြုံများလဲဖေဖေ။

Dr. အောင်သူ ။ ။ ပြောရမှာ ရှက်တော့လည်း ရှက်စရာ ကောင်းပါတယ်။

ဒါပေမဲ့ တပည့်တော် လျှောက်ထားပါမယ်ဘုရား။

MA ကျောင်းသား။ ။ သားတို့ တစ်ခါမှမသိရသေးဘူးလား။

Dr. အောင်သူ ။ ။ မေ့ပျောက်နေတော့ မပြောမိတာလည်း ပါမှာပေါ့လေ။

ဒါကြောင့် သားတို့ မသိရသေးဘူးနဲ့ တူပါတယ်။

ဦးဇင်း ။ ။ ဘယ်လို အကြောင်းအရာများပါလိမ့်မလဲ၊ ပြောလို့ဖြစ်မှပဲ ပြောပြပါလေ၊ ပြောလို့မဖြစ်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ သိပ်ဆန်လွန်းရင်တော့ မပြောချင်ရင်လည်း မပြောဘဲနေလို့ရပါတယ်။ သဘောတရားကတော့ အာရုံနဲ့မတိုက်လို့ မပေါ်တာပါ။ အာရုံနဲ့တိုက်ရင် ပေါ်တတ်တယ်ဆိုတာ နားလည်ရင် လုံလောက်ပါတယ်။ ဒကာကြီးမှာ အတွေ့အကြုံ ရှိပြီးပြီပဲ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ တပည့်တော်ရဲ့ အတွေ့အကြုံ တကယ့် ဖြစ်ရပ်ကို တပည့်တော် လျှောက်တင်ပါမယ်ဘုရား။ တပည့်တော် အလုပ်ဝင်ခါစလောက်က ဖြစ်ပါတယ် ဘုရား။

MA ကျောင်းသား ။ ။ ကြာပြီပဲဖေဖေ။

Dr. အောင်သူ ။ ။ ဟုတ်တယ်၊ သားတို့ မမွေး လောက်သေးဘူး။ အဲဒီ တုန်းက ဘုရား တပည့်တော် တာဝန်နဲ့ ပူတာအိုကို သွားရပါတယ် ဘုရား။

ဦးဇင်း ။ ။ မန္တလေးကနေ ပူတာအိုကို သွားရတာလား။

Dr. အောင်သူ ။ ။ မန္တလေးကနေ ပူတာအိုကို တိုက်ရိုက်သွားလို့မရဘူး ဘုရား၊ တပည့်တော် မန္တလေးကနေ မြစ်ကြီးနားကို ရထားနဲ့သွားပြီး မြစ်ကြီးနားကနေတဆင့် ပူတာအိုကို လေယာဉ်စီးရတာပါ ဘုရား။ အဲဒီတုန်းက ကြုံခဲ့တဲ့ သည်းထိတ်ရင်ဖို အတွေ့အကြုံတစ်ခုဟာ အခု တရား အားထုတ်တဲ့အခါကျမှ အသစ်စက်စက်ဖြစ်လာပြီး၊ ချွေးတွေပြန်ပြီး တပည့်တော် ခြေဖျားလက်ဖျားတွေ လည်း အေးသွားတယ် ဘုရား။ တုန်လှုပ် ချောက်ခြား သွားပြီး၊ တပည့်တော် အခုပဲ ခံစားနေရသလိုပဲ ဘုရား။

ဦးဇင်း ။ ။ ဘယ်လိုအတွေ့အကြုံပါလိမ့်။

Dr. အောင်သူ ။ ။ တပည့်တော်တို့ လေယာဉ်ပျံ မြစ်ကြီးနား လေယာဉ်ကွင်း

ကနေ ပူတာအိုကို တက်သွားတယ်ဘုရား။

MA ကျောင်းသား။ ။ ပူတာအိုနဲ့ မြစ်ကြီးနားက ပျံသန်းချိန် Flying hour ဘယ်လောက်ရှိပါသလဲ ဖေဖေ။

Dr. အောင်သူ ။ ။ Not more than one hour ပါပဲ၊ တစ်နာရီထက်မပိုပါဘူး။ အတိအကျတော့ မေ့နေပြီသား၊ အဲဒါနဲ့ လေယာဉ်ပေါ်မှာ လက်ပတ်နာရီ ကြည့်မိတယ်။ လေယာဉ်တက်လာတာ တစ်နာရီကျော်နေပြီ၊ ရာသီဥတုကလဲ ကောင်းနေတယ်။ အခုထိ မဆင်းရသေးဘူး။

MA ကျောင်းသား။ ။ ပူတာအိုလေယာဉ်ကွင်း ရောက်ပြီပေါ့ ဖေဖေ။

Dr. အောင်သူ ။ ။ Flying Hour နဲ့ ရောက်ပြီလို့ပဲ ယူရမှာပေါ့။ တစ်နာရီမပြည့်တဲ့ခရီးဟာ တစ်နာရီကျော်နေပြီ မဆင်းရသေးဘူး။ ရာသီဥတုကလဲ ကောင်းနေတယ်ဆိုတော့ ဘာများပါလိမ့်မလဲလို့ သတိထားမိတယ်၊ လေယာဉ်ကွင်းဆင်းဖို့ နီးပြီ။ ခါးပတ်ပတ်ပါဆိုတာကိုလဲ စောစောက လေယာဉ်မောင်က ကြေညာသေးတယ်၊ ဒါကြောင့် ခရီးသည်တွေလဲ ခါးပတ်ကို ပတ်ထားကြတယ်၊ ဒါပေမဲ့ လေယာဉ်က မဆင်းသေးဘူး။

ဦးဇင်း ။ ။ ဘာလေယာဉ်အမျိုးအစားလဲ?

Dr. အောင်သူ ။ ။ ဖေါ်ကာလေယာဉ် အမျိုးအစားပါဘုရား။ ဟိုတုန်းကတော့ လေယာဉ်နံပါတ်တောင် မှတ်မိပါတယ်။

အခုတော့ လေယာဉ်နံပါတ်ရဲ့ရှေ့က XY ဆိုတာကိုပဲ မှတ်မိတယ်။ နောက်က အက္ခရာကို မမှတ်မိတော့ဘူး။ အဲဒါနဲ့ တစ်နာရီသာသာရှိတဲ့ အခါမှာ လေယာဉ်ဝန်ထမ်းကကြေညာတယ်၊ ''လေယာဉ်ဟာ ဘီးချမရလို့ လေယာဉ်ကွင်းကို မဆင်းနိုင်သေးပါဘူးတဲ့။ ဒါကြောင့် ခရီးသည်များ ခါးပတ်ပတ်ထားကြဖို့၊ ဆေးလိပ်တွေ မသောက်ဖို့နဲ့၊ လေယာဉ်က အခုကြိုးစားပြီးတော့မှ ကွင်းကို ထိုးဆင်းပြီးတော့မှ ပြန်ပြီး ထိုးတက်မယ်'' တဲ့၊ အဲဒီလို လုပ်တဲ့အခါမှာလဲ တစ်ခါတစ်လေ ဘီးကျတတ်တယ်လို့ ဆိုတာကို အသိပေးတဲ့အခါကျမှခရီးသည်တွေ လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။

MA ကျောင်းသား။ ။ ဒါဆို လေယာဉ်ဆင်းတာ မဟုတ်သေးဘူးပေါ့ ဖေဖေ။

Dr. အောင်သူ ။ ။ ဟုတ်တယ် လေယာဉ်က ဘီးမကျသေးလို့ ကျအောင်ကြိုးစားတဲ့ သဘောမျိုးနဲ့ တူပါတယ်။ သေချာတော့ ဖေဖေလဲ နားမလည်ဘူး။

MA ကျောင်းသား။ ။ ဒါနဲ့ ဘီးကျပြီလား ဖေဖေ။

Dr အောင်သူ ။ ။ ခဏလေးနေတော့ လေယာဉ်က ထိုးဆင်းတာကတော့ အမှတ်တမဲ့ပဲ သိပ်သတိမထားမိဘူး၊ ထောင်တက်သွားတာကိုတော့ သတိထားမိတယ်။ နောက်ကို နည်းနည်းလန်သွားတာလဲ သတိထားမိတယ်၊ ခဏနေ လေယာဉ်မောင်က ပြန်ပြီးကြေညာပေးတယ်။ ''လေယာဉ်ဘီးချတာ မအောင်မြင်ဘူးတဲ့၊ ဒါကြောင့် ကျနော်တို့လေယာဉ်က ပူတာအိုလေယာဉ်ကွင်း မဆင်းတော့ပဲ

မြစ်ကြီးနားလေယာဉ်ကွင်းကို ဆက်ပြီး ပျံသန်းပါတော့မယ်’’လို့ ကြေညာတယ်။

ဦးဇင်း ။ ။ လာရာခရီးစဉ်ကိုပဲ ပြန်တဲ့သဘောပေါ့။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ အဲဒီတော့မှ တပည့်တော် ခြေဖျား လက်ဖျားတွေ အေးသွားပြီ ဘုရား။ ဘာပြုလို့လဲဆိုတော့ တပည့်တော် ဒုတိယကမ္ဘာစစ်အတွင်းမှာ မဟာမိတ်လေယာဉ်တစ်စင်း ဘီးမကျလို့ Berry landing ဗိုက်နဲ့ ရှပ်ပြီး ဆင်းတဲ့အတွက်ကြောင့် လေယာဉ် မီးလောင်သွားတာကို ဖတ်ဖူးတယ်ဘုရား၊ အဲဒါကို မျက်စိထဲလည်း ကွက်ကွက်ကွင်းကွင်း မြင်လာတယ်ဘုရား။ အဲဒီ ဖတ်ဖူးတဲ့အကြောင်းအရာ ဗဟုသုတက တပည့်တော်ကို ခြောက်လန့်နေပါတယ်။

MA ကျောင်းသား။ ။ ခရီးသည်တွေကရောဖေဖေ။

Dr. အောင်သူ ။ ။ ခရီးသည်တချို့ကတော့ ငိုနေတယ်။ တချို့လည်း ရှုံ့ရှုံ့တွေ ထွက်ကျကုန်တယ်၊ လေယာဉ်ပေါ်မှာ အများစုကတော့ လူကြီးတွေ ပါလာတယ်။

MA ကျောင်းသား။ ။ ဘယ်ကလူကြီးလဲဖေဖေ။

Dr. အောင်သူ ။ ။ ဆိုရှယ်လစ်ခေတ်တုန်းက ဒေသ အစည်းအဝေးပြီးလို့ ပြန်လာကျတဲ့ ဥက္ကဋ္ဌတွေထင်တယ်။ ဆရာဝန်ကတော့ တပည့်တော်တစ်ယောက်ထဲပဲဘုရား။ အဲဒီမှာ တစ်ယောက်က စိတ်ဖောက်ပြန်သလိုဖြစ်ပြီး တအားရယ်နေတော့တယ်။ လေယာဉ်မောင်က အဲဒီလူဆီ

သွားပြီး မစိုးရိမ်ဖို့၊ လေယာဉ် ကောင်းမွန်စွာ ဆင်းနိုင်အောင်ကြိုးစားနေတဲ့အကြောင်း မြစ်ကြီးနား လေယာဉ်ကွင်းရောက်တော့မယ် ဆိုတဲ့အကြောင်း ပြောပြီး ချော့သော်လည်း ခဏပဲငြိမ်ပြီး ပြန်ရယ်နေတာပဲ။

MA ကျောင်းသား။ ။ သူတို့လေယာဉ်ပေါ်မှာ ဆရာဝန်ပါတာ မသိဘူးလား ဖေဖေ။

Dr. အောင်သူ ။ ။ ခဏနေတော့ သူတို့ သတိရတယ်နဲ့တူတယ်၊ လေယာဉ်ပေါ်မှာပါတဲ့ ခရီးသည်စာရင်းကို ကြည့်မိသလား မသိဘူး၊ တပည့်တော်ဆီကို လာပြီး အကူညီပေးနိုင်မလားလို့မေးတယ်။ ဖေဖေကလဲ ဆေးတွေလဲမပါဘူး၊ ရုံးလုပ်ငန်းကိစ္စတစ်ခုနဲ့သွားတာမို့ စာရွက်စာတမ်းတွေပဲပါတယ်။ အကြံဉာဏ်လောက်ပဲ ပေးနိုင်လိမ့်မယ် ထင်တယ်လို့ ပြောလိုက်တယ်။ အဲဒီအချိန်မှာ အမျိုးသမီးနှစ်ယောက်ကျတော့ တရွှတ်ရွှတ်ငိုနေကြတယ်ဘုရား။

ဦးဇင်း ။ ။ ဆက်ပြီး ဘာဖြစ်သလဲ။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ရယ်တဲ့လူဆီသွားပြီး ကြည့်ပေးပါတယ်။ စိတ်ထိန်းဖို့လဲ အားပေးပါတယ်။

MA ကျောင်းသား။ ။ ဖေဖေရော စိတ်ထိန်းလို့ရပြီလား။

Dr. အောင်သူ ။ ။ သူများ စိတ်ထိန်းဖို့ပြောနေရတာ၊ တာဝန်တော့ လေးသားပဲ၊ ဟန်ကိုယ့်ဖို့ လုပ်ပြီးပြောနေရတာပါပဲ။ လေယာဉ်ထဲက Air Condition လည်း မအေးတော့

ဘူး။ ဖေဖေမှာလည်း နပ်ဖူးကရော၊ ချိုင်းတွေကရော ချွေးတွေ ပြန်လာလိုက်တာ စိုရွှဲနေပြီ၊ တချို့ကလည်း အီးအီးတောင် ပါကုန်ကြသလားမသိဘူး၊ အန်တဲ့ လူလည်း အန်နေကြပြီ၊ လေယာဉ်ပေါ်မှာလဲ နံလို့နေပြီ၊ ဆူညံနံစော်နေတာဘုရား အနိဋ္ဌာရုံပါပဲ။

MA ကျောင်းသား။ ။ ကြောက်ချေးပါတယ်ဆိုတာ ရှိတာပေါ့နော် ဖေဖေ။

Dr. အောင်သူ ။ ။ ဒီလိုပဲ ပြောရမလားမသိဘူး။ ဒါနဲ့ လေယာဉ်ပျံက ကြေညာ

ပေးတယ်၊ ''မကြာခင် မြစ်ကြီးနားလေယာဉ်ကွင်းကို ရောက်တော့မဲ့အကြောင်း ခါးပတ်များ ပတ်ထားဖို့ပြော တယ်။အဲဒီအချိန်ကျမှရယ်တဲ့လူလည်း တိတ်သွား တယ်၊ ငိုတဲ့သူလဲ တိတ်သွားတယ်။

ဦးဇင်း ။ ။ စိတ်အားတွေ တက်သွား တယ်နဲ့ တူတယ်။

Dr. အောင်သူ ။ ။ မှန်ပါ စိတ်အားပဲ တက်ရော့ သလား မသိပါဘုရား။

လေယာဉ်ပြူတင်းပေါက်ကနေကြည့်တော့ မြစ်ကြီးနား လေယာဉ်ကွင်းကို မြင်နေရတယ်။ လေယာဉ်က မဆင်းဘူး၊ ကွင်းကိုပတ်နေတယ်။

MA ကျောင်းသား။ ။ ဘယ်နှစ်ပတ်လောက် ပတ်တာလဲ ဖေဖေ။

Dr. အောင်သူ ။ ။ နှစ်ပတ်လောက်ပတ်တာ လား၊ သုံးပတ်လောက် ပတ်

တာလား၊ အဲဒါ အသေချာတော့ မသိဘူး၊ လေယာဉ် ကောင်းကောင်းမွန်မွန်မှ ဆင်းနိုင်ပါ့မလား ဆိုတာပဲ

စိုးရိမ်စိတ်တွေများနေတယ်၊ တစ်ချို့လဲ သူတို့ ဘာသာဆိုင်ရာဝတ်ပြုဆုတောင်းနေကျတာလဲ အတော်ကျယ်ကျယ်လောင်လောင် ကြားနေရတယ်။ ဒါကြောင့်ဖေဖေလဲ သတိရတာနဲ့ သမ္ဗုဒ္ဓေဂါထာ ရွတ်တာပဲ၊ စိတ်ကတော့ မတည်ငြိမ်ပါဘူး၊ ဒါနဲ့ ခဏနေတော့လေယာဉ်ကကြေညာပြန်တယ်။ မြစ်ကြီးနား လေယာဉ်ကွင်းမှာ ဆင်းခွင့်မပြုတော့ဘဲ မန္တလေး လေယာဉ်ကွင်းမှသာ ဆင်းခွင့်ပြုတယ်အကြောင်းကိုလဲ ကြေညာရော ငိုသံတွေ ရယ်သံတွေ ပြန်ဆူညံသွားတယ်။ ခုတော့ ရယ်တဲ့လူက နှစ်ယောက် ဖြစ်သွားတယ်။

ဦးဇင်း ။ ။ စိတ်ဓာတ်တွေ ခြောက်ခြားကုန်တယ်နဲ့ တူတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား ဖြစ်နိုင်ပါတယ်။ ဒါနဲ့ တခါ လေယာဉ်မောင်က လာပြီး ဆရာ အကူညီပေးနိုင်မလားလို့မေးတယ်။ သူ့လက်ထဲမှာလည်း ဆာလ်ဖာတို့၊ ဘယ်စပရိုတို့၊ ပရုပ်ဆီဘူးနဲ့ ရှူဆေးတို့ပါတယ်။ ဆေးတွေတော့ ဒါလေးတွေပဲ ယူခဲ့တယ်လို့ ပြောရှာတယ်။ ဒါနဲ့ ဘုရားတပည့်တော်လည်း ငိုနေ ရယ်နေတဲ့သူတွေဆီ သွားပြီး သွေးခုန်နှုန်းလေး ဘာလေး စမ်းကြည့်ပြီးတော့မှ အဲဒီဆေးလေး သောက်လိုက်ရင် ခင်ဗျား သက်သာသွားမှာပါ။ ဆေးပြား တစ်ဖွဲ့ဖွဲ့ပြီး ရေနဲ့ သောက်ခိုင်းလိုက်ရတယ်။

MA ကျောင်းသား။ ။ ဆာလ်ဖာနဲ့ စိတ်ငြိမ်တာနဲ့ ဘယ်လို ပတ်သက်လို့လဲ ဖေဖေ။

Dr. အောင်သူ ။ ။ ဘယ်လိုမှတော့ မပတ်သက်ဘူး၊ Psycho နဲ့ပဲ ကုရတော့တာလေ။

ဦးဇင်း ။ ။ အဲဒီတော့ အငိုအရယ်တွေ တိတ်ကျပြီလား။

Dr. အောင်သူ ။ ။ ခဏနေတော့ နှစ်ယောက်စလုံး အရယ်ရပ်သွားကြတယ်။

MAကျောင်းသား ။ ။ မန္တလေးကို ဘယ်လောက်ကြာကြာ ပျံ့သန်းရသလဲ ဖေဖေ။

Dr. အောင်သူ ။ ။ မန္တလေးကိုတော့ ဘယ်လောက်ကြာကြာပျံသန်းရတယ် မမှတ်မိပါဘူး။ တစ်နာရီကျော်နဲ့ တူတယ်၊ မမှတ်မိတော့ဘူး။

ဦးဇင်း ။ ။ ဒကာကြီးရော သမ္ဗုဒ္ဓေလည်း ရွတ်ရင်း၊ လူမမာလည်းကုရင်း ကိုယ့်အတွက်ရော ဆုတွေမတောင်းဘူးလား။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် တုန်လှုပ်ခြောက်ခြားနေတာပဲ ရှိတယ်ဘုရား။ အဲဒီတုန်းက ဘုရားတပည့်တော် ဖတ်ဖူးခဲ့တဲ့ ဒုတိယ ကမ္ဘာစစ်အတွင်းက အတွေ့ကြုံနဲ့ ပတ်သက်တဲ့ လေယာဉ် Berry Landing ဗိုက်နဲ့ရပ်ဆင်းလို့ရှိရင် ဘယ်လောက် အန္တရာယ်များတယ် ဆိုတာကိုပဲ ဘုရားတပည့်တော်ခေါင်းထဲမှာ ခဏခဏဝင်ဝင်နေတယ်။ ဘုရားတပည့်တော် ခြေထောက်ချထားတဲ့ လေယာဉ်ကြမ်းခင်းအောက် လေယာဉ်ရဲ့ဗိုက်က လေယာဉ်ပြေးလမ်း မြေကြီးနဲ့ ထိလိုက်တာနဲ့ မီးထတောက်မှာ

သေချာတယ်ဘုရား၊ အဲဒီလို တွေးနေတုန်း လေယာဉ်ပေါ်က တာဝန်ရှိသူတွေက ''လေယာဉ်ပျံ မန္တလေး လေယာဉ်ကွင်းကို ချက်ခြင်းဆင်းမှာ မဟုတ်တဲ့ အကြောင်း ပျံသန်းဦးမှာဖြစ်တဲ့အကြောင်း ဆီကုန်ပြီးမှ ကွင်းဆင်းမှာဖြစ်တဲ့အကြောင်း'' သူတို့ ဆက်ပြီး ကြေညာပေးတယ်ဘုရား။

MA ကျောင်းသား။ ။ ဖေဖေတွေးတာနဲ့ အကိုက်ပဲ ပေါ့။

Dr. အောင်သူ ။ ။ ဟုတ်တယ် ဒီလိုပဲ ဖြစ်တော့ မှာပဲ။ မီးလောင်မှာဆိုတာ ကိုပဲ တပည့်တော် အပိုင်တွက်ထားမိတော့တယ်။ တပည့်တော်စိတ်က သိပ်ကို ခြောက်ခြားနေတယ် ဘုရား။ တပည့်တော် ရင်တွေတုန်လာတယ် ဘုရား။

ဦးဇင်း ။ ။ တစ်နေ့နေ့တော့သေမှာ၊ သေတဲ့အခါ သက်သက်သာသာ အေးအေးချမ်းချမ်း သေပါရစေလို့ ဆုတောင်းလေ့ရှိတဲ့ သီတင်းသုံးဖော် ဆရာတော် တစ်ပါးထံ နေဖူးတယ်။ ဒါပေမဲ့ ကံကြောင့်ရရှိထားတဲ့ ဒီခန္ဓာက ဘယ်လို သေမယ်ဆိုတာ ဘာမှကို ပြောမရဘူး။ ကိုယ်ပြုခဲ့ဖူးတဲ့ ကံအတိုင်းပဲလို့ လက်ခံနိုင်ရပါမယ်။

MA ကျောင်းသား။ ။ ပြုပြင်လို့မရတဲ့ သဘာဝလို့ ယူရမှာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ **သေတာဟာ process of life, part of life လို့ ယူနိုင်ရမယ်။**

Dr အောင်သူ ။ ။ ယူနိုင်ဖို့တော့ အတော်ကို

ကြိုးစားရမယ်ထင်တယ်ဘုရား။

ဦးဇင်း ။ ။ တရားအားထုတ်ပါ။ တရား အသိဉာဏ်က ဆုံးဖြတ်ပေးပါလိမ့်မယ်။ သာသနာ့ဥသျှောင် အရှင်မဟာမောဂ္ဂလန် အရိုက်ခံရပြီး ပရိနိဗ္ဗာန်စံရတယ်။ အရှင်သာရိပုတြ မထေရ်မြတ်ကြီး သွေးတွေအန်ပြီး ပရိနိဗ္ဗာန်စံရတယ်။

MA ကျောင်းသား။ ။ ဒါဆိုရင် ကိုယ်ကကော ဘာမို့လို့လဲလို့ တွေးမိတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ကိုယ်က ဘာမို့လို့လဲ၊ လေယာဉ်ပျက်ကျပြီးလည်း သေနိုင်တာပဲ။ လေဖြတ်ပြီး နာတာရှည်ရောဂါနှင့်လည်း သေနိုင်တာပဲ။

Dr. အောင်သူ ။ ။ သေတာကို part of life ဆိုတာ နည်းနည်းတော့ လက်ခံလာနိုင်ပါပြီ ဘုရား။

ဦးဇင်း ။ ။ **ကံ ကံ၏အကျိုးကို လက်ခံနိုင်ရင်တော့ သေခြင်းကို process of life အနေနှင့် လက်မခံနိုင်စရာ မရှိပါဘူးဗျ။**

Dr. အောင်သူ ။ ။ ဘုရားတပည့်တော်က သေခြင်းနှင့် ရှင်ခြင်းကို ဆန့်ကျင်ဖက်လို့ ယူထားမိတာဘုရား။

ဦးဇင်း ။ ။ တရားတွေနာကြား၊ တရားတွေ အားထုတ်လာရင် စိတ်

ခေတ်တွေ၊ ယူဆချက်တွေ ပြင်ဖြစ်သွားမှာပါ။

MA ကျောင်းသား ။ ။ မှတ်သားစရာကောင်းပါတယ်ဘုရား။ မန္တလေးကွင်းမှာကျတော့ ဘယ်လိုဆင်းဖြစ်သွားသလဲ ဖေဖေ။

Dr. အောင်သူ ။ ။ မန္တလေးကွင်းမှာ ချက်ခြင်းမဆင်းဖြစ်သေးဘူး။ လေယာဉ်ဆီကုန်အောင် ပျံသန်းရသေးတယ်၊ တော်တော်ကြာတယ်။

ဦးဇင်း ။ ။ လေယာဉ်ပေါ် ဒကာကြီးတို့ရောက်တဲ့အချိန်က တော်တော် ကြာပြီပေါ့နော်။

Dr. အောင်သူ ။ ။ လေယာဉ်ပေါ်ကို တပည့်တော်ရောက်တဲ့အချိန်ကစပြီး တွက်ရင် အချိန်တော်တော်ကြီးကို ကြာသွားပြီဘုရား။ ပူတာအို အသွားအပြန်က တစ်နာရီ နှစ်နာရီကြာသွားတယ်။ မန္တလေး မြစ်ကြီးနားက တစ်နာရီနဲ့ဆိုတော့ သုံးလေးနာရီလောက်များ ကြာသွားပြီလား မသိဘူး။ တပည့်တော် လေယာဉ်စတက်တုန်းက မှတ်သားထားတဲ့ နာရီအချိန်လည်း မေ့ကုန်တယ်ဘုရား၊ သတိမရတော့ဘူး၊ မန္တလေး ကွင်းပတ်တော့ ငိုသံတွေကပိုကျယ်လာတယ်။ နောက်ပိုင်းမှာ တချို့ယောက်ျားတွေလည်း ငိုလာကြတယ်။

ဦးဇင်း ။ ။ ခုနက ရယ်တဲ့လူတွေကရော မရယ်တော့ဘူးလား။

Dr. အောင်သူ ။ ။ သူတို့ကတော့ မရယ်တော့ဘူး ဘုရား။

MA ကျောင်းသား ॥ ॥ ဆေးစွမ်းလို့ပေါ့ ဖေဖေ။

Dr. အောင်သူ ॥ ॥ အေးပေါ့လေ၊ ဒါနဲ့ မန္တလေး လေဆိပ် ရောက်ပြီဘုရား၊ ချမ်းမြသာစည် လေဆိပ်ကို မြင်နေရတဲ့အပြင် မီးသတ်ယာဉ်တွေရော လူနာတင်ယာဉ်တွေရောပါ မြင်နေရတယ်၊ ဖြူဖြူနဲ့နီနီတွေ မြင်ရတော့မှ ဘုရားတပည့်တော် တုန်လှုပ်ပြီး တစ်ကိုယ်လုံးခါသွားတယ်။ ငါတို့လေယာဉ် မီးလောင်လို့ရှိရင် မီးငြိမ်းဖို့ မီးသတ်ကားနဲ့ ငါတို့ မကြာခင် လူနာဖြစ်တော့တင်ဖို့ လူနာတင်ယာဉ်တွေပဲ လို့ တွေးမိရော၊ အာစေး လျှာစေး ခတ်လိုက်သလို ဘုရားတပည့်တော် နှုတ်ရော၊ လျှာရော ဘယ့်နှယ်မှ မလှုပ်တတ်တော့ဘူး၊ လေဖြတ်သလို တင်းတင်းကြီးကို ဖြစ်သွားတယ်။

ဦးဇင်း ॥ ॥ လေယာဉ်ကွင်းမှာ ရပ်ထားတဲ့ မီးသတ်ကားနဲ့ လူနာတင်ယာဉ်က လေယာဉ်ပျံကို ကူညီဖို့ဖြစ်မှာပေါ့။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား တပည့်တော်တို့ လေယာဉ် Berry Landing ဗိုက်နဲ့ရှပ်ဆင်းတဲ့အခါမှာ မီးလောင်လိမ့်မယ်။ မီးလောင်လို့ရှိရင် မီးငြိမ်းသတ်ဖို့ ခရီးသည်တွေကို လိုအပ်တဲ့ အကူအညီတွေပေးဖို့ စောင့်နေကြတာပါ ဘုရား။ တစ်ချို့လည်း အဲဒါကိုမြင်လို့ ငိုနေကြတာနဲ့ တူတယ်။

MA ကျောင်းသား॥ ॥ မမြင်သူအဖို့တော့ နားအေးတာပေါ့နော် ဖေဖေ။

Dr. အောင်သူ ॥ ॥ မမြင်ရုံနဲ့တော့ မပြီးသေးဘူး ငါ့သား၊ ခဏနေတို့တွေရဲ့

ခြေထောက်လည်း ပြတ်နိုင်တယ်၊ သေလည်း သေသွားနိုင်တယ်၊ ဒုက္ခိတလူမမာ ကြီးတွေ ဖြစ်နိုင်တယ်ဆိုတာကို နားလည်နေတော့ စိုးရိမ်ကြတာပေါ့။

ဦးဇင်း ။ ။ ဒကာကြီးက ဒါကို နားလည်တာကိုး။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ တပည့်တော်မှာ ဗဟုသုတ များနေတာကိုက ဒုက္ခ ရောက်နေတယ်ဘုရား။ အဲဒီ လေး ငါးနာရီ အချိန်တာဟာ ဘုရားတပည့်တော်ရဲ့ တစ်သက်မက ရှည်လျားလှပါတယ်။ စိတ်ထဲလည်း စိုးရိမ် ပူလောင်လှပါတယ် ဘုရား။

ဦးဇင်း ။ ။ သေမှာကို ကြောက်နေတာပေါ့နော်။

Dr. အောင်သူ ။ ။ အမှန်အတိုင်း ဝန်ခံရရင်တော့ သေမှာကိုကြောက်နေတာပါဘုရား၊ အဲဒီတုန်းက သေမှာကို ကြောက်မှန်းလည်း မသိဘူး၊ ဘာမှန်းလည်း မသိဘူး၊ စိုးရိမ်နေတာပဲ သိတာပါဘုရား။

MA ကျောင်းသား ။ ။ နောက်ဆုံးတော့ လေယာဉ်ဆင်းနိုင်ခဲ့သလား ဖေဖေ။

Dr. အောင်သူ ။ ။ နောက်ဆုံးတော့ လေယာဉ်ဆင်းတော့မည့်အကြောင်း စိုးရိမ် ထိတ်လန့်မှုမဖြစ်ဖို့အကြောင်း ခါးပတ်တွေပတ်ထားဖို့အကြောင်း စိုးရိမ်ထိတ်လန့်မှုမဖြစ်ဖို့အကြောင်းကို အထပ်ထပ် ပြောပါတယ်။ လေယာဉ် Pilot တွေကလည်း အစွမ်းကုန်ကြိုးစားတာပဲဘုရား။

နောက်ပိတ်ဆုံးမှာမှ Berry Landing လုပ်ဖို့ ဗိုက်နဲ့ ရှပ်ဆင်းဖို့ ဆုံးဖြတ်လိုက်တယ်ဘုရား။ ဗိုက်နဲ့ရှပ်ဆင်း လိုက်တာနဲ့ မီးသတ်ကားတို့ လူနာတင်ယာဉ်တွေက နောက်ကလိုက်လာမှာဘုရား၊ တပည့်တော် နားလည် ထားတယ်။

ဦးဇင်း ။ ။ လေယာဉ်ပေါ်က မြင်နေရ တာလား။

Dr. အောင်သူ ။ ။ နောက်ကလိုက်တာ ရှေ့က သွားတာလို့ မမြင်ရပေမဲ့ လုပ်ရိုးလုပ်စဉ်က အဲဒီလို သူတို့လုပ်လိမ့်မယ်၊ နောက် ဆုံး လေယာဉ်ကလည်း ဗိုက်နဲ့ ရှပ်ဆင်းဖို့ ဆုံးဖြတ်ပြီး တော့မှ ဆင်းလည်းဆင်းလိုက်ရော ကံအား လျော်စွာ ဘီးကကျသွားတယ်ဘုရား။

ဦးဇင်း ။ ။ ဟာ ကံကောင်းတာပါလား။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော်တို့လည်း ပဲ ဘီးနဲ့ပဲ ဆင်းသလား၊ ဗိုက်နဲ့ပဲဆင်းသလားဆိုတာ မသိတော့ပါဘူးဘုရား၊ ထူပူနေပါပြီ၊ လေယာဉ်စီးရတဲ့ အချိန်ကာလကြာလို့ ခေါင်းတွေ ညီးစီစီဖြစ်ပြီး ပင်ပန်းနေတာကတစ်ကြောင်း အနံ့အသက်တွေ၊ ကြားနေရတဲ့ ငိုသံတွေ ဆုတောင်း သံတွေ၊ ပြီးတော့ ကိုယ့်ကိုယ်ကို စိတ်မသက်မသာနဲ့ သေမယ်ဆိုတာ သိနေတာတွေကြောင့် ဘုရားတပည့် တော် တော်တော်ကို ပင်ပန်းနေပါပြီဘုရား။

ဦးဇင်း ။ ။ လေယာဉ်ဝန်ထမ်းတွေလဲ စိုးရိမ်နေရှာမှာပဲ။

Dr. အောင်သူ ။ ။ သူတို့ ပိုပြီး စိုးရိမ်ကြမှာပေါ့ဘုရား၊ သူတို့က အတွေ့အကြုံပိုများတော့၊ ရှေ့ဆက် ဘယ်လောက်ထိ ဖြစ်နိုင်တယ်ဆိုတာ ပိုပြီးသိတာပေါ့ဘုရား။ လေယာဉ်ကတော့ ဘီးနဲ့ပဲ ကောင်းမွန်စွာ ဆင်းလိုက်နိုင်ခဲ့တယ်။ လေယာဉ်က Parking ထိတောင် မသွားတော့ဘူး။ Run way အဆုံးမှာပဲ ရပ်လိုက်တယ်။ နောက်တစ်ရက်လောက်နေမှ တစ်ခြားလေယာဉ်နဲ့ တပည့်တော်တို့ သွားရမယ့် ခရီးလမ်းဆုံးကို ပြန်ပို့ပေးပါတယ်။

MA ကျောင်းသား။ ။ ဟာ တော်တော်ကံကောင်းလို့ပဲ ဖေဖေ။

Dr. အောင်သူ ။ ။ ကံကောင်းတာပဲဆိုရမယ်ထင်ပါတယ်။ ဒါပေမဲ့ ဒီကနေ့ဆိုရင် အကြောင်းအရာတွေဟာ သိပ်ကိုကြာခဲ့ပြီ၊ မေ့နေပြီဘုရား။ ဟိုတုန်းကတော့ ဒီအကြောင်းအရာကို မကြာခဏ တွေးမိတယ်ဘုရား။ တစ်ခါတလေ မိတ်ဆွေတွေ ဆုံမိတဲ့အခါမှာလည်း အဲဒီလို သေဘေးက လွတ်ခဲ့တာလို့ ပြောပြဖြစ်တယ်။ အခုတော့ မတွေးဖြစ်တာလည်းကြာပြီ။ မပြောဖြစ်တာလည်းကြာပြီဘုရား။ ဟို တစ်ရက် တရားထိုင်တော့မှ ပေါ်လာတာပါဘုရား။

ဦးဇင်း ။ ။ ပေါ်လာတတ်တယ်။ Delete မှ မလုပ်ရသေးတာကိုး။

Dr. အောင်သူ ။ ။ တင်ပါ့ဘုရား၊ ရဟတ်ယာဉ်က တပည့်တော်တို့နေတဲ့ ကျောင်း၊ ကျောင်း ခေါင်မိုးပေါ်က ခပ်နိမ့်နိမ့် ပျံသွားကတည်းက ဘယ်လို

ဘယ်လို ဆက်စပ်သွားသလဲ မသိဘူး။

ဦးဇင်း ။ ။ ဟုတ်တယ်၊ **နားထဲ ရဟတ်ယာဉ် အသံ ဆုံလိုက်တာက ကို File ဖွင့်ဖို့ ခလုတ် On လိုက်တာပဲ။** (Click လိုက်တာပဲ)

MA ကျောင်းသား။ ။ မှန်ပါဘုရား၊ အရင်ကရှိထားတဲ့ File ဟောင်းက Delete မလုပ်မထားဘဲဆိုတာ ပေါ်လွင်ပါတယ်ဘုရား။

Dr. အောင်သူ ။ ။ Delete လုပ်တဲ့နည်းလည်း မသိဘူးဘုရား။တပည့်တော် စိတ်ထဲမှာတော့ အဲဒီ အကြောင်းအရာဟာကြာရင် မေ့သွားလိမ့်မယ်လို့ပဲ ထင်မိတာ။

ဦးဇင်း ။ ။ ဒါ ကျောက်ခဲပေါ်မှာရေးတဲ့ စာကဲ့သို့ ရင်ထဲမှာစွဲပြီး ကျန်နေရစ်ခဲ့တာကို။ ရှုမှတ်မှုလည်းမရှိ၊ သတိလည်း မရှိခဲ့တာကို။

MA ကျောင်းသား။ ။ ဘုရားတပည့်တော် တွေးမိတယ်ဘုရား၊ အဲဒီအချိန်မှာ ဖေဖေ အပ္ပမာဒအမှတ်သတိသာ လက်ကိုင်ရှိမယ် ဆိုရင် အဲဒီ ပြဿနာဟာ ရေပေါ်ရေးသကဲ့သို့ သဲပေါ် ရေးသကဲ့သို့ ဖြစ်သွားမယ်လို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ **သတိပဋ္ဌာန် ရှုပွားမှုသာ ရှိခဲ့မယ်ဆိုရင် ရေပေါ်မှာ ရေးသကဲ့သို့၊ သဲပေါ်မှာ ရေးသကဲ့သို့ ဖြစ်သွားနိုင်ပါတယ်။ ဇာတ်လမ်းကို မှတ်မိနေဦး**

**တော့ ခံစားမှုမရှိနိုင်ပါဘူး။**

MA ကျောင်းသား ။ ။ လက်ခံနိုင်တဲ့ သဘောပေ့ါ။

ဦးဇင်း ။ ။ ဟုတ်တယ် လက်ခံထားတဲ့ သဘောပေ့ါ၊ အခုဟာက လက်မခံနိုင်ခဲ့ဘူးလေ။

Dr. အောင်သူ ။ ။ လက်မခံနိုင်ခဲ့ဘူးဘုရား၊ လက်ခံရကောင်းမှန်း သိလည်း မသိဘူး၊ ကြားလည်း မကြားဘူးဘူးဘုရား။ အဲဒါကြောင့် အခုလို File ဖွင့်ထားမိတာနဲ့ တူပါတယ်။

ဦးဇင်း ။ ။ တရားအားထုတ်ရင်းနဲ့ ဒီလိုမျိုး ပေါ်လာတော့ ဘယ်လိုခံစားရသလဲ။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ရဟတ်ယာဉ်အသံကြောင့် အတွေးထဲမှာ မျောသွားတယ်ဘုရား။ တရားထိုင်နေတဲ့ ဓမ္မာရုံထဲမှာ မဟုတ်ဘဲနဲ့ လေယာဉ်ပျံပေါ် ရောက်နေသလို၊ ငိုသံတွေလည်း ကြားနေသလိုပဲ၊ ဆုတောင်းသံတွေ၊ လေယာဉ်မောင်ရဲ့အသံလည်း ကြားနေရတယ်၊ လေယာဉ်အသံလည်း ကြားနေရတယ်၊ အနံ့အသက်တွေလည်း ရသလိုပဲ။ ဘုရားတပည့်တော် ချွေးတွေပြန်ပြီးတော့မှ အခုပဲ လေယာဉ်ပျံဟာ ဗိုက်နဲ့ရှပ်ဆင်းပြီး ဘုရားတပည့်တော် မီးလောင်ပြီး မဲမဲသဲသဲ မီးခိုးလုံးတွေထဲ ရောက်သွားသလိုကို ခံစားရတာ ဘုရား။

ဦးဇင်း ။ ။ အတွေးထဲမျောပြီး အမှတ်သတိလွတ်သွားတာပါ။

MA ကျောင်းသား ။ ။ ဘယ်လောက်ကြာမှ သိသလဲ ဖေဖေ။

Dr. အောင်သူ ။ ။ ဘယ်လောက်ကြာမှန်းတောင် မသိတော့ပါဘူး၊ သတိရ လို့ကြည့်လိုက်တဲ့အခါကြတော့မှ ချွေးတွေပြန်ပြီး ရင်တွေတုန်နေတာ၊ ရင်ထဲမှာ တင်းကျပ်ပြီး၊ မျက်နှာ တွေလည်း တင်းနေတယ်၊ တစ်ကိုယ်လုံးလဲ တင်းကျပ် နေတယ်၊ နောက်တော့ မျက်လုံးဖွင့်ကြည့်လိုက်တော့မှ လေယာဉ်ပေါ်မဟုတ်ဘဲ ဓမ္မာရုံထဲမှာဆိုတာ သိရတာ။

MA ကျောင်းသား ။ ။ အခု တွေးကြည့်ရင်ကော ဖေဖေ။

Dr. အောင်သူ ။ ။ စိတ်အေးအေးလေးနဲ့ တွေး ရင်တော့ ဘာမှ ခံစားမှု မရှိပါဘူး။

ဦးဇင်း ။ ။ ဒီသာသနာနဲ့ ကြုံတုန်းမှာ ဒီ File တွေကို Delete မလုပ် နိုင်ခဲ့ရင် အဲဒါက အန္တရာယ် တော်တော်များလွန်း တယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ ဘုရား တပည့် တော် ကြိုးစားပြီး Delete လုပ်ပါ့မယ်ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် တစ်နေ့တာ ကြုံဆုံရတဲ့ အာရုံတိုင်းမှာ သတိပဋ္ဌာန်တရားနှင့် ရှုပွားသွားနိုင်မှသာ အဲဒီ File တွေ မကျန်ရစ်ခဲ့မှာနော်။

MA ကျောင်းသား။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော် အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုထ်မရွေး အားထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်ဘုရား။

ဦးဇင်း ။ ။ အချိန်မရွေး ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရား အားထုတ်ရမယ်၊ နေရာမရွေး၊ ကာယနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရား အားထုတ်တတ်ဖို့ ဣရိယာပုထ်မရွေး၊ ကာယနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရား ရှုပွားတတ်ဖို့ အရေးကြီးတယ် မောင်ကျောင်းသား၊ မရှုပွားမိရင် ဘဝခြားသည့်တိုင် အကြွေးပါသွားနိုင်တယ်နော်။

MA ကျောင်းသား။ ။ မှန်ပါဘုရား၊ ကြိုးစားပါ့မယ်ဘုရား။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော်လည်း အကြွေး မတင်မိအောင် ကြိုးစားပါ့မယ် ဘုရား။

## လောကမှာ မဂ္ဂင်လမ်းမှန်တာသာ အံ့သြစရာပါ

MA ကျောင်းသားသည် စာလည်းဖတ်၊ တရားလည်းနာ၊ တရားလည်း အားထုတ်ကာ ကျောင်းသို့ လာရောက်ပြီး ဝေယျာဝစ္စများ ဆောင်ရွက်ရင်း တရားလျှောက်ထားလေ့ရှိရာ ယခုလည်း ဆွမ်းခံအပြန် သပိတ်လွယ်၍ နောက်မှ စကြံသတိဖြင့် လိုက်ပါလာခဲ့ပါသည်။ သရက်ပင်မှ သရက်သီးများ ခူးယူပြီး ဆွမ်းသပိတ်ထဲ လောင်းလှူပြီးနောက် ဆွမ်းစားပြီးချိန်၌ သူ့အစ်ကို ကွန်ပျူတာ ကျောင်းသားနှင့်အတူ တရားလျှောက်ကြပါသည်။

MA ကျောင်းသား။ ။ အလုပ်တစ်ခု လုပ်တဲ့အခါမှာသိသင့်သိထိုက်တာတွေကို ကြိုတင်လေ့လာပြီးမှပဲ လုပ်ရသလို ဝိပဿနာတရား အားထုတ်တဲ့နေရာမှာလည်း သိသင့်သိထိုက်တဲ့ Data တွေကို ကြိုကြိုတင်တင် လေ့လာပြီးမှပဲ အားထုတ် သင့်တယ်လို့ တပည့်တော် လေးလေးနက်နက် ပိုပြီး ခံယူလာမိပါတယ်၊ မှန်ပါသလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် မောင်ကျောင်းသား၊ ကိုယ်လုပ်မည့် လုပ်ငန်းနှင့် ပတ်သက်တဲ့သဘော သဘာဝတွေ၊ အလားအလာတွေကို ကြိုတင်လေ့လာ မှတ်သားတာက သဘာဝကျပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်လည်း အဲဒီလို တွေးမိတယ်ဘုရား။ ဝိပဿနာ တရားအားထုတ်တဲ့ လုပ်ငန်းဆိုတာ လည်းပဲ ဘာသာရပ်တစ်ခုကို Study လုပ်ရတာမျိုး ဆိုတော့ သိသင့်သိထိုက်တာတွေကို ကြိုတင် ပြီးတော့မှ Information data တွေ စုထားသင့်တယ်လို့ တပည့်တော် တွေးထင်မိပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်၊ လိုအပ်တယ်လို့ မြတ်စွာဘုရားရှင် မိန့်တော်မူထားတာရှိပါတယ်။

MA ကျောင်းသား။ ။ တပည့်တော် မြတ်စွာဘုရား မိန့်တော်မူတာကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရား မိန့်တော်မူထားတာက (၁) ကာလေန ဓမ္မဿဝနံ (၂) ကာလေန ဓမ္မသာကစ္ဆာ (၃) ကာလေန သမ္မသနာ (၄) ကာလေန ဝိပဿနာတဲ့။[၁]

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် ပါဠိလို နားမလည်ဘူး ဘုရား။

ဦးဇင်း ။ ။ **ကာလေန ဓမ္မဿ**

---

၁။ အင်္ဂုတ္တိုရ်ပါဠိ၊ စတုက္ကနိပါတ်၊ ကာလသုတ်၊ နှာ-၄၅၇

**ဝနဆိုတာ အခါအား လျော်စွာ တရားနာရမယ်တဲ့ မောင်ကျောင်းသား၊ တရားနာရတယ် ဆိုတာက Information Data တွေ စုတာပဲလေ။**

MA ကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ တရားစာပေဖတ်တာ၊ တရား Tape တွေ VCD တွေကနေလည်း Data တွေ ရနိုင်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားက ကာလေန ဓမ္မသာကစ္ဆ ပြုရမယ်တဲ့။

ကွန်ပျူတာကျောင်းသား ။ ။ အဓိပ္ပါယ် ကကော ဘုရား။

ဦးဇင်း ။ ။ အဓိပ္ပါယ်က အခါအားလျော်စွာ ဆိုသလို တရား ဆွေးနွေးရမယ်တဲ့ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ သိပ်ကောင်းတာပေါ့ ဘုရား။ (Dhamma discussion) လိုတာပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်တယ်၊ အခါအား လျော်စွာ Dhamma discourse ကို နားထောင်ရမယ်၊ အခါအားလျော်စွာ discussion လုပ်ရမယ်၊ မသိတာတွေ မေးရမယ်၊ မြန်းရမယ်၊ စုံစမ်းရမယ်၊ ကာလေန သမ္မသနာ ဆိုတာက အခါ အားလျော်စွာ မှန်ရဲ့လား၊ မှားရဲ့လား၊ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား ဆိုတာကို စဉ်းစားရမယ်၊ ကြံစည်ရမယ်တဲ့။

ကွန်ပျူတာကျောင်းသား ။ ။ (၃)ချက် ရှိပါပြီဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ (၁)ချက်

ကျန်သေးတယ်။

ကွန်ပျူတာကျောင်းသား ॥ ॥ မှန်ပါ သိပါရစေဘုရား။

ဦးဇင်း ॥ ॥ နောက်ဆုံးတစ်ချက်ကတော့ ကာလေန ဝိပဿနာအခါအားလျော်စွာ တရားအားထုတ်ရမယ်တဲ့။

ကွန်ပျူတာကျောင်းသား ॥ ॥ အဲဒါဆိုရင် အခါအားလျော်စွာ Meditation ပြုရမယ်၊ အခါအားလျော်စွာ Dhamma discourse ကို နားထောင်ရမယ်၊ အခါအားလျော်စွာ Discussion ရှိရမယ်၊ အခါအားလျော်စွာ တိုးတက်သလား၊ မတိုးတက်သလား၊ မှန်သလား၊ မှားသလား အကျိုးရှိသလား၊ အကျိုးမရှိသလားဆိုတာ တွေးတော ကြံဆရမယ်လို့ တပည့်တော် နားလည်ပါပြီဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်၊ အဲဒါ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူထားတဲ့ စကားပါပဲ။

MA ကျောင်းသား ॥ ॥ ဒါဆိုလို့ရှိရင် တရားအားထုတ်မည့် သူဟာ မှန်ကန်တဲ့ Information data တွေ ကြိုတင် စုဆောင်းဖို့ကို လိုအပ်တယ်ဆိုတဲ့ သဘောတော့ ပေါ်လွင်သွားပါပြီဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်၊ မှန်ကန် တဲ့ data တွေ ကြိုတင် စုဆောင်းမထားဘဲနှင့် တရားအားထုတ်ရင် မှားယွင်း နိုင်တဲ့အကြောင်း မြန်မာနိုင်ငံကို အခြေခံပြီးတော့ Mr. Francis Story က Buddhist meditation and the layman (The Middle

way Feb: 1965) မှာ ရေးခဲ့ဖူးတယ်။

MA ကျောင်းသား ။ ။ အနောက်နိုင်ငံသားတို့ရဲ့ အမြင်က စူးရှပြတ်သား တယ်ဘုရား၊ ဘက်လိုက်တာ Bias နည်းတယ်။

ကွန်ပျူတာကျောင်းသား။ ။ Mr, Francis Story က ဗုဒ္ဓဘာသာတရားနဲ့ ပတ်သက်လို့ ဘယ်လောက်များ ထဲထဲဝင်ဝင် သိထား လို့လဲဘုရား။

ဦးဇင်း ။ ။ သူက ရန်ကုန်မြို့က ဗုဒ္ဓသာသနာအဖွဲ့မှာအနောက် နိုင်ငံသာသနာ ပြန့်ပွားရေးလုပ်ငန်း လုပ်ကိုင်ခဲ့တဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးပဲ။

MA ကျောင်းသား ။ ။ Mr. Francis Story က ဗုဒ္ဓဘာသာဝင်ဟုတ်ပါ လားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ သူကဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်တယ်။ ဒါကြောင့် သူက အနောက်နိုင်ငံ သာသနာ ပြန့်ပွားရေးကို လုပ်နိုင်ခဲ့တာပေါ့။

ကွန်ပျူတာကျောင်းသား။ ။ ဒါဆိုရင်တော့ ဘုရား တပည့်တော် နားလည် ပါပြီဘုရား။ ဘယ်လိုများရေးပါ သလဲဘုရား။

ဦးဇင်း ။ ။ သူရေးတာက ''ကျွန်ုပ်သည် မြန်မာနိုင်ငံ၌ (၈)နှစ်ကြာ နေထိုင်ခဲ့သော ကာလအတွင်း ဝိပဿနာ အလုပ်ကိုအားထုတ်သော လူပုဂ္ဂိုလ်တို့ ရရှိသည့်

အကျိုးတရားများကို လေ့လာခွင့်ရခဲ့ပါသည်’’တဲ့။

MA ကျောင်းသား ॥ ॥ သူ လေ့လာတာတွေ စိတ်ဝင်စားစရာပါပဲ။

ဦးဇင်း ॥ ॥ မှန်တယ်၊ သူဆက်ရေးတာကတော့ ‘‘ထိုသို့လေ့လာရာတွင် ကျွန်ုပ်တို့ မျှော်လင့်သော အကျိုးတရားများနှင့် ဆန့်ကျင်နေသည်ကို တွေ့ရှိရသဖြင့် အံ့သြမိပါသည်’’ တဲ့။

MA ကျောင်းသား ॥ ॥ သူတို့က ဗုဒ္ဓစာပေနှင့် ပတ်သက်လို့ ထဲထဲဝင်ဝင် လေ့လာပြီးသားနှင့်တူတယ်။

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ ထဲထဲဝင်ဝင်ကြီးကို လေ့လာပြီးသား၊ သူတို့လေ့လာ သိရှိထားတဲ့ စာပေရေးရာအခြေအနေ အချက်အလက်တွေနဲ့ မြန်မာနိုင်ငံမှာ တွေ့တာဟာ ဆန့်ကျင်နေတယ်လို့ သူခံစားရတယ်တဲ့၊ ဒါကြောင့်လည်းပဲ သူအံ့သြမိပါတယ်တဲ့။

ကွန်ပျူတာကျောင်းသား ॥ ॥ အံ့သြလောက်အောင် ဘာကိုများ တွေ့သွားသလဲဘုရား။

ဦးဇင်း ॥ ॥ **တရားရပြီးသားလို့ ဆိုတဲ့ လူဝတ်ကြောင် ယောဂီ တော်တော်များများဟာ အတ္တ၊ မာန ယုတ်လျော့ခြင်းမရှိဘူးတဲ့၊ သီလကိုလည်း မြတ်မြတ်နိုးနိုး မရှိဘူးတဲ့၊ သမာဓိပညာမှာလည်းပဲ တိုးတက်**

**လာခြင်းမရှိတဲ့အပြင် တချို့ယောဂီတွေဟာ မိမိကိုယ်ကို မိမိ အရိယာလိုလို ထင်နေကြတယ်တဲ့။ အဲဒီလို အကျင့်သီလနဲ့ စိတ်ဓာတ်စရိုက် တိုးတက်မှုမရှိဘဲ မိမိကိုယ်ကို အရိယာလို့ ထင်တာဟာ သူတို့ကျင့်စဉ် လွဲမှားနေတာကြောင့်လည်း ဖြစ်တန်ရမယ်တဲ့။**

MA ကျောင်းသား ॥ ॥ ဒါ တော်တော်နက်နဲတဲ့စကားပဲ ဘုရား။

တရားအားထုတ်ပြီး အဲဒီလို တိုးတက်မလာတာဟာ အကျင့်လွဲနေတာလည်း ဖြစ်တန်တယ်ဆိုတဲ့ ကောက်ချက်က အလွန်ပဲ အရေးတကြီး စဉ်းစားဖို့လိုတဲ့ ကောက်ချက် တစ်ခု ဖြစ်ပါတယ်ဘုရား။

ဦးဇင်း ॥ ॥ ဒါတင်မကသေးဘူး၊ ကောက်ချက်တစ်ခု ထပ်ပြီး ချပြန်သေးတယ်၊ **''ကျင့်စဉ်လွဲမှားတာမဟုတ်ရင် ဝိပဿနာတရား အားထုတ်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်း မရှိဘူး၊ ဘာမှ လေ့လာမထားဘဲနဲ့ စမ်းတဝါးဝါး ကျင့်ကြံအားထုတ်နေတဲ့အတွက်ကြောင့် ဖြစ်ပေလိမ့်မယ်''** တဲ့။

MA ကျောင်းသား ॥ ॥ သိပ်ကို စဉ်းစားစရာဖြစ်သွားပြီ ဘုရား။

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ ဒီလို တရားအားထုတ်လို့ရှိရင် ဒီလို အကျိုးတွေရနိုင်ပါတယ်ဆိုတဲ့ အကြောင်းအကျိုးသဘောကို မလေ့လာမိဘဲနဲ့ အားထုတ်တဲ့အတွက်ကြောင့် ဘုရားဟောထားတဲ့ ပါဠိတော်ပါ

အကျိုးတရားများနဲ့ ဆန့်ကျင့်နေတာကို သူအံ့သြမိတယ်လို့ ဆိုချင်တာပါ။

ကွန်ပျူတာကျောင်းသား ။ ။ ဒီပညာရှင်က ဗုဒ္ဓစာပေနှင့်လက်တွေ့တရားအား ထုတ်မှုနယ်ပယ်ကို စပ်ဟပ်လေ့လာ တင်ပြသွားတာပဲဘုရား။ ကြားရတာ စဉ်းစားစရာတွေ ဖြစ်သွားတယ်။

ဦးဇင်း ။ ။ ရှိသေးတယ် John Bloefeld ဆိုတဲ့ ဗုဒ္ဓ ဘာသာဝင်ယောဂီ တစ်ဦးရေးတဲ့ (The wheel of life) ဆိုတဲ့ စာအုပ်မှာက ''သူ (၆)လကြာ အချိန်ပြည့် တရားအားထုတ်ခဲ့ပါသော်လည်း မိမိမှာ စိတ်ခံစားချက် စရိုက်များ ထူးထူးခြားခြား ပြောင်းလဲမှုမရှိခဲ့ကြောင်း၊ လောကီအာရုံကာမဂုဏ်ကိုလဲ ခုံမင်တပ်မက်မှုလည်း လျော့ပါးမသွားကြောင်း၊ လောဘ၊ ဒေါသ ပါးမသွားကြောင်း'' ကိုယ်တိုင်ဝန်ခံပြီး ရေးထားသေးတယ်။

MA ကျောင်းသား ။ ။ မြတ်စွာဘုရားရှင် သွန်သင်ပြသပေးတော်မူတဲ့ ဝိပဿနာ တရားကို အားထုတ်လို့ရှိရင် လောဘ၊ ဒေါသတော့ လျော့ရမှာပေါ့နော်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ မဟာသတိပဋ္ဌာန်တရား အားထုတ်လို့ရှိရင်ရရှိမည့် အကျိုးကျေးဇူး (၇)ပါးထဲမှာ ပါတယ်လေကွာ။

MA ကျောင်းသား ။ ။ သြော် ... တပည့်တော်သတိရပြီဘုရား၊ စိုးရိမ်ပူဆွေး ငိုကြွေးရတာတွေ လျော့မယ်။ ကိုယ်ချမ်းသာ

မယ်၊ စိတ်ချမ်းသာမယ်ဆိုတာတွေ တပည့်တော် သတိရပြီဘုရား။ အဲဒီလိုလျှော့ရင် စိတ်နေစိတ်ထား တွေ ပြောင်းပြီပေါ့ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဟုတ်သားပဲ၊ စိတ်နေစိတ်ထားတွေပြောင်းလို့လဲ အဲဒါတွေ လျှော့တာပဲဘုရား။

ဦးဇင်း ။ ။ အဲဒါတွေလျှော့လို့ စိတ်နေစိတ်ထားတွေ ပြောင်းသွားတာ၊ စိတ်နေစိတ်ထား ပြောင်းဖို့ ပဓာန ဖြစ်ပါတယ်။

MA ကျောင်းသား ။ ။ ဒါဆို တပည့်တော်တို့တရားအားထုတ်ဖို့အတွက် Information data တွေကို ပထမဦးဆုံး စုဆောင်းရမယ် ဆိုတာကို သေသေချာချာ သဘောကျပါပြီဘုရား။

ဦးဇင်း ။ ။ Data တွေဆိုရမှာလဲ Right Information data ဖြစ်ဖို့ လိုတယ်နော်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ တပည့်တော် အဲဒါလည်းတွေးမိဖူးတယ်ဘုရား။ Wrong Information တွေ ရလို့ရှိရင်တော့ လုပ်ငန်းတစ်ခုလုံး ကမောက်ကမနဲ့ ဖြစ်နိုင်ပါတယ်။

ဦးဇင်း ။ ။ ဟုတ်တယ်၊ Right Information တွေ ရရှိမှသာလျှင် Right Thought အတွေး မှန်လာမှာပေါ့။

MA ကျောင်းသား ။ ။ Right Thought အတွေး မှန်မှပဲ မှန်မှန် ကန်ကန်နားလည်မှာပေါ့နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဟုတ်တယ် Right thought ရှိတဲ့ သူမှ သာလျှင် Right Understood ဆိုတာ လာမှာပေါ့။ ဒါမှ သူ့အသိအမြင် (Right View) မှန်ကန်လာမယ်။ (Right View) ရှိသူအဖို့လည်း (Right thought) ရှိတော့မှာပါ။

MA ကျောင်းသား ။ ။ မှတ်သားစရာပါပဲ။ ကောင်းလှပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒီ(Right View) သမ္မာဒိဋ္ဌိ ရှိသူ အဖို့ကျတော့ သီလ ပြည့်စုံဖို့ မခဲယဉ်းတော့ဘူး၊ တရားတွေ နာကြားဖို့၊ တရားဆွေးနွေးဖို့၊ တရားအားထုတ်ဖို့ရာလည်း အထောက်အပံ့ကောင်း[၁]ရပါပြီ။

ကွန်ပျူတာကျောင်းသား ။ ။ အံ့သြစရာကောင်းအောင် ကျယ်ပြန့်တာပဲဘုရား။ အသိမှန် (Right View) အတွေးမှန် (Right thought) ဆိုမှတော့ အလုပ်တွေ အပြောတွေလည်း မှန်နိုင်တာ ပေါ့ဘုရား။

ဦးဇင်း ။ ။ အင်း . . ဟုတ်တယ် မောင် ကျောင်းသား။ သူ့အနေနဲ့ (Data) တွေ မှန်ပြီဆိုတော့ အတွေးမှန်ပြီ၊ အတွေး မှန်ရင် အသိမှန်ပြီ၊ အသိမှန်ပြီဆိုလို့ ရှိရင်တော့ (Right Speech) (Right Action) (Right Livelihood) တွေ က တဆက်ထဲမှန်နိုင်ပြီ။ (Right Understood)

၁။ မူလပဏ္ဏာသပါဠိတော်၊ ပြန် (နှာ-၃၇၉)

ရှိနေမှတော့ သူ့အနေနဲ့ (Wrong Speech) (Wrong Action) (Wrong Livelihood) နဲ့ နေဝံ့မှာ မဟုတ်တော့ပါဘူး။

MA ကျောင်းသား ။ ။ တင်ပါ့ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် အသိအမြင်မှန်တဲ့သူဟာ ပြောတာလည်းပဲ မှန်တာတွေပဲ ပြောတော့မယ်။ လုပ်တာလည်းပဲ မှန်တာတွေ လုပ်တော့မယ်။ အသက်မွေးဝမ်းကျောင်းလည်း သူ စင်ကြယ်အောင် နေတော့မှာပဲ။ အဲဒါကြောင့် သူ ကြိုးစားသမျှ အားလုံး (Right effort) ပဲ ဖြစ်တော့မယ်။ သူ့ရဲ့ ဘဝတစ်ခုလုံးဟာ မှန်ကန်တဲ့ဘက်ကိုချည်း သွားတော့မှာပါ။ တရားဘက်မှာလည်းပဲ ထိုနည်းအတိုင်းပါပဲ။

MA ကျောင်းသား ။ ။ မှန်ပါဘုရား(Wrong data) (Wrong Information) ကနေ စလို့ရှိရင်တော့ အကုန်လုံးဟာ အမှားမှား အယွင်းယွင်းချည်းပဲ ဖြစ်မယ်ဆိုတာကို တပည့်တော် အခုမှ တဖြည်းဖြည်း ပိုပြီး ရိပ်မိလာပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။(Wrong Information) ရလို့ရှိရင် သူ့အနေနဲ့ မိစ္ဆာသင်္ကပ္ပ (Wrong thought) လာတော့မယ်။ (Wrong thought) လာလို့ရှိရင် မိစ္ဆာဒိဋ္ဌိ (Wrong View) ဖြစ်တော့မယ်။ အဲဒီတော့ အမှားအယွင်းတွေးပြီးတော့မှ အမှားအယွင်းချည်းပဲ သဘောပေါက်လက်ခံထားတဲ့သူရဲ့ (Speech) ကလည်း မိစ္ဆာဝါစာ

(Wrong Speech) ပဲ လာတော့မယ်နော်။ (Action) ကလည်း မိစ္ဆာကမ္မန္တ (Wrong action) ပဲ လာတော့မယ်။ (Livelihood) ကလည်း မိစ္ဆာအာဇီဝ (Wrong Livelihood) ပဲ ဖြစ်တော့မှာပေါ့။ ဒါဆို သူလုပ်သမျှ အားလုံးဟာ မိစ္ဆာဝါယမ (Wrong efort) မိစ္ဆာသတိ (Wrong Mindfulness) မိစ္ဆာသမာဓိ (Wrong concentration) ချည်းပဲ ဖြစ်တော့မယ်။[၁]

MA ကျောင်းသား ။ ။ သြော်. . . ဒါကြောင့် ပထမဦးဆုံး သုတမယ အသိအနေနဲ့ မှန်ကန်တဲ့အသိကို သေသေချာချာ နားလည်ထားဖို့ အရေးတကြီး လိုအပ်လှတယ်ဆိုတာ တပည့်တော် နားလည်ပါပြီဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘယ်လောက်အတိုင်းအတာ မှန်ကန်တာကိုမှ(Right Speech) သမ္မာဝါစာလို့ ပြောရမလဲဘုရား။

MA ကျောင်းသား ။ ။ တပည့်တော်လည်း အဲဒါကို စဉ်းစားနေတယ် ဘုရား။ တက္ကသိုလ်မှာတုန်းက မဂ္ဂင်ရှစ်ပါးကိုတော့ သင်ခဲ့ဖူးတယ်။ ဒါပေမယ့် (Right Speech) တို့ (Right Livelihood)တို့ (Right action) တို့ကို ကျက်ပြီးတော့ စာမေးပွဲ အောင်လာခဲ့တယ်။ ဘဝထဲ (Applied) လုပ်ဖို့ ဘယ်လို နားလည်ရမယ် ဆိုတာကို မသိဘူး ဖြစ်နေတယ် ဘုရား။

ဦးဇင်း ။ ။ (Right Speech) ကော(Right action)

၁။ အဋ္ဌကထာဝဂ္ဂ၊ မဟာနိဒ္ဒေသပါဠိ၊ နှာ-၆၀

ကော (Right Livelihood) ကော သုံးပိုင်းစလုံးကို ရှင်းပြပေးမယ်လေ။

ကွန်ပျူတာကျောင်းသား ॥ ॥ ပိုပြည့်စုံသွားတာပေါ့ဘုရား။

ဦးဇင်း ॥ ॥ ပထမဦးဆုံး(Right Speech) ကို ပြောပြမယ်။

MA ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဦးဇင်း ॥ ॥ (Wrong Speech) မိစ္ဆာဝါစာကို နားလည်ရင် (Right Speech) သမ္မာဝါစာကို သဘောပေါက်သွားပြီ။ (Wrong Action) မိစ္ဆာကမ္မန္တကို နားလည်ရင် (Right action) သမ္မာကမ္မန္တကို နားလည်သွားပြီ။ သည်လိုပဲ မိစ္ဆာအာဇီဝကို နားလည်ရင် (Right Livelihood) သမ္မာအာဇီဝကို နားလည်ပြီ။

ကွန်ပျူတာကျောင်းသား ॥ ॥ မှန်ပါဘုရား၊ အဲဒါဆိုတပည့်တော်တို့ဘဝထဲ မဂ္ဂင်ရှစ်ပါးနှင့် နေတတ်တော့မှာပါဘုရား။

ဦးဇင်း ॥ ॥ ကောင်းပြီ၊ မိစ္ဆာဝါစာမှာ ဘာတွေပါသလဲဆိုရင် (၁) လိမ်ပြောတဲ့ စကား၊ (၂) ကုန်းချောတဲ့စကား၊ (၃) ကြမ်းတမ်းတဲ့စကားနှင့် (၄) အကျိုးမရှိ သိမ်ဖျင်းတဲ့စကား။ ပါဠိလိုက (၁) မုသာဝါစာ၊ (၂) ပိသုဏာဝါစာ၊ (၃) ဖရုသဝါစာနှင့် (၄) သမ္ဖပ္ပလာပဝါစာတွေပါပဲ။

MA ကျောင်းသား ॥ ॥ မှန်ပါ၊ အဲဒါတော့ ကြားဖူးနေပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒီလေးမျိုးကို ရှောင်ကြဉ်လိုက်တာနဲ့ သမ္မာဝါစာ ဖြစ်သွားပြီ။

ကွန်ပျူတာကျောင်းသား ။ ။ဟာ. . . . ဒါဆို တပည့်တော် နားလည်ဖို့ သိပ်လွယ်သွားပြီ ဘုရား၊ လိမ်မပြောရင် သမ္မာဝါစာ ဖြစ်ပြီ၊ ကုန်းမချောရင် သမ္မာဝါစာ ဖြစ်ပြီ။ ကြမ်းကြမ်း တမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း မပြောရင် သမ္မာဝါစာ ဖြစ်ပြီ။ သိမ်ဖျင်းတဲ့စကားမပြောရင် သမ္မာဝါစာဖြစ်ပြီ ဆိုတာတော့ နားလည်ပြီဘုရား။ ဒါပေမယ့် သိမ်ဖျင်းတဲ့ စကားကို နားမလည်သေးဘူးဘုရား။

ဦးဇင်း ။ ။ သိမ်ဖျင်းတဲ့ စကားရဲ့ အဓိပ္ပာယ်က မဂ်ဖိုလ်၊ နိဗ္ဗာန်နဲ့ ဖီလာကန့်လန့်ဖြစ်တဲ့ စကားအားလုံးဟာ သိမ်ဖျင်းတဲ့ စကားချည်းပဲလို့ မှတ်သားရမယ်။

MA ကျောင်းသား ။ ။ ကျယ်ဝန်းလှချည်လား ဘုရား၊ ဒါဆို တပည့်တော်တို့ မလွတ်တော့ဘူးနဲ့ တူတယ်။

ကွန်ပျူတာကျောင်းသား ။ ။ဟာ. . . . ဒါဆို ဂျာနယ်တွေ ဖတ်တာ၊ ရေဒီယို နားထောင်တာတွေ၊ TV ကြည့်တာတွေကော ပိန်ဖျင်းတဲ့ထဲမှာများ ပါလေမလားတော့ မသိဘူး။

ဦးဇင်း ။ ။ မှန်ပါတယ်။ မဂ်ဖိုလ် နိဗ္ဗာန်နဲ့မစပ်ရင် သိမ်ဖျင်းတာချည်းပဲ။ TVထဲမှာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့စပ်တဲ့ စကားတွေပါ

သလား။ (ကျောင်းသားများ ခေါင်းခါကြသည်။)
မဂ်ဖိုလ်နိဗ္ဗာန်နဲ့ စပ်ရင်တော့ သိမ်ဖျင်းတဲ့ စကားမဖြစ်ဘူးပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို လိုက်နာဖို့ခက်ပြီ ထင်တယ်။ တပည့်တော်

တော့ (Right Speech) သမ္မာဝါစာ မဖြစ်တော့ဘူးနဲ့ တူတယ်။

MA ကျောင်းသား ။ ။ ဖြစ်နိုင်တဲ့ နည်းလမ်းများ ရှိပါသေးသလား ဘုရား။

တပည့်တော်ကတော့ သမ္မာဝါစာ ဖြစ်ချင်တယ် ဘုရား။ (Right Speech) နဲ့ နေချင်တယ်။ ပြောချင်တယ်။ (Wrong Speech) ကို တပည့်တော် မပြောချင်ဘူး။

ဦးဇင်း ။ ။ ကိုင်း ‥ မောင်ကျောင်းသား အခု ဦးဇင်းတို့ပြောနေတာ

(Right Speech) လား (Wrong Speech) လား၊ စဉ်းစားကြည့်စမ်း။

MA ကျောင်းသား ။ ။ ဒါက (Right Speech) ပဲ ဘုရား။ လိမ်ညာတဲ့ စကား

လည်း မဟုတ်ဘူး၊ ကုန်းချောတဲ့စကားလည်း မဟုတ်ဘူး၊ သိမ်ဖျင်းတဲ့ စကားလည်း မပါဘူး၊ ကြမ်းတမ်းတဲ့ စကားလည်း မပါတဲ့အတွက်ကြောင့် ဒါဟာ သမ္မာဝါစာ ထဲမှာ အကျုံးဝင်ပါလိမ့်မယ်။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဒါဆိုဒါမျိုးတွေ ပဲ ပြောပေါ့၊ ဒါမျိုးတွေကိုပဲ နားထောင်ပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ အပြင်မှာ ကြားရခဲ့တယ်ဘုရား။

ဦးဇင်း ။ ။ မကြားရတဲ့နေရာမှာ မနေနဲ့ပေါ့၊ ကြားရတဲ့ နေရာမှာ နေပေါ့၊ သဒ္ဓါတရားရှိရင် ဖြစ်နိုင်တယ်။ သဒ္ဓါတရား မရှိရင်တော့ မဖြစ်နိုင်ဘူး။

MA ကျောင်းသား ။ ။ တပည့်တော် သဒ္ဓါတရား ရှိအောင်ကြိုးစားပါမယ် ဘုရား။

ဦးဇင်း ။ ။ ကြိုးစားကြ၊ ကြိုးစားကြ၊ မောင်ကျောင်းသားတို့၊ နောက်တစ်ခုက (Right action)။

MA ကျောင်းသား ။ ။ (Right action) က သမ္မာကမ္မန္တပါလား ဘုရား။

ဦးဇင်း ။ ။ မှန်တယ်၊ သမ္မာကမ္မန္တပါ၊ ဒီမှာလည်းပဲ သုံးပါးရှိတယ်၊ မောင်ကျောင်းသားတို့က ငါးပါးသီလ အလွတ်ရကြမှာပါ။

MA ကျောင်းသား ။ ။ ရပါတယ်ဘုရား။

ဦးဇင်း ။ ။ ရရင် အဲဒီငါးပါးသီလရဲ့ အပေါ်ပိုင်း (၃)ပါးကို ရွတ်ကြည့်စမ်းပါဦး။

MA ကျောင်းသား ။ ။ (၁)ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ (၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ (၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဦးဇင်း ။ ။ ဟုတ်ပြီဗျာ၊ ဟုတ်ပြီဗျာ၊ **ပါဏာတိပါတ သူ့အသက်သတ်တာ (Wrong action) ပဲ၊ အဒိန္နာဒါန သူ့ဥစ္စာကို မပေးဘဲနဲ့ယူတာ (Wrong action) ပဲ၊ ကာမေသုမိစ္ဆာစာရ သူ့အိမ်ရာ လွန်ကျူးတာ (Wrong action) ပဲ၊ အဲဒါကို ရှောင်ကြဉ်လိုက်ရင် (Right action) ဖြစ်သွားပြီ။**

ကွန်ပျူတာကျောင်းသား ။ ။ ဒါကတော့ ဖြစ်နိုင်တယ်ဘုရား။

ဦးဇင်း ။ ။ ဒါတင်မကဘူး၊ အားလုံးဖြစ်နိုင်ပါတယ်။ ယုံကြည်မှု သဒ္ဓါတရားရှိရင် မဖြစ်နိုင်တာမရှိဘူး မောင်ကျောင်းသား။ နောက်ပြီးတော့မှ (Wrong Livelihood)နဲ့ (Right Livelihood) မိစ္ဆာအာဇီဝနဲ့ သမ္မာအာဇီဝကို ပြောပြဦးမယ်။[၁]

MA ကျောင်းသား ။ ။ အဲဒါလည်း သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပြီ၊ သေချာနားထောင်ရင်လွယ်လွယ်လေး နားလည်နိုင်တယ်၊ ခုနတုန်းက (Wrong action) မှာပါတဲ့ ကာယကံသုံးပါးနှင့် အသက်မွေးဝမ်းကျောင်းမပြုနဲ့တဲ့။

MA ကျောင်းသား ။ ။ အဲဒါ သမ္မာအာဇီဝ ဖြစ်ပြီလားဘုရား။

ဦးဇင်း ။ ။ နေဦးလေ၊ မိစ္ဆာဝါစာဖြစ်တဲ့ (Wrong Speech)နဲ့အသက်

---

၁။ မူလပဏ္ဏာသအဋ္ဌကထာ (၁)တွဲ၊ နှာ-၃၃၈

မွေး ဝမ်းကျောင်းမလုပ်နဲ့၊ ဒါဆိုလို့ရှိရင် သမ္မာအာဇီဝ ဖြစ်ပြီလို့ မှတ်လိုက်တော့။

MA ကျောင်းသား ။ ။ အဲဒါဆို တပည့်တော် သဘောပေါက်ပြီဘုရား။

အဲဒီမိစ္ဆာကမ္မန္တနှင့် မိစ္ဆာဝါစာနှစ်ခုမပါတဲ့ အသက်မွေးဝမ်းကျောင်းဆိုရင် သမ္မာအာဇီဝဖြစ်ပြီလို့ တပည့်တော် နားလည်ပါပြီဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ ဒါက မဂ္ဂင်ရှစ်ပါး အရယူတာပါ။ ထပ်ဖြည့်ပြီး လက်နက်၊ အဆိပ်၊ မူးယစ်စေတတ်တဲ့ အရာမျိုး၊ ကြက်ဝက် အသား၊ လူကုန်ကူးတာလည်း မိစ္ဆာအာဇီဝပဲလို့ မှတ်ထားပါဦး။[၁]

MA ကျောင်းသား ။ ။ တပည့်တော်က ရဟန်းဝတ်ပြီး တစ်သက်လုံးနေမှာဆိုတော့ အခုကတည်းက ဒါတွေကို ရှောင်ကြဉ်စရာ ရှောင်ကြဉ်ပြီးမှ လိုက်နာစရာ လိုက်နာပြီးနေတော့မယ် ဘုရား။

ဦးဇင်း ။ ။ မောင်ကျောင်းသားလေး ကောဘယ်လိုတွေးမိတုံး။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်လိုက်နာဖို့ အခက်ခဲလေးတွေ ရှိပါသေးတယ် ဘုရား၊ နောင်တော့လည်း ဖြည်းဖြည်းတော့ လိုက်နာနိုင်လိမ့်မယ်လို့ ထင်မိပါတယ်။ အခုချက်ချင်းကြီးတော့ သမ္မာဝါစာ (Right Speech) တော့ မဖြစ်လောက်သေးဘူးထင်တယ်။ သမ္မာကမ္မန္တ (Right

---

၁။ ဝဏိဇ္ဇသုတ္တ၊ အင်္ဂုတ္တရပါဠိ (နှာ-၁၈၃)

action) တော့ ဖြစ်နိုင်မယ်ထင်တယ်ဘုရား။
ဦးဇင်း ။ ။ ကြိုးစားကြ . . .
မောင်ကျောင်းသား တို့ **ဒါ မဂ္ဂင်လမ်းကြောင်းပဲ၊ ဒါကို ပါဠိက (Magga) လို့ခေါ်တယ်။ သက္ကတမှာ (Marga) လို့ခေါ်တယ်။ (Path) ပါပဲ။ (Road) ပါပဲ။ ဗုဒ္ဓဘာသာရဲ့ အဆုံး အမရှိနေလို့ ကောင်းတဲ့လမ်း (good road) (good path) လည်းရှိတယ်။ သာသနာပြင်ပမှာတော့ (bad road) (bad path) ပဲ ရှိပါတယ်။**
MA ကျောင်းသား ။ ။ မှန်ပါဘုရား။
ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်လည်း ကြိုးစားမယ် ဘုရား။
ဦးဇင်း ။ ။ **ဘဝတစ်သက်တာမှာ ဖွတ်တိ ဖွတ်ထိုးလုပ်မယ့် လုပ်ရင် မဂ္ဂင်ရှစ်ပါးလမ်းကိုသာ ဘယ်သူတားတား နောက်မဆုတ်တမ်း တဖွတ်ထိုး ရှေ့တိုးသင့်တယ် မောင်ကျောင်းသားတို့။**
MA ကျောင်းသား ။ ။ မှန်ပါဘုရား။
ဦးဇင်း ။ ။ တခြား ကာမဂုဏ် ကိစ္စတွေကို ဖွတ်တိ ဖွတ်ထိုး နောက်မဆုတ်တမ်း တဖွတ်ထိုးလုပ်မိရင်တော့ ဘဝလမ်းကြောင်းတဆစ်ချိုးတဲ့ထိ ပြောင်းသွားတတ်တယ်နော်။
ကျောင်းသားနှစ်ဦးလုံး ။ ။ (စဉ်းစဉ်းစားစား တဖြည်းဖြည်းချင်းလေးနက်စွာဖြင့် ခေါင်းငြိမ့်ကြပါသည်။)

ဦးဇင်း ။ ။ **ရှုပ်ထွေးပွေလီ လှတဲ့ဘဝတာမှာ မဂ္ဂင်ရှစ်ပါးလမ်းကိုမှ နှစ်သက်မြတ်နိုး သဘောကျနိုင်တယ်ဆိုတာ မိမိတို့ရဲ့ ရှေးဘဝဘဝက အတိတ်ကောင်းမှု ကံသတ္တိတယ်ပြီး ကြီးကျယ်လှပါလားလို့ ရဲရဲကြီး ဆုံးဖြတ်ပေတော့ မောင်ကျောင်းသားတို့။**

MA ကျောင်းသား ။ ။ မဂ္ဂင်လမ်းချော်ပြီး တရားအမှားတွေ အားထုတ်နေတဲ့ ယောဂီတွေရှိတယ်လို့ ကြားဖူးတယ်၊ အံ့သြစရာပါပဲ ဘုရား။

ဦးဇင်း ။ ။ **ကြားဖူးရုံ ဘယ်ကမလဲ မောင်ကျောင်းသား၊ ဘဝသံသရာမှာ မဂ္ဂင်လမ်းတည့်တာကသာ ထူးဆန်းအံ့သြစရာ ကောင်းတာ၊ မဂ္ဂင်လမ်းချော်တာက ဘာမှ မထူးဆန်းဘူး၊ ဒါ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ သီလကို အသက် တမျှ မြတ်နိုးတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်လို့ ကြားရတာသာ အံ့သြစရာပါ၊ ငါးပါးသီလတောင် မလုံတဲ့သူတွေ အများကြီးကိုတွေ့နေရတာ ဘာမှ မထူးဆန်းဘူး မောင်ကျောင်းသား။**

(ကျောင်းသားနှစ်ဦးလုံး စဉ်းစဉ်းစားစား တဖြည်းဖြည်းချင်း လေးနက်စွာ ခေါင်းငြိမ့်ကြပါသည်။)

# ရှေးရှေးဘဝကကောင်းမှုကံ

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် တစ်ခါ တရံ တွေးနေမိတတ်တာ တစ်ခုရှိတယ်ဘုရား။

ဦးဇင်း ။ ။ ဘာတွေများ ရံခါတွေးမိ တာလဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ အမေနဲ့ ပတ်သက်တာပါ ဘုရား။

ဦးဇင်း ။ ။ သြော် အမေနဲ့ပတ်သက်လို့ တွေးတာကောင်းတာပေါ့။

MA ကျောင်းသား ။ ။ တပည့်တော်အမေနဲ့ ပတ် သက်လို့တွေးတာ မကောင်း တာ တွေးနေမိတာပါဘုရား။

ဦးဇင်း ။ ။ ဟော. . . ဘယ့်နှယ် အမေနှင့် ပတ်သက်ပြီး မကောင်းတာ တွေးရတာလဲ။

MA ကျောင်းသား ။ ။ တပည့်တော် ဒီအမေနဲ့ ဒီဘဝမှာ ဆုံရတာ မဟာန်လှ

ပါဘူးလို့လည်း တစ်ခါတစ်ခါ စိတ်ထဲဖြစ်မိတယ်ဘုရား။

ဦးဇင်း ။ ။ ဒီအမေနဲ့ မောင်ကျောင်းသား ဆုံဖို့အတွက် ပြီးခဲ့တဲ့ဘဝက ပြုခဲ့တဲ့ ကံကြောင့်လေ။ ဘယ်ဘုရားသခင်ကမှ၊ ဘယ်နတ်၊ ပြဟ္မာကမှ မောင်ကျောင်းသားကို ဒီအမေရဲ့ သားတော်အောင် ပို့ပေးတာ မဟုတ်ဘူး။ မောင်ကျောင်းသားပြုခဲ့တဲ့ အတိတ်ကံကြောင့် ဒီအမေရဲ့ ဝမ်းထဲကို ရောက်ရတာ မည်သူမပြု မိမိမှုပဲဗျာ။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်ကျတော့ ဒီတိုင်းပြည်မှာ လူဖြစ်ရတာ အရမတော်လိုက်တာလို့ ခဏခဏဖြစ်မိတယ်ဘုရား။

ဦးဇင်း ။ ။ ဒီနေရာ ဒီဒေသမှာ လူဖြစ်တာလည်း မောင်ကျောင်းသားရဲ့ အတိတ်ကံအတိုင်းပဲ၊ ဒီနေရာမှာ လူဖြစ်ဖို့အတွက် ကိုယ်ပြုထားတဲ့ကံအတိုင်းပါပဲဗျာ။ မည်သူမပြု မိမိမှုပဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ မှားရင်လည်း ခွင့်လွှတ်တော်မူပါဘုရား၊ တပည့်တော် တွေးမိတာကို လျှောက်တာပါဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဒါဘုရားဟော ရှိပါတယ်၊ (ပုဗ္ဗေစကတပုည)တဲ့၊ ပြုခဲ့တဲ့ ကောင်းမှုရှိခဲ့လို့ ဒီကနေ့ ဗုဒ္ဓဘာသာ ထွန်းကားတဲ့နိုင်ငံမှာ လူဖြစ်ခွင့်ရတာ မောင်ကျောင်းသားရေ၊ ဗုဒ္ဓဘာသာဝင်ကိုမှ အမိအဖ တော်ခွင့်ရတာကိုး။

MA ကျောင်းသား ။ ။ တပည့်တော် ကြားဖူးတယ် ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် ဒီနေရာမှာ လူဖြစ်ရတာကို ကံကောင်းလှတယ်လို့တော့ ခံစားလို့ သိပ်မရသေးပါဘူးဘုရား။

ဦးဇင်း ။ ။ ဒါဆိုရင် ဒီလို နားထောင်ကြည့်လေ၊ ဦးဇင်း တစ်ခု သောကာလမှာ ရွှေဥမင်ဆရာတော် ဘုရားကြီး ခြေတော်ရင်းမှာ နိုင်ငံပေါင်းစုံက နိုင်ငံခြားသား ရဟန်းတွေနဲ့ အတူတူ တရားအားထုတ်နေခဲ့ဖူးတယ်၊ အဲဒီတုန်းက အတွေ့အကြုံလေးတစ်ခု ပြောပြမယ်နော်။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ တပည့်တော် စိတ်ဝင်စားပါတယ်ဘုရား။

ဦးဇင်း ။ ။ ကမ္ဘာပေါ်မှာ ချမ်းသာလှပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာ ကိုယ်ပိုင်ကျောင်းရှိတဲ့ ဆရာတော် ကြီးတစ်ပါးနဲ့လည်း ရိပ်သာမှာတုန်းက တွေ့ဆုံဖြစ်ခဲ့တယ်။

ကွန်ပျူတာကျောင်းသား ။ ။ အမေရိကန်နိုင်ငံမှာ တောင် ကိုယ်ပိုင်ကျောင်း ရှိလို့ရှိရင် တော်တော် ချမ်းသာတဲ့ ဘုန်းကြီးပေါ့နော်ဘုရား။

ဦးဇင်း ။ ။ ချမ်းသာတာ မပြောပါနဲ့ မောင်ကျောင်းသား၊ သူတို့ သုံးစွဲနေတဲ့ ပရိက္ခရာပစ္စည်းတွေကို ကြည့်လို့ရှိရင် သိသာတယ်၊ တစ်ခါ တစ်ခါ ပြောပြတယ်။ ‘‘တပည့်

တော်တို့နေတဲ့ တိုင်းပြည်ဟာတဲ့ နတ်ဘုံနတ်နန်းတမျှ ပဲတဲ့၊ သိပ်ပြီးတော့မှကို သစ်လွင် တောက်ပလှပပြီး တော့ နေတယ်တဲ့၊ သိပ်ပြီး ပြည့်စုံတယ်တဲ့၊ ဒါပေမဲ့ တပည့်တော်တို့ တိုင်းသူ ပြည်သားတွေရဲ့ စာရိတ္တပိုင်း မှာတော့ အလွန့်အလွန်ပဲ ပျက်စီးနေပါတယ်ဘုရား''လို့ ဦးဇင်းကို ရံခါရံခါ လျှောက်ခဲ့ဖူးတယ်။ သူတို့နဲ့ အတူတူနေတဲ့အခါ ဦးဇင်းက ရံခါ မြန်မာစကားကို သွက်သွက်လက်လက် ပြောတာလည်း မြင်မိကြတယ်နဲ့ တူပါတယ်၊ တနေ့ မှာတော့ ဆွမ်းခံသွားဖို့ သင်္ကန်းရုံ၊ သပိတ်လွယ်ပြီး နည်းနည်းစောတာနဲ့ စင်္ကြံလမ်းမှာ တရားနှလုံး သွင်းပြီးနေတုန်းမှာ အမေရိကန်ဆရာတော် က နောက်ကလာပြီး သင်္ကန်းရုံထားတဲ့ ဘယ်ဘက် လက်မောင်းကို ဖျစ်ပြီးတော့မှ အားရ ပါးရကိုင်လိုက် တယ်။ ပြီးမှ သူနှုတ်ဆက်တယ်၊ သူ သန်ဘက်ခါ အမေရိကားကို ပြန်မယ်တဲ့ သူလိပ်စာကဒ်ပြားလေး ပေးတယ်။ ပြီးတော့ သူ ဦးဇင်းကို ဒီတသက်မမေ့နိုင်တဲ့ စကားနှစ်ခွန်းသုံးခွန်း လျှောက်သွားတယ်။ အဲဒီစကား တွေဟာ ဦးဇင်းကို တကယ်ပဲ အံ့သြစရာကောင်းတဲ့ အသိအမြင်ရသွားစေခဲ့ပါတယ်။

MA ကျောင်းသား ။ ။ အဲဒီစကားကို တပည့်တော် များ ကြားခွင့်ရရင် ကြားချင် ပါတယ် ဘုရား။

ဦးဇင်း ။ ။ ကြားခွင့်ရပါတယ်၊ အဲဒါကို အခု ပြောမလို့ပါပဲ၊ အဲဒီ ဆရာတော်က ဦးဇင်းကို ဆွမ်းခံလမ်းပေါ်မှာ ပြုံးပြီး

တော့ဘာပြောသွားသလဲဆိုရင် (You are very lucky) တဲ့ (You are very lucky) လို့ နှစ်ခွန်းဆက်တိုက် လျှောက်တော့ ဦးဇင်းလည်း သူ့ရဲ့ မျက်နှာကို ကြည့်မိတယ်။ သူ ဦးဇင်းကို တကယ်ပဲ လေးလေးစားစား အားရပါးရ (You are very lucky) လို့ လျှောက်နေတော့ ဘာကိုဆိုလိုတာလဲဆိုတာ စဉ်းစားလို့မရဘူး။ ဒါနဲ့ ''ဘာဖြစ်လို့များ တပည့်တော်ကို ကံကောင်းတယ်လို့ အရှင်ဘုရား မိန့်ရတာပါလဲဘုရား'' လို့ မေးလျှောက်လိုက်ရတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ အမေရိကဆရာတော် ဘာမိန့်သလဲ ဘုရား။

ဦးဇင်း ။ ။ ''အရှင်ဘုရား မြန်မာစကား တတ်တယ်နော်''လို့ မိန့်တယ်၊ အဲဒီတော့ ဦးဇင်းကလဲ ''မြန်မာစကားတတ်ပါတယ်''လို့(Yes, I can) လို့ ဖြေလိုက်တယ်၊ ''မြန်မာစာရော ဖတ်တတ်လား''လို့ ပြန်မေးတယ်၊ ဦးဇင်းလည်း ဖတ်တတ်ပါတယ်''လို့ ခေါင်းညိတ်ရင်း လက်အုပ်ချီပြီး ရိုရိုသေသေ ဖြေလိုက်ပါတယ်၊ ''ရေးလည်း ရေးတတ်ပါတယ်'' လို့လည်း ဖြေလိုက်မိသေးတယ်'' ဟာ– အရှင်ဘုရား သိပ်ပြီး ကံကောင်းတာ၊ အရှင်ဘုရား တအားကံကောင်းတယ်လို့'' ထပ်လျှောက်တော့ ဦးဇင်းကလည်း စဉ်းစားတယ်။ ငါ ဘာတွေများ ဒီလောက်ကြီး ကံကောင်းနေပါလိမ့်။

ကွန်ပျူတာကျောင်းသား ။ ။ ကမ္ဘာပေါ်မှာ ဒီလောက် ကြွယ်ဝချမ်းသာတဲ့ နိုင်ငံ

မှာ ကိုယ်ပိုင်ကျောင်းရှိတဲ့ ဆရာတော်က အရှင်ဘုရား လို ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှတောင် မရှိတဲ့ ဆင်းရဲတဲ့ ဘုန်းကြီးတစ်ပါးကို ဘာများကံကောင်းတယ် ပြောနေပါလိမ့်။ တပည့်တော်လည်း ခုထိ စဉ်းစားလို့ကို မရသေးဘူးဘုရား။

ဦးဇင်း ။ ။ မောင်ကျောင်းသားက စဉ်းစားလို့ မရတာ နောက်မှ ရယ်၊ အဲဒီတုန်းက ဦးဇင်းကိုယ်တိုင်ကို စဉ်းစားလို့ မရဘူးဖြစ်သွားတယ်။ ''တပည့်တော် ဘာများ ကံကောင်း နေပါလိမ့်''လို့ကို မေးလျှောက်ရတော့တယ် မောင်ကျောင်းသားရေ။ ဒါနဲ့ အမေရိကဆရာတော်က ''အရှင်ဘုရား မြန်မာစကားတတ်လို့'' တဲ့ ''ဘာဖြစ် လို့လဲ'' လို့ ထပ်ပြီး မေးလျှောက်တော့မှ ''အရှင်ဘုရား က ရွှေဉမင်ဆရာတော်ကြီးကို တရားစကားတွေ တိုက်ရိုက်မေးမြန်းခွင့်၊ လျှောက်ထားခွင့်ရတယ်တဲ့၊ မြန်မာစကား နားလည်တဲ့အတွက်ကြောင့် နာကြား ခွင့်လည်းရတယ်''တဲ့ ပြီးတော့ မှ "So many teachers in Myanmar" လို့ လျှောက်သေးတယ်၊ **''မြန်မာနိုင်ငံ ဟာ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချ ပြသပေး နိုင်တဲ့ Teachers ဆရာတော်ကြီးတွေ အများကြီး ရှိတဲ့နိုင်ငံ''** တဲ့၊ **''ဒီနိုင်ငံမှာ အရှင်ဘုရားအနေနဲ့ နေခွင့်ရတာ၊ လူဖြစ်လာတာ၊ မြန်မာစကားတတ်တာ၊ မြန်မာစာတတ်တာတွေဟာ အရှင်ဘုရားအနေနဲ့ တပည့်တော်ထက် အဆများစွာ ကံကောင်းသွား ပြီတဲ့''** ''တပည့်တော်တို့က ဆရာတော်ကြီးတစ်ပါးပါး

နဲ့ စကားတခွန်းတစ်လေ လျှောက်ခွင့်ရဖို့အရေးကို စကားပြန် စောင့်ရတယ်''တဲ့ ''စကားပြန်အားမှ စကားပြန်က စကားပြန်ပေးမှ လျှောက်ခွင့်ရပါတယ်တဲ့၊ ဒါကြောင့် ဆရာတော်ဘုရားကြီးထံပါး ဆယ်ခါသွားချင်ရင် တစ်ခါလောက်တောင် မနည်းသွားဖြစ်ပါတယ်''တဲ့ ''အရှင်ဘုရားအနေနဲ့ ဘယ်ကဆရာတော်နဲ့ဖြစ်ဖြစ် သိချင်တာတွေကို ရင်းရင်းနှီးနှီး မြန်မာဘာသာနှင့် တိုက်ရိုက်လျှောက်ထားနေတာတွေကို ကြည့်ပြီးတော့ တပည့်တော် သိပ်ကို အားကျတယ်'' ဒါကြောင့် (You are very lucky) တဲ့ မောင်ကျောင်းသားရေ။

MA ကျောင်းသား ။ ။ သြော်. . . တင်ပါ့ တင်ပါ့ နိုင်ငံခြားသားများက ခုလိုလည်း မြင်ခွင့်ရှိသားပဲ။

ဦးဇင်း ။ ။ အဲဒီတော့မှပဲ မြန်မာစကားတတ်တာဟာ တယ်တန်ကြေး ကြီးတာပဲဆိုတာကို တွေးမိတယ်၊ မြန်မာစကားတတ်လို့သာလျှင် ငါ့အနေနဲ့ ပါဠိစာတွေ လေ့လာခွင့်ရတယ်၊ ဆရာတော်ဘုရားကြီးရဲ့ သြဝါဒတွေ ငါနာကြားခွင့်ရတယ်။ တရားတိတ်ခွေတွေ နာကြားခွင့်ရတယ်။ ဆရာတော်ကြီးများနဲ့ နီးနီးကပ်ကပ်နေခွင့်ရတယ်။ ငါ ကံကောင်းလှပါလား ဟုတ်တာပေါ့၊ ဒီအခွင့်အရေးကို သူတို့မရရှာဘူးလို့ ဦးဇင်း အဲဒီအချိန်က စပြီးတော့မှ သဘောကျမိတယ် မောင်ကျောင်းသားတို့၊

ကွန်ပျူတာကျောင်းသား ။ ။ ဒီလိုလည်းပဲ ဟုတ်တော့ ဟုတ်သားပဲ ဘုရား၊

တပည့်တော်တတ်တဲ့ မြန်မာစကားဟာ "Mother Tongue" မိခင်ဘာသာစကားဖြစ်လို့ ကိုယ်တိုင် တန်ဖိုး မထားတတ်သလို ဖြစ်နေပါတယ်ဘုရား . . ။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဦးဇင်းလည်း တန်ဖိုးထားရ ကောင်းမှန်းကို မသိ ဖြစ်ခဲ့ဖူးတယ်၊ ဦးဇင်းတို့နှစ်ပါး ဆွမ်းခံ ထွက်ခါနီး အဲဒီလိုပြောနေတုန်းမှာ ကိုရီးယားနိုင်ငံက ဘုန်းကြီး တစ်ပါး ဝင်လာပြီးတဲ့အခါကျတော့ ဦးဇင်းကို တစ်ခါပြန် ပြီး နှုတ်ဆက်တယ်။ သူက (M.A.English) လား မသိဘူး။ သူနဲ့ အင်္ဂလိပ်စကားပြောရင် သိပ်နားဝင်ချို တယ်၊ သူက ''မြန်မာစကား သင်မယ်ဆိုရင် ဘယ် လောက်ကြာရင် တတ်နိုင်သလဲ''တဲ့ ဆိုတော့ ဦးဇင်းက ပြောပြတယ် ''ဦးဇင်းက ဒီနိုင်ငံမှာ မွေးဖွားတာ၊ ဒီနိုင်ငံမှာ ကျောင်းနေတာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မြန်မာစကားက ဒီလိုပဲတတ်လာတာပါပဲ၊ဘယ်လောက် ကြာမှ တတ်ရမယ် ဆိုတာကတော့ လေ့လာသူရဲ့ အပေါ်မှာမူတည်မယ် ထင်တယ်ဘုရားလို့'' လျှောက် တော့ အမေရိက ဆရာတော်ကြီးက မိန့်တယ် ''မြန်မာ သဒ္ဒါနှင့်ကိုရီးယား သဒ္ဒါ(Grammer) တော်တော်နီးစပ် တယ်''တဲ့ ''အရှင် ဘုရားတို့ တတ်ဖို့ လွယ်လိမ့်မယ် ထင်တယ်''လို့ ကိုရီးယားဘုန်းကြီးကို အားပေးစကား လျှောက်ထားတယ်။

MA ကျောင်းသား ။ ။ အမေရိက ဘုန်းကြီးက ဘာသာဗေဒရေးရာ ကျွမ်း ကျင်ပုံ ရတယ်။

ဦးဇင်း ။ ။ ဟုတ်လိမ့်မယ်၊ ဒါနှင့် ဦးဇင်းတို့တတွေလဲ ဝါကျွတ်တော့ ကွဲကွာသွားကြတာ ကိုရီးယားဘုန်းကြီးလည်း ဘယ်ရောက်သွားလဲ မသိဘူး၊ အမေရိကန် ဘုန်းကြီးတော့ အမေရိကပြန်သွားတယ်။ ဦးဇင်းလည်းပဲ တောထဲမှာသွားပြီး သီတင်းသုံးတယ်၊ နောင်နှစ်နှစ်လောက်နေတဲ့အခါမှာ ကံအားလျော်စွာ ကိုရီးယားဘုန်းကြီးနှင့် ဦးဇင်း ကျောင်းတစ်ကျောင်းမှာ ရုတ်တရက် မမျှော်လင့်ဘဲ ဆုံလိုက်ကြတယ်၊ ဦးဇင်းကို လက်အုပ်ချီပြီး ''အရှင်ဘုရား နေကောင်းသလား'' ဆိုပြီး မြန်မာလို ပီပီသသကြီး နှုတ်ဆက်တော့ အံ့သြသွားတယ်။

ကွန်ပျူတာကျောင်းသား ။ ။ အင်္ဂလိပ်လို နှုတ်ဆက်တာ မဟုတ်ဘူးလား ဘုရား။

ဦးဇင်း ။ ။ မဟုတ်ဘူး မောင်ကျောင်းသား၊ မြန်မာစကားကို ပီပီသသကြီး နှုတ်ဆက်တာ ဒါနှင့် ဦးဇင်းက ''အရှင်ဘုရား အင်္ဂလိပ်စကား ပြောတာလဲ လေယူလေသိမ်း သိပ်ကောင်းတယ်၊ အခု မြန်မာစကားပြောတဲ့အခါမှာလည်း လေယူလေသိမ်းကောင်းတော့ နားထောင်လို့ သိပ်ကောင်းတယ်ဘုရား'' လို့ အင်္ဂလိပ်လို ပြောပြလိုက်တော့ သူက ဦးဇင်းကို မြန်မာလို ''ဘယ်ကကြွလာသလဲ''လို့ ပီပီသသမေးပြန်တော့၊ ဒါနဲ့ သူ့ကို စဉ်းစားကြည့်တယ်၊ သူ ငါ့ကို ပြီးခဲ့တဲ့ (၂)နှစ်ကျော်ကာလက မြန်မာစာ သင်ရရင် ကောင်းမှာပဲ၊ ဘယ်လောက်ကြာ

မလဲလို့ မေးဖူးတယ်၊ ခု မြန်မာစကားပြောနေပြီ၊ ဒါကြောင့် ခုလိုမေးလိုက်တယ်"အရှင်ဘုရား ကိုရီးယား မပြန်သေးဘူးလား" ဆိုတော့ "မပြန်သေးဘူး" တဲ့ "ကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေပြီးတော့မှ မြန်မာစကားနဲ့ မြန်မာစာတွေ သင်နေတယ်"တဲ့။ သူတို့တတွေ မြန်မာစကားတတ်ဖို့အတွက် အချိန်တွေ ငွေတွေ အများကြီး အကုန်ခံပြီးတော့မှ ဆောင်ရွက်ကြ ရတယ် မောင်ကျောင်းသားတို့၊ ဘာလို့လဲဆိုတော့ မြန်မာစာရဲ့အနှစ်သာရကို သူတို့သိကြတယ်လေ။

ကွန်ပျူတာကျောင်းသား ။ ။မြန်မာစာရဲ့အနှစ်သာရက ဘာလဲဘုရား။

ဦးဇင်း ။ ။ **မြန်မာစာရဲ့ အနှစ်သာရ ဆိုတာက မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုရဲ့ ကျောထောက်နောက်ခံမှာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓစာပေ ရှိနေတယ်။** မြန်မာနိုင်ငံမှာ ရှိတဲ့ ဆရာတော်ဘုရားကြီးများရဲ့ ဩဝါဒအားလုံးကို အင်္ဂလိပ်လို ဘယ်ဘာသာ ပြန်နိုင်လိမ့်ဦးမလဲ၊ ပြန်နိုင် သလောက်ပဲ ပြန်နိုင်ကြပါသေးတယ်၊ ဒါကြောင့် မြန်မာ စာတတ်မှ သာလျှင်၊ ဒီစာပေတွေကို ပိုပြီးထဲထဲဝင်ဝင် နီးနီးကပ်ကပ် လေ့လာနိုင်မယ်ဆိုတာ သူတို့ သိလာကြ တယ်။ ဒါကြောင့်လေ့လာနေကြတာ မောင်ကျောင်း သားရဲ့။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်တို့ ငယ် ကတည်းက တတ် လာတာပဲဘုရား။

ဦးဇင်း ။ ။ အေး. . ဒါကြောင့် ငယ်ကတည်းက တတ်ထားလို့ကို တန်ဖိုးမထားတတ်တာပေါ့။ ငယ်ငယ်တည်းကနေ အစဉ်အလာတိုင်း သိလာတာဆိုတော့ ဒီအပေါ်မှာ မူတည်ပြီး မောင်ကျောင်းသားတို့ ဘာမှ ထူးထူးခြားခြား မခံစားရတော့တာပါ။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ တပည့်တော် နည်းနည်း သဘောပေါက်လာတယ်ဘုရား၊ ဟုတ်တယ် တပည့်တော်တို့အနေနဲ့ ဒီအခွင့်အရေးဟာ မွေးရာပါ အခွင့်အရေးပဲဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် အဲဒါကို အခွင့်အရေး တစ်ရပ်၊ ကံကောင်းခြင်းတစ်ခုလို့ တစ်ခါမှ မတွေးဖူးဘူးဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဦးဇင်းတောင် ဒါကို မတွေးမိဘူး၊ နိုင်ငံခြားက ဆရာတော်များနဲ့ ဆုံတဲ့အခါကြမှ သြော်. . သူတို့အမြင်နဲ့ ကြည့်တဲ့အခါကြတော့မှ တို့တတွေ မြန်မာနိုင်ငံမှာ လူဖြစ်ခွင့်ရတာဟာ သိပ် ကံကောင်းနေတာပါလား။ မြန်မာနိုင်ငံဟာ မြတ်စွာဘုရား ဟောတော်မူတဲ့ ပတိရူပဒေသပါလားလို့ စိတ်ထဲမှာက ပို၍ပို၍ ပီပြင်လာတယ်၊ ဒါနဲ့ ကျန်သေးတယ်။

MA ကျောင်းသား ။ ။ မှန်ပါ့ဘုရား၊ သိပါရစေဘုရား၊ စိတ်ဝင်စား လှပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒီ ဆရာတော် (၂)ပါး ပါဝင် ဩဝါဒစကားပြောစေ့အပြီး တစ်ပါးက ဦးဇင်းကို ''အရှင်ဘုရားတဲ့ . အရှင်ဘုရား ရွှေဥမင်ဆရာတော် ဘုရားကြီးထံပါးကို ညနေတိုင်း သွားပြီးတော့ ဆရာတော်ကြီးရဲ့ ဩဝါဒကို နားထောင် ပါဘုရားတဲ့၊ ပြီးလို့ရှိရင် တပည့်တော်တို့ကို တစ်နေ့ တစ်ပုဒ်ကလေးပဲဖြစ်စေ ဘာသာပြန်ပြီး ပြောပြပေးပါ နော်'' တဲ့ ''တပည့်တော်တို့ ဆရာတော်ဘုရားကြီးရဲ့ တရားကို နာချင်လွန်းလို့ ပါ''တဲ့ ''တပည့်တော် မြန်မာ စကားမတတ်တော့ အဲဒီအခွင့် အရေးမရလို့ပါဘုရား''တဲ့ အသံလေးတိမ်တိမ်နဲ့ မျက်နှာညှိုးညှိုးငယ်ငယ်နှင့် လျှောက်ထားရှာတယ်၊ မောင်ကျောင်းသားတို့။

ကွန်ပျူတာကျောင်းသား ။ ။ ဪ. . . သူတို့ ဒီဩဝါဒစကား ကလေးတစ်လုံးတစ်လေ သိရဖို့အတွက် ဘာသာ စကားဆိုတဲ့ တံတိုင်းကြီး ကာရံခံထားရှာတာပေါ့ ဘုရားနော်။

ဦးဇင်း ။ ။ ဩဝါဒစကားကလေး မဟုတ် ဘူး၊ မောင်ကျောင်းသား၊ ဩဝါဒစကားဆိုတာ ကြီးကျယ်တယ်၊ မြင့်မြတ်တယ်၊ နက်နဲတယ်ကွဲ့။

MA ကျောင်းသား ။ ။ တပည့်တော် နည်းနည်း လက်ခံလာပြီဘုရား၊ အဲဒီ ရှုထောင့်နဲ့ ကြည့်မှသာလျှင်၊ မိမိဘဝဟာ အရေတော် နေတာကို နည်းနည်း ပေါ်လွင်လာပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်တယ်၊ မြန်မာနိုင်ငံမှာ လူဖြစ်တာဟာ တော်ရုံတန်ရုံ ရှေးကပြုခဲ့ဖူးတဲ့ ကောင်းမှုကြောင့် မဟုတ်ဘူး၊ တော်တော့်ကိုကြီးကျယ်တဲ့ ကောင်းမှု ကုသိုလ်ကံရှိလို့ မြန်မာနိုင်ငံမှာ လူဖြစ်ခွင့်ရတာ မောင်ကျောင်းသားရဲ့၊ ပြီးတော့ မြန်မာစကား တတ်ရတာ တော်ရုံ တန်ရုံ ဘုန်းကံကြောင့် မဟုတ်ဘူး။

ကွန်ပျူတာကျောင်းသား ။ ။ တင်ပဲ့ါဘုရား၊ တပည့်တော် မြန်မာနိုင်ငံမှာ လူဖြစ်တာကို ဂုဏ်ယူနိုင်ပါပြီဘုရား။

ဦးဇင်း ။ ။ မြန်မာနိုင်ငံမှာ လူဖြစ်တာဟာ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိလို့ဆိုတာ လက်ခံနိုင်ရင် မြန်မာနိုင်ငံမှာ လူဖြစ်လာခြင်းဟာ ပတိရူပဒေသမှာ လူဖြစ်တယ်လို့ လက်ခံဖို့ မခဲယဉ်းတော့ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ ပတိရူပဒေသဆိုတာ ဘာလဲ ဘုရား။

ဦးဇင်း ။ ။ ပတိရူပဒေသဆိုတာက (Suitable place) ပါပဲ။

MA ကျောင်းသား ။ ။ Suitable place မှာ လူဖြစ်တာကို လက်ခံပါပြီဘုရား။ ဒါနဲ့ပဲ တပည့်တော်တို့ဘဝက လိုရင်း ရောက်ပြီလားဘုရား။

ဦးဇင်း ။ ။ မရောက်သေးပါဘူး၊ မရောက်သေးပါဘူး။

ကွန်ပျူတာကျောင်းသား ॥ ॥ ဘာများလိုပါသေး သလဲ ဘုရား။

ဦးဇင်း ॥ ॥ ဘာလိုဦးမလဲဆိုရင် Suitable place မှာ လူတော့ဖြစ်ပြီ၊ ဒါပေမဲ့ သပ္ပုရိသူပနိဿယ (To depend on good person) ဆရာကောင်း သမားကောင်းကိုမှ မှီဝဲ ဆည်းကပ်မှု မရှိဘူးဆိုရင်၊ ဒီအသိတွေ မရနိုင်ပြန်ဘူး။

MA ကျောင်းသား ॥ ॥ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာသမားကောင်း မရှိသေးရင် တပည့်တော်တို့ အကျိုးမလုံ လောက်သေးဘူးလို့ ယူရမှာလားဘုရား။

ဦးဇင်း ॥ ॥ မှန်တယ်၊ ဟုတ်တယ်၊ မလောက်သေးဘူး။

ကွန်ပျူတာကျောင်းသား ॥ ॥ ဒါဆို တပည့်တော်တို့ အနေနဲ့ အခုလို မြန်မာနိုင်ငံမှာ လူဖြစ်ပြီးတော့မှ မြန်မာစာတတ်ပြီးတော့မှ မြန်မာဘာသာစကားကို နားလည်ပြီးတော့မှ အခုလို ဆရာတော်၊ သံဃာတော်များထံ ချဉ်းကပ်ပြီး တော့မှ နက်နဲတဲ့တရားတွေကို နာကြားပြီးတော့မှ စဉ်းစား တွေးခေါ်ပြီးတော့မှ နေတာဟာ ပြည့်စုံပြီလား ဘုရား။

ဦးဇင်း ॥ ॥ မပြည့်စုံသေးဘူး။

ကွန်ပျူတာကျောင်းသား ॥ ॥ ဘာများ လိုပါသေး လဲဘုရား။

ဦးဇင်း ॥ ॥ အတ္တသမ္မာပဏိဓိလို ပြန် သေးတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါ့ဘုရား၊ ဘယ်လိုအဓိပ္ပါယ်ရပါသလဲဘုရား။

ဦးဇင်း ။ ။ ကိုယ်ရော စိတ်ရော ကောင်းအောင်ပြုတယ်လို့ အဓိပ္ပါယ်ရပါတယ်။ (To Keep one's mind and body in a proper way) လို့ ပြောနိုင်ပါတယ်။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ ဒါဆိုလို့ရှိရင် တပည့်တော် မှတ်သားမိတာက ဒီကနေ့ မြန်မာနိုင်ငံမှာ ဒီအဖေ အမေထံပါး လူဖြစ်ခွင့်ရပြီး သာသနာနှင့်ကြုံခွင့်ရတဲ့အပြင် သာသနာရဲ့ အဆုံးအမတွေကို ရရှိနိုင်တဲ့ သင့်တင့်တဲ့ အရပ်ဒေသမှာ တပည့်တော်တို့ လူဖြစ်တာ ကံကောင်းတယ်လို့ ယူနိုင်တာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ကံကောင်းရုံမက ကံထူးပါတယ်၊ အမေရိက၊ ဩစတြေးလျ၊ ကိုရီးယားဆရာတော်များ အမြင်နဲ့ ကြည့်ကြဦးလေ မောင်ကျောင်းသားတို့။

ကွန်ပျူတာကျောင်းသား ။ ။ မှန်လှပါဘုရား၊ ပြင်ပကကြည့်မှ မြန်မာနိုင်ငံမှာ လူဖြစ်တာ ကံကောင်းတယ်လို့ တပည့်တော် နားလည်လာပါပြီဘုရား။

MA ကျောင်းသား ။ ။ နောက်တစ်ချက်ကတော့ ကိုယ့်ကိုယ်ကို ကောင်းအောင်ပြုတယ်ဆိုတာ သိပ်မရှင်းသေးဘူး ဘုရား။

ဦးဇင်း ။ ။ ကိုယ့်ကိုယ်ကို ကောင်းအောင် ပြုတယ်ဆိုတာ လူဆိုရင် ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းပြီးတော့နေတာ၊ ပြီးတော့ တရားဘာဝနာတွေ အားထုတ်တာ၊ ဒါနတွေပြုတာ၊ တရားတွေ ဆွေးနွေးတာ၊ လျှောက်ထားမေးမြန်း စုံစမ်းတာ အဲဒါတွေ အားလုံးဟာ အတ္တသမာပဏိဓိထဲမှာပါတယ်။

MA ကျောင်းသား ။ ။ သိပ်ကိုနက်နဲပြီး ကျယ်ဝန်းပါတယ်။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ကောင်းတဲ့ အရပ်ဒေသမှာ နေရပြီထား၊ ရှေးကလဲ ကောင်းမှုကုသိုလ်ကံလည်း ပါပြီထား၊ ဆရာသမားကောင်း မှီရပြီ၊ ဒါလဲ ကိုယ့်ကိုယ်ကိုမှ ကောင်းအောင်နေချင်တဲ့ စိတ်ဆန္ဒမရှိဘူး ဆိုလို့ရှိရင် ဘယ်လောက်ကြီးပဲ သူ့ကို Right information တွေ good information data တွေ ပေးပေး သူ့အနေနဲ့ ဒါကို အကောင်အထည် ဖော်နိုင်ပါ့မလား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ မဖြစ်နိုင်ပါဘူး၊ ဒါကို သဘောကျပါတယ်ဘုရား၊ တပည့်တော်ရဲ့သူငယ်ချင်း တစ်ယောက်ရှိတယ်၊ သူဟာ မိကောင်းဖခင်ရဲ့ တစ်ဦးတည်းသောသား ဖြစ်ပါတယ်။ ပညာတွေလည်း တတ်ပါတယ်ဘုရား၊ ဘဝမှာ ကောင်းတာတွေကို ဘယ်လောက်ပဲ လုပ်ချင်လုပ်ချင် သူ့မှာ လုပ်ခွင့်ရှိတဲ့ အခြေအနေတွေ အပြည့်အဝ ရှိခဲ့သော်ငြားလည်း

သူဟာ  မိမိကိုယ်ကိုမိမိ  ကောင်းအောင်မနေခဲ့ဘူး။

MA ကျောင်းသား ။ ။ ဩော်. . . မင်းက နိုင်ထက်မင်းထက် အကြောင်းပြောတာလား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါ၊ ဟုတ်တယ်၊ သူ့ကြည့်လေ၊ မိဘဆိုလည်း တက္ကသိုလ်က ဆရာ၊ ဆရာမတွေ၊ လောကအနေနဲ့ အသိပညာကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ ဆိုဆုံးမမှုတွေလည်း ကောင်း ကောင်းမွန်မွန် ရခဲ့တယ်။ အမွေပစ္စည်းတွေလည်း နည်းနည်းနောနော မဟုတ်ဘူး ရလိုက်တာ။ ဒါပေမယ့် သူ့ဘ၀ကို သူ ကောင်းအောင် မနေခဲ့ဘူး၊ ဒါကြောင့် အသက် (၂၀)ကျော်ကျော်မှာပဲ ထောင်ကျ ရဲဘက် စခန်းရောက်တဲ့အထိ အဖြစ်ဆိုး သွားရှာတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဘုရားလက်ထက်ကလည်းပဲ မဟာဓနသူဌေးသားဆိုလို့ရှိရင် နောက်ဆုံး ခွက်လက်စွဲပြီးတော့ မှတောင်းစားတဲ့ဘ၀မျိုးအထိရောက်သွားခဲ့ပါတယ်။[၁]

ကွန်ပျူတာကျောင်းသား ။ ။ အဲဒါ မိမိကိုယ်ကို ကောင်းအောင် မပြုတာလို့ပြောရင် ရတာပေါ့ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ပြောလို့ရပါတယ်။

MA ကျောင်းသား ။ ။ အံ့ဩစရာကောင်းအောင် နက်နဲတဲ့ တရားပါပဲဘုရား။

၁။ ဓမ္မပဒ (ဒုတိယ)၊ မဟာဓနသူဌေးသားဝတ္ထု၊ နှာ-၈၁

ကွန်ပျူတာကျောင်းသား ။ ။ ဒါကို ဘာတရားလို့ ခေါ်ပါသလဲ ဘုရား။

ဦးဇင်း ။ ။ အကြောင်းတရားတွေ (၄)ပါးဖြစ်တဲ့ (၁) (ပတိရူပဒေသဝါသ) To live Suitable Place သင့်တင့်တဲ့အရပ်မှာ နေထိုင်ရတာရယ် (၂) (ပုဗ္ဗေစကတပုညတာ) Good deed done in the past life ရှေးရှေးဘဝက ပြုခဲ့တဲ့ကောင်းမှုရှိတာရယ် (၃) (အတ္တသမ္မာပဏိဓိ) To keep one's mind and body in a proper way မိမိကိုယ်စိတ်ကို ကောင်းအောင် ပြုတာရယ်နှင့် (၄) (သပ္ပုရိသူပနိဿယ) To depend on a good person သူတော်ကောင်းဆရာကောင်းကို မှီရတာရယ် ဟောတာဖြစ်လို့ စက် (၄)ပါးတရား။[1] လို့ခေါ်တယ် မောင်ကျောင်းသားတို့။

[1] ပါထိကဝဂ်ပါဠိ၊ နှာ-၂၃၀ ဝင်းအဋ္ဌကထာ၊ နှာ-၂၄၃

## စိတ်ကူးယဉ်၍ လမ်းလျှောက်နေသူများ

ယနေ့ ကဆုန်လပြည့်နေ့ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် Dr. အောင်သူနှင့် သား MA ကျောင်းသားတို့သည် ကျောင်းကိုလာရောက်ပြီး သောက်ရေဖြည့်ခြင်း တံမြက်စည်းလှည်းခြင်း ဘုရားသောက်တော်ရေချမ်း ပန်းများကို ဆက်ကပ် လှူဒါန်းနေဆဲတွင် ကွန်ပျူတာကျောင်းသားလည်း ရောက်ရှိလာသဖြင့် ကျောင်းအဝင်ဝ၌ ကျိုးကျနေသော သစ်ကိုင်းကြီးကို လွှဖြင့်တိုက်၍ ဖယ်ရှားကြပါသည်။ သူတို့လုပ်စရာရှိသော လုပ်ငန်းများ လုပ်ဆောင်ပြီးချိန်တွင် ဘုရားဆွမ်းတော်တင် ဆွမ်းသပိတ်ကို ဆေးကြောပြီး ထမင်းစားပြီးနောက် တရားလျှောက်ရန် ရောက်ရှိလာကြပါသည်။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် သင်္ကြန်တွင်းလည်း တရားကို ကြိုးကြိုးစားစား အားထုတ်ဖြစ်သေးတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

MA ကျောင်းသား ။ ။ ခုတလော ဖေဖေလည်း တရားကို အရင်ထက်ပိုပြီး စိတ်ဝင်တစား ရှိလာသလိုပဲဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ စိတ်ဝင်တစားရှိတယ် ဆိုတာ တရားထိုင် တာကိုပြောတာလား။

MA ကျောင်းသား။ ။ ထိုင်တာလည်း ပါမှာပေါ့။ တရားဆွေးနွေး ဖြစ်ကြ တယ်။ တရားစာတွေကို ဖတ်ဖြစ်တယ်။ သွားလေရာ မှာMP3 Stick ဆောင်ထားပြီးတော့မှ တရားနာတယ်။ အားတဲ့အခါလည်း စကြံလျှောက်နေတာ တွေ့တယ်။ အဲဒါကြောင့် တရားကို ပိုပြီး စိတ်ဝင်စားလာတယ်လို့ လျှောက်ထားမိတာပါဘုရား။

ဦးဇင်း ။ ။ အခါအားလျော်စွာ တရားအား ထုတ်တာ၊ အခါအားလျော်စွာ တရားဆွေးနွေးတာ၊ အခါအားလျော်စွာ ကိုယ်အား ထုတ်တာ မှန်တယ် မှားတယ် စသည်ဖြင့် စဉ်းစားတာ တွေက ကောင်းပါတယ်။[၁]

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အရေးကြီးတာက ဉာဏ်ပေါ် ဖို့နော်။

Dr. အောင်သူ ။ ။ တပည့်တော် နားလည်တာလေး တစ်ခုတော့ ရှိပါတယ်ဘုရား။

ဦးဇင်း ။ ။ လျှောက်ကြည့်ပါဦး။

၁။ ကာလသုတ်၊ စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၄၅၇

Dr. အောင်သူ ။ ။ လျှောက်ရမှာလည်း ဝန်လေး
လေးပဲဘုရား။

MA ကျောင်းသား။ ။ ဖေဖေလျှောက်ကြည့်မှပဲ
သိရမှာပေါ့။

Dr. အောင်သူ ။ ။ တပည့်တော် နားလည်သလို
လျှောက်ထားရရင်တော့ ဘဝ
တစ်ခု လုံး အမှားမှား အယွင်းယွင်းတွေ များခဲ့တယ်လို့ ခံစားရတယ်ဘုရား။

ဦးဇင်း ။ ။ အင်း ... ဆက်လျှောက်ပါဦး
ဖြစ်နိုင်ပါတယ်။

Dr. အောင်သူ ။ ။ ဥပမာအားဖြင့် ဘုရားတပည့်
တော် ပညာတွေ သင်ခဲ့ရတယ်
ဘုရား။ (၁၀) တန်းအောင်ပြီး ဆေးပညာကို ခုနစ်နှစ် သင်ခဲ့ရတဲ့အပြင် နောက်ထပ် ဘွဲ့လွန်တွေအတွက်ကို ပြည်ပနိုင်ငံတွေထိသွားပြီး နှစ်များစွာ သင်ခဲ့ရသေး တယ်ဘုရား။ အဲဒီတုန်းကတော့ ဒါကို ဘဝရဲ့ပန်းတိုင် အနေနဲ့ ကျားကုတ် ကျားခဲကြီး လုပ်ခဲ့မိတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ လုပ်သင့်တာကို
လုပ်တာပါ။

Dr. အောင်သူ ။ ။ ဒါပေမယ့် အနောက်နိုင်ငံ
တရားသမား တစ်ယောက်ရေး
တဲ့ စာကို ဖတ်ရတော့မှ တပည့်တော် မတ်တပ်ရပ်ရင်း ကနေပြီးတော့မှ တုန်လှုပ်ပြီး ချက်ချင်း ဒူးမခိုင်တော့ သလို ထိုင်ချလိုက်ရတယ် ဘုရား။

ဦးဇင်း ။ ။ ဒီလောက်ကြီး ထိခိုက်သွားတာ

ဘယ်လိုစာမျိုးကို ဖတ်မိပါလိမ့်။

Dr. အောင်သူ ။ ။ သူက Ph.D ဘွဲ့ ရထားတဲ့ ပညာရှင်ပါဘုရား။ နာမည်တော့ မေ့နေပြီ။ သူ့ဘဝမှာ နှစ်ပေါင်း (၄၀)ကြာ ပညာသင်ခဲ့ ရတယ်တဲ့။

MA ကျောင်းသား ။ ။ Ph.D အတွက် ဒီလောက် ကြီးပဲ ကြာသလားဖေဖေ။

Dr. အောင်သူ ။ ။ အလုပ်ခွင်ထဲ ရောက်ပြီးတော့မှ အလုပ်လုပ်ရင်း တစ်ဖက်က သုတေသနတွေပြုရင်း စာတမ်း ပြုစုလို့ရှိရင်တော့ ကြာတတ်တာပါပဲ။ အဲ့ဒီပညာရှင်က **သူ့အသက် လေးဆယ်လုံးလုံး သင်ကြားဆည်းပူး လေ့လာ မှတ်သားခဲ့ရတဲ့ ပညာရပ်တွေဟာ တကယ်တမ်း တော့ ထမင်းစားဖို့လောက်ပဲ ဖြစ်တော့တယ်တဲ့။ တရားအားထုတ်လာတဲ့အခါကျတော့မှပဲ ဘဝ နေနည်း ပညာကို သိရတော့တယ်တဲ့။**

ဦးဇင်း ။ ။ သိပ်နက်နဲတဲ့ စကားတစ်ခွန်း ပါပဲ။ သူတို့က စိတ်ရဲ့ခံစားမှုကို စကားနဲ့ သေချာ မှတ်တမ်းတင်နိုင် ကြပါပေတယ်။ ဟုတ်တယ် သူပြောတဲ့အတိုင်း မှန်တယ်။ **ပြင်ပက သင်ကြားမှု မှန်သမျှအားလုံးက ဘဝမှာ စားဝတ် နေရေး အဆင်ပြေရုံလောက်ကိုပဲ သင်ရတာပါ။ တကယ် စိတ်ချမ်းသာအောင် ဘဝ နေနည်းအစစ် ကိုတော့ ဘယ်ကျောင်းကမှ သင်ကြား ပေးတယ်လို့ မတွေ့ရသေးတာ တော်တော် စိတ် မကောင်းစရာ**

**ပါပဲ။ သဲလွန်စကလေးတောင်မှ သင်ကြားပြသပေးနိုင်တာ မရှိသေးဘူးဗျာ။**

Dr. အောင်သူ ။ ။ အဲဒီစာကလေးကို ဖတ်ရတဲ့ အခါမှာ ဘုရားတပည့်တော် ဘဝနဲ့ အတော်ကလေး တိုက်ဆိုင်နေတာကို တွေ့ရတယ်။ ဘုရား တပည့်တော်လည်း နှစ်ပေါင်းများစွာကြာတဲ့တိုင်အောင် ဒီဆေးပညာတွေကို သင်ကြားခဲ့ပါတယ်ဘုရား။ အခြားတပည့်တော် ဝါသနာပါတဲ့ အားကစားပညာတွေ ဂေါက်ရိုက်နည်း ပညာတွေ တင်းနစ်ကစားနည်းတွေလည်း ဆည်းပူးခဲ့သေးတယ် ဘုရား။ ရေကူးပညာကိုလည်း တပည့်တော် ကျွမ်းကျင်အောင် ဆည်းပူးခဲ့ပါသေးတယ်။ တကယ်တမ်းကနေ့ဘဝမှာ လောကဓံကြီးတွေ ကြုံတွေ့လာရတဲ့ အခါမှာ တော့ တပည့်တော်တတ်ထားတဲ့ပညာတွေဟာ တပည့်တော်ကို ဘာမှစိတ်ချမ်းသာအောင် အကူအညီ မပေးနိုင်တာပါလားလို့ ခု သိလာပါတယ် ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။

Dr. အောင်သူ ။ ။ အဲဒီလို လောကဓံဆိုးတွေ ခံနိုင်ဖို့အတွက်က မိမိရင်ထဲမှာ ဝိပဿနာပညာရှိမှသာလျှင် ခံနိုင်မယ်ဆိုတာကို တပည့်တော် သေသေချာချာ ယုံကြည်လာပါပြီဘုရား။

MA ကျောင်းသား။ ။ ကျောင်းပညာတွေ သင်ကြားရုံနဲ့ မပြည့်စုံသေးဘူးဆိုတာကိုတော့ ဘုရားတပည့်တော် နည်းနည်း ရိပ်မိတာကြာပြီဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ **ကျောင်းပညာရပ်ကို သင်ကြားရမယ်။ တစ်ဘဝတာ စားဝတ်နေရေး အဆင်ပြေဖို့အတွက်ကတော့ အထောက်အကူပေးနိုင်ပါတယ်။ ဒါပေမယ့် ဘဝကို အကောင်းဆုံးဖြစ်အောင် နေနည်းကိုတော့ အဲဒီမှာ မရနိုင်တဲ့အတွက်ကြောင့် ရှေ့ဆက်ပြီးတော့မှ လမ်းခွဲထွက်ပြီးလေ့လာရမှာ ဖြစ်ပါတယ်။**

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ဆက်ပြီးတွေးမိတာလေးရှိပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ပြောပြပါဦး။

Dr. အောင်သူ ။ ။ **ဘဝမှာလုပ်ခဲ့တဲ့ လုပ်ရပ်တွေထဲမှာ အများစုဟာ အမှားများတယ်လို့ တပည့်တော် ခံစားလာရတယ်ဘုရား။**

ဦးဇင်း ။ ။ ဒါဆိုရင်အမှန်ရှိသေးတာပေါ့နော်။

Dr. အောင်သူ ။ ။ ဟာ. . . ဒီမေးခွန်းက တပည့်တော်ဖြေဖို့ တော်တော်ဝန်လေးသွားပြီး ဘုရား။

ဦးဇင်း ။ ။ ဒီမေးခွန်းက ဖြေဖို့ မဟုတ်ဘူး။ စဉ်းစားဖို့ပါ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဒကာကြီး လျှောက်ထားတာက အမှား များတယ်ဆိုတော့ အမှန်နည်းနည်းတော့ ရှိသေးတဲ့သဘော သက်ဝင်လို့

ဒီမေးခွန်း မေးလိုက်မိတာပါ။

Dr. အောင်သူ ။ ။ အမှန်ကတော့ တော်တော်ကို နည်းသလား မရှိသလောက်ဘဲ လား ဆိုတာကိုတော့ တပည့်တော်ဆက်ပြီး အားထုတ်မှပဲ ဒါကိုသိလာမယ်လို့ ခန့်မှန်းမိတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် ငယ်တုန်းကထားခဲ့တဲ့ (Standard) စံတွေဟာ အခု တရားအသိအမြင်တွေ ပြောင်းလဲလာတဲ့အခါမှာတော့ တခြားစီလည်းဖြစ် တတ်ပါတယ်။ အဲဒါ (Value Change) ပါပဲ။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် (Value change)က များပါတယ်ဘုရား။ တပည့်တော် လျှော့ဖို့ ကျန်နေသေးတယ်ဘုရား။

ဦးဇင်း ။ ။ လျှော့ပါ. . . လျှော့ပါ။

Dr. အောင်သူ ။ ။ အရင်က ဘုရား တပည့်တော် ငွေရှာခဲ့တယ်။ ရာထူးတွေကို တိုးအောင် ကြိုးစားခဲ့တယ်။ ဝင်ငွေတွေ ကောင်းအောင် ကိုယ်ပိုင် ဆေးခန်းတွေ ဖွင့်ခဲ့တယ်။ အခုအသိနှင့်က အဲဒါတွေဟာ အဲဒီလောက် အရေးတကြီး မဟုတ်တော့ဘူး ဆိုတာကိုလည်းပဲ ခံစားလာမိတယ်ဘုရား။

ဦးဇင်း ။ ။ တရားအားထုတ်လာတော့မှပဲ စိတ်က Balance နည်းနည်း ရလာလို့ပါ။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို အရင်တုန်းက စိတ် Unbalance

ဖြစ်နေတာလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ တရားအားမထုတ်တဲ့ သူရဲ့စိတ်က Unbalance ဖြစ်နေတာပဲများပါတယ်။

Dr. အောင်သူ ။ ။ Balanceက တရားအားထုတ်မှပဲ ရနိုင်မယ်လို့ တပည့်တော်သိလာတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ **လောကကြီး တစ်ခုလုံး လိုချင်လိုချင်နှင့်ပဲ ရှုးသွပ်နေပါတယ်။ ဘာလို့ လိုချင်တာလဲ၊ ကောင်းလို့ ကောင်းလို့နှင့် တရုန်းရုန်း၊ တအုန်းအုန်းပဲ၊ ဒါပေမဲ့ တကယ် ကောင်းတာလား၊ လောဘကကောင်း ခိုင်းနေတာပါ။** အိပ်မက်ထဲတော့ ဟုတ်နေတာပဲ၊ နိုးလာရင် ဘာမှ မဟုတ်တော့ဘူး၊ အဲဒီဥပမာအတိုင်းပဲ အသိဉာဏ်ရှိပါမှ အမှန်မြင်တော့မယ်နော်။ အမှန်မြင်နေတော့ ဘာမှာမှ မဟုတ်တာ ဒါကိုသိဖို့ တရားအားထုတ်ရတာပါ။ ဒီလို ဉာဏ်ပွင့်လာဖို့ရာ တရားနာခြင်းနှင့် တရားအားထုတ်ခြင်းမှအပ တခြားလမ်း မဖြစ်ကောင်းပါဘူး။

Dr. အောင်သူ ။ ။ အရင်က ဟုတ်တယ်ထင်လို့ လုပ်ခဲ့တုန်းကတော့ ကျားကုတ်ကျားခဲ ကြိုးကြိုးစားစားလုပ်ရတာ တစ်မျိုးတော့တစ်မျိုး လေးနက်သလိုလို ခံစားခဲ့တယ်ဘုရား။ အခုလို သဘောပေါက်နားလည်လာတဲ့အခါကျတော့ စိတ်ထဲမှာ လေးနက်မှုမရှိဘူး ဖြစ်နေတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ သူ့ရဲ့သဘော အမှန်ကို သိလာလို့ပါ။

MA အောင်သူ ။ ။ သူ့ရဲ့ သဘောအမှန်က ဘာလဲဘုရား။

ဦးဇင်း ။ ။ သဘောအမှန်က ဘာမှမှမဟုတ်တာ, အနှစ်သာရဘာမှမှ မရှိတာ။ ဘာမှမဟုတ် အနှစ်သာရ ဘာမှမရှိ အချည်းအနှီးသော သဘောတရားကြီးပဲလို့ ဝိပဿနာဉာဏ်က နားလည်လာတာ။

MA ကျောင်းသား ။ ။ ခုလိုသိလာရင် အမှန်ကို အမှန်အတိုင်း သိတယ်လို့ ပြောနိုင်ပါသလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါကို အမှန်ကို အမှန်အတိုင်း သိလာတယ်ပြောလို့ ရပါတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် ဘုရားတပည့်တော် အခုမှ အမှန်ကို အမှန်အတိုင်း သိလာတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အခုမှအမှန်ကို အမှန်တိုင်းသိတာ အစပဲ ရှိသေးတယ်။

Dr. အောင်သူ ။ ။ နက်နဲလှချည်လားဘုရား။ သိစကလေးသိတာကကို ဘဝအပေါ် မှာ အသိအမြင်တွေ အတော်ကြီးကို ပြောင်းလဲသွားတယ်။ ဒါပေမဲ့ **အဲဒီအသိက ဘယ်အချိန်ကလေးမှာ ပြောင်းသွားတယ်ဆိုတာတော့ တိတိကျကျသိတာ**

**နည်းပေမဲ့ ပြောင်းတာတော့ အမှန်ပါပဲဘုရား။ ပြီးတော့ အရင်ကလည်း Value change ဖြစ်သွားလို့ သူ့အရင်လုပ်ခဲ့တာတွေ ရယ်စရာကြီး ဖြစ်ခဲ့ဖူးတယ်ဘုရား။ ဒါပေမဲ့ နောက်တစ်ကြိမ် သိလာတဲ့အခါမှာတော့ တန်ဖိုးထား လုပ်ခဲ့တာတွေဟာ တစ်ခါရယ်စရာကြီး ဖြစ်သွားပြန်တယ်။ ကျယ်ဝန်းနက်နဲလှပါတယ် ဘုရား၊ အံ့သြစရာပါပဲ ဘုရား။** ဒီထက် နက်နက်နဲနဲ သိလို့ရှိရင်တော့ ဘဝကို မြင်တဲ့အမြင်ဟာ တစ်မျိုး ပြောင်းဦးမယ်လို့ တပည့်တော်မှန်းဆမိပါတယ် ဘုရား။

ဦးဇင်း ။ ။ အမှန်ကို အမှန်အတိုင်း သိသွားတာပါ။ **ဘဝမှာ မသိလို့မှားခဲ့တာ၊ ခုတော့သိပြီ အမှား မခံတော့ဘူး။** အမှားကြီးမြင်နေတဲ့ သူနဲ့ အမှန်ကို အမှန်အတိုင်း မြင်တဲ့သူဘယ်ဟာ ကောင်းမလဲ။

Dr. အောင်သူ ။ ။ အမှန်ကို အမှန်အတိုင်းသိတာကောင်းပါတယ်။

MA ကျောင်းသား။ ။ ဘုရားတပည့်တော် ဒီအကြောင်း အရာကသိပ်မရှင်းဘူးဘုရား။ ဥပမာလေးနဲ့ အမိန့်ရှိပေးရင်ကောင်းမလားလို့ တွေးမိပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ တပည့်တော်လည်းဖြေသာ ဖြေလိုက်ရတာ စိတ်ထဲမှာ အားမရဘူးဘုရား။ ဥပမာနဲ့ ဆိုရင် ပိုကောင်းမှာပေါ့ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ ဥပမာနဲ့ ရှင်းပြပါမယ်။ ဈေးသွားဖို့ ပြင်ဆင်နေတဲ့ လူနှစ်ယောက်ရှိတယ် ဆိုပါစို့၊ ဈေးသွားဖို့ဆို ဘာတွေ ယူရမလဲ။

MA ကျောင်းသား။ ။ ဈေးခြင်းပါမယ်ဘုရား။ ပစ္စည်းတွေ ထည့်စရာ အိတ်တွေ ပါမယ်ဘုရား။ ပြီးရင် ဝယ်မယ့်ပစ္စည်းစာရင်း ပါနိုင်တယ်ဘုရား၊ ငွေတွေပါမယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ပြည့်စုံပါတယ်၊ မဖြူက ပိုက်ဆံအိတ်လည်း ပါတယ်။ ပိုက်ဆံအိတ်ထဲမှာ ဝယ်မယ့် ပစ္စည်းစာရင်းတွေလည်း ထည့်ထားတယ်။ ပြီးတော့ပိုက်ဆံအိတ်ကို ဈေးခြင်းတောင်းရဲ့ အောက်ဆုံးမှာ ထည့်ထားပြီးတော့ အပေါ်ကနေ အိတ်ခွံတွေ အုန်းဆီ ပုလင်းတွေဆီ ပုလင်းတွေလည်း ထည့်ပြီးတော့မှ ဈေးကို ကားစီးပြီးတော့သွားတယ်။ မဝါကတော့ ဈေးဝယ်ဖို့ခြင်းလည်း ပါတယ်။ စာလာ အိတ်တွေလည်းပါတယ်။ ဆီထည့်ဖို့ ပုလင်းတွေလည်းပါတယ်။ ကားခလည်းပါတယ်၊ ဈေးဝယ်မယ့် ပိုက်ဆံကိုတော့ ညကသေတ္တာထဲ ထည့်ပြီး သော့ခတ်ထားလိုက်တာ၊ အခု မနက်အိပ်ရာထ နောက်ကျတာနဲ့ ဈေးခြင်းတောင်းကိုပဲ ကိုင်ပြီးတော့မှ သူက ဈေးကိုလာခဲ့တယ်။

MA ကျောင်းသား။ ။ နှစ်ယောက် တူတူလာတာလား ဘုရား။

ဦးဇင်း ။ ။ မဖြူနှင့်မဝါနှစ်ယောက်စလုံး အတူတူလာခဲ့ကြတာ။ မဖြူက

ပိုက်ဆံအိတ်ပါတယ်။ မဝါက ကျန်တာအားလုံးပါတယ်။ ဒါပေမယ့် ပိုက်ဆံအိတ်တော့ မပါဘူး။ လမ်းလာရင်းနဲ့ သူတို့ ဘာလုပ်ကြမလဲ။

ကွန်ပျူတာကျောင်းသား ။ ။ သူတို့ စကားတွေ ပြောကြမယ် ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ စကားတွေပြောမယ်။ သူတို့ဝယ်မယ့် ပစ္စည်းတွေကို စိတ်ကူးယဉ်မယ်။ ပိုက်ဆံအိတ်ပါတဲ့သူလည်း စိတ်ကူးယဉ်လိမ့်မယ်။ ပိုက်ဆံအိတ် မပါတဲ့သူလည်း စိတ်ကူးတော့ယဉ်ပါလိမ့်မယ်။ အဲဒီ အချိန်မှာ လုပ်ရပ်ခြင်းက အတူတူပဲဖြစ်နေတယ်။ ကာယ ဝစီ မနောအားလုံး ဖြစ်စဉ်ခြင်းက အတူတူပဲ ဖြစ်နေတယ်နော်။ ဒါပေမယ့် တစ်ယောက်ကတော့ သူ ဝယ်သင့်ဝယ်ထိုက်တာ ဝယ်ချင်တာအားလုံး ပြည့်ပြည့်စုံစုံ ရသွားနိုင်ပြီး ဟိုတစ်ယောက်က မကြာခင် နောင်တရတော့မယ်။

Dr. အောင်သူ ။ ။ ပိုက်ဆံအိတ်မပါတဲ့သူက နို့မှုန့်ဗူးတို့ ကလေးပုခက်တို့ ဝယ်မယ် ဆိုရင်လည်း စိတ်ကူး ယဉ်တာပဲ ဖြစ်တော့မယ်ဘုရား။ သူရမှာ မဟုတ်ဘူး။ ကြက်သား ဝက်သား ကြက်သွန်ဆီတွေ ဝယ်မယ် ဆိုရင်လည်း စိတ်ကူးပဲရှိတော့မယ်။ အိမ်ဆောက်ပြီးထားလို့ ဘာဆေးရောင်သုတ်မယ်၊ ဘယ်လိုရေဆေး ရောင်သုတ်မယ်၊ ဘယ်လိုဆီဆေးရောင် သုတ်မယ် ဆိုတာတွေ စိတ်ကူးယဉ်သော်လည်းပဲ သူပိုက်ဆံအိတ် မပါတော့ စိတ်ကူးယဉ် သက်သက်ပဲ ဖြစ်တော့မယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ သူကတော့ စိတ်ကူး ယဉ်သက်သက်ပဲ ဖြစ်ပါတော့ မယ်။ သူဘာမှ ရလိုက်မှာမဟုတ်ဘူး။ သူ့မှာ ပိုက်ဆံ အိတ်မပါဘူး ဆိုတာလည်း ခုချိန်ထိလည်း မသိသေး ဘူး။ မသိသေးသမျှ ကာလပတ်လုံးကတော့ သူစိတ် အေးအေးနဲ့ပဲ သွားနေဦးမှာပဲ။

MA ကျောင်းသား။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အဲဒါဟာ မောဟနဲ့ သွားနေတာ ခေါ်တယ်၊ ဘာလုပ်လို့လုပ်မှန်း လည်းမသိ။ စိတ်ကူးယဉ်ပြီး သွားနေတယ်။ သူသွား နေတဲ့ လမ်းကြီးဟာ ဘာမှအကျိုးမရှိတဲ့ ခရီးပဲ။ စိတ်ကူးတွေ ယဉ်သွားနေတာနော်၊ ပိုက်ဆံအိတ်ကို အမောဟလို့ယူရင် ပိုက်ဆံအိတ် မပါတာဟာ မောဟ နှင့်သွားနေတာပါ။

MA ကျောင်းသား။ ။ မှန်ပါဘုရား။ ဘုရားတပည့် တော်၊ ပိုက်ဆံအိတ်နှင့် ဈေးသွားဖြစ်အောင် ကြိုးစားပါမယ်ဘုရား။

Dr. အောင်သူ ။ ။ တပည့်တော်တို့က ပိုက်ဆံအိတ် မပါဘဲနဲ့ ဈေးသွားသလို ဖြစ်နေ ရောသလားပဲ ဘုရား။

ဦးဇင်း ။ ။ မောဟက အပြစ်ကြီးလှတယ် မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ရှင်တော်ဘုရားမှ နတ္ထိ မောဟ

သမံ ဇာလံ[၁] လို့ ဟောတော်မူ ထားတယ်။ အဓိပ္ပါယ်က There is no net like Moha တဲ့။

MA ကျောင်းသား။ ။ မှန်လှပါဘုရား၊ မြန်မာလို အဓိပ္ပာယ်လည်း သိပါရစေဘုရား။

ဦးဇင်း ။ ။ မောဟနဲ့တူတဲ့ (net) ကွန်ယက် မရှိဘူးတဲ့ မောင်ကျောင်းသား၊ ဒီကွန်ယက်မှ ရုန်းထွက်နိုင်မှ သံသရာဝဋ်ဆင်းရဲက လွတ်လိမ့်မယ်နော်။

Dr. အောင်သူ ။ ။ Netက လွတ်အောင်ကြိုးစားပါတော့မယ် ဘုရား။

MA ကျောင်းသား။ ။ ဘုရားတပည့်တော်လည်း ကြိုးစားပါမယ်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်လည်းလေ့လာပါဦးမယ်ဘုရား။

---

၁။ ဓမ္မပဒဂါထာအမှတ် -၂၅၁

## စိတ်ဖြစ်တိုင်း သိပေးပါ

MA ကျောင်းသား။ ။ သောကစိတ်နှင့် မနာလို စိတ်တွေ ဖြစ်ဖြစ်နေတာကို တော့ တပည့်တော် ပိုပြီး သိသိလာတယ်ဘုရား။ တပည့်တော်စိတ်တွေက မကောင်းတာပဲများနေတယ် လို့တောင် ထင်မိပါတယ်ဘုရား။

ဦးဇင်း ။ ။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုပွားမည့် သူဟာ အရေး ကြီးဆုံးက မိမိ စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ ကို ပကတိရိုးရိုးသားသားသိနိုင်ဖို့ ကြိုးစားပြီး အမြဲတမ်း လေ့ကျင့်နေဖို့ လိုအပ်ပါတယ်။ ခုလိုပဲ မောင်ကျောင်း သားရဲ့စိတ်ထဲ ဖြစ်ဖြစ်နေတဲ့ သောက၊ ဣဿာတို့ကို သိသိနေတာ ကောင်းပါတယ်။

MA ကျောင်းသား။ ။ ဘုရားတပည့်တော် ရင်ထဲ ဖြစ်ဖြစ်နေတဲ့ ခုလိုကောင်း တဲ့စိတ်တွေရော မကောင်းတဲ့စိတ်ကိုပါ သိတာနှင့် မသိတာ ဘယ်လိုထူးခြားပါသလဲ ဘုရား။

ဦးဇင်း ။ ။ လောဘ၊ ဒေါသ၊ မာနစတဲ့ ကိလေသာတွေ ရှိနေသော်လည်း ရှိတာကိုရှိမှန်းသိတဲ့သူနှင့် ရှိမှန်းမသိတဲ့သူ နှစ်ဦးအနက် သိတဲ့သူက မြင့်မြတ်ပြီး၊ မသိတဲ့သူက ယုတ်ညံ့တယ်လို့ မူလပဏ္ဏာသ ပါဠိတော်မှာပြတယ် မောင်ကျောင်းသား။[၁] ယုတ်ညံ့တဲ့ ကိလေသာ ရှိတာကို ရှိမှန်းသိရင် သူ့စိတ်ကိုသန့်စင်အောင် လုပ်နိုင်ပေလိမ့်မယ်။ ရှိမှန်းလည်းမသိ၊ မရှိမှန်းလည်းမသိတဲ့ သူက ဘာလုပ်နိုင်တော့မလဲ။ ဒါကြောင့် မနာလိုတဲ့စိတ် ဖြစ်ရင် ဖြစ်မှန်းသိပေးရပါမယ်။ ဝန်တိုတဲ့စိတ် ဖြစ်ရင်လည်း ဖြစ်မှန်းသိပေးရပါမယ်။ စိုးရိမ်တဲ့စိတ်ဖြစ်ရင်လည်း သိရပါမယ်။ ကြောင့်ကျတဲ့စိတ်ဖြစ်ရင်လည်း သိရပါမယ်။ စိတ်ဓါတ်ကျတဲ့စိတ်ဖြစ်ရင်လည်း သိပေးရပါမယ်။ သောကစိတ်ဖြစ်ရင်လည်း သိပေးရပါမယ်။ စိတ်ပင်ပန်းတာ၊ စိတ်ထိခိုက်တာ ဖြစ်ရင်လည်း သိပေးရပါမယ်။ စိတ်ပူပန်တာ၊ စိတ်ထိခိုက်တာ ဖြစ်ရင်လည်း သိပေးရပါမယ်။ စိတ်ပူပန်တာ၊ စိတ်ပူလောင်တာ ဖြစ်ရင်လည်း သိပေးရပါမယ်။ သဒ္ဓါ၊ သီလထူးတဲ့ ပုဂ္ဂိုလ်တွေရဲ့ဂုဏ်ကို သေးသိမ်အောင် သိမ်ဖျင်းအောင် ပြုပြီးတော့မှ မိမိနှင့်တန်းတူ ပြုလိုတဲ့စိတ် (ပဠာသ) ဖြစ်ရင်လည်းပဲ သိပေးရပါမယ်။ ရန်ငြိုးဖွဲ့တာ (ဥပနာဟ) ဖြစ်ရင်လည်း သိရပါမယ်။[၂]

MA ကျောင်းသား ။ ။ ဒါတွေအားလုံး တပည့်တော်တို့ စိတ်ထဲ ဖြစ်တတ်ပါသလားဘုရား။

---

၁။ အနင်္ဂဏသုတ်၊ မူလပဏ္ဏာသပါဠိတော်၊ နှာ-၂၉

၂။ မဟာသတိပဋ္ဌာနသုတ်၊ သုတ်မဟာဝါပါဠိတော်

ဦးဇင်း ။ ။ ဒီစိတ်မျိုးတွေဟာ ပုထုဇဉ် သဏ္ဍာန်မှာ ဖြစ်နေကျပါပဲ။
ဒီစိတ်တွေကို အမည်နာမ အထူးတလည် သတ်မှတ် ရတာတော့ မဟုတ်ပါဘူး။ ဒီသဘောဟာ ဒေါသရဲ့ သဘောပဲဆိုတာကို ယေဘုယျ ဗဟုသုတအဖြစ် သိထားရင်လည်း လုံလောက်ပါတယ်။ ပဓါနကစိတ် ဖြစ်တိုင်း သိပေးဖို့ပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဒေါသစိတ် သဘောက သိပ်ကျယ်ပြန့်တာပဲ ဘုရား။ လောဘစိတ်သဘောကလည်း ခုလိုပဲလား ဘုရား။

ဦးဇင်း ။ ။ လိုချင်တဲ့စိတ် ဖြစ်လာရင် သိပေးရမယ်။ ချစ်တဲ့စိတ် ဖြစ်လာရင်လည်း သိပေးရပါမယ်။ ကြိုက်တဲ့ စိတ်ဖြစ် လာရင်လည်း သိပေးရမယ်။ လှည့်ပတ်လိုတဲ့ စိတ်ဖြစ် လာရင် သိပေးရမယ်။ မရှိတဲ့ဂုဏ်ကို ချီးကျူးပူဇော်မှု တွေကို လိုလားတဲ့စိတ် ပေါ်လာရင်လည်း သိပေးရ မယ်။ ဝါကြွား ပလွှားတဲ့စိတ်ပေါ်ရင် သိပေးရမယ်။ သီလမရှိဘဲနှင့် သီလတရားရှိသကဲ့သို့ နေပြလို တဲ့စိတ် ပေါ်ရင်သိပေးရမယ်။ ပျင်းရိတဲ့သူ ဖြစ်ပေမယ့် ဝီရိယ ရှိတယ်လို့ သိစေချင်တဲ့စိတ်တွေ ပေါ်ရင်လည်း သိပေး ရမယ်။ ပညာမရှိဘဲနှင့် ပညာရှိတယ်လို့ သိစေချင်တဲ့ စိတ်ပေါ်ရင်လည်း သိပေးရမယ်တဲ့ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ တပည့်တော်တို့ အရပ်ထဲ ပြောဆိုနေကြတဲ့ လောဘ

စိတ် ဒေါသစိတ်ထက် အများကြီးကို အသေး စိတ် သွားပြီဘုရား။

ဦးဇင်း ။ ။ ကျန်ပါသေးတယ်။ ထောင်လွှားဝင့်ကြွားပြီး မာန်ဝင်တဲ့ စိတ်တွေ ပေါ်လာရင်လည်း သိပေးရပါမယ်။ ရတနာ သုံးပါးဘုရား၊ တရား၊ သံဃာမှာ ယုံမှား သံသယ ဖြစ်တဲ့စိတ်တွေပေါ်ရင်လည်း သိပေးရမယ်။ စိတ်တွေ ညစ်ညျုး လေးလံထိုင်းမှိုင်းတာကိုလည်း သိပေးရမယ်။ စိတ်တွေပျံ့လွင့်ရင်လည်း သိပေးရမယ်။ အကျဉ်းချုပ် လိုက်မယ်ဆိုရင်တော့ စိတ်မှာ ကုသိုလ် စိတ်ပဲ ဖြစ်ဖြစ်၊ အကုသိုလ်စိတ်ပဲဖြစ်ဖြစ် ဘာမှန်း ညာမှန်း မသိတဲ့ စိတ်တွေပဲဖြစ်ဖြစ် အဲဒါတွေ အားလုံးကို သိနေဖို့ပါပဲ။ ဒါတွေဟာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းရဲ့ ရှုကွက်တွေပါပဲ။

MA ကျောင်းသား ။ ။ မနေ့ကထိုင်ပြီး ဝင်လေ ထွက်လေကို ရှုသိနေပါ တယ်ဘုရား။ အတန်ကြာတဲ့အခါမှာတော့ ခန္ဓာကိုယ် မှာပေါ်ရာကို ဖြန့်ကြည့်ပါတယ် ဘုရား။ ဝင်လေကြောင့် ရင်ထဲတင်းသွားတာ ထင်းရှားနေတယ်။ ထွက်လေ ကြောင့် ဝမ်းဗိုက်ထဲ လျှော့သွားတာ ထင်ရှားနေတယ် ဘုရား။ နှလုံးခုန်လဲ ထင်ရှားလို့သိနေပါတယ်။ ခန္ဓာ ကိုယ်တစ်ခုလုံး တုန်ခါတာလဲ သိရတယ်။ စိတ်ထဲမှာ အတွေးအတော ဖြစ်သွားတာလဲ ရှိတယ်။ ဒါကိုလည်း သိနေပါတယ်။ ဒါပေမယ့် မကြာလိုက်ဘူး။ ရှုစိတ်က ဘယ်ရောက်လို့ ရောက်မှန်းမသိဘဲ တစ်နေ့က မြစ်ဆိပ် မှာ နွားတွေ့ကြတဲ့ မြင်ကွင်းကနေ စပိန်နွားရိုင်းပွဲအထိ

ရောက်သွားတယ်ဘုရား။ Story ပြီးမှပဲ သတိပြန်ရတယ်။

ဦးဇင်း ။ ။ ဒါက စိတ်ပျက်ရမယ့် ကိစ္စ မဟုတ်ပါဘူး၊ မောင်ကျောင်းသား။ ရှေ့စိတ် ဖြစ်တာတွေကို နောက်စိတ်က သိသိပေးနေဖို့ပါပဲ။ လေ့ကျင့်ရင် မခက်ပါဘူး။ အစပိုင်း ဒီလိုပဲဖြစ်တတ်ပါတယ်။ အစမှာတော့ မြင်စရာ၊ ကြားစရာ၊ နမ်းရှူစရာသာ အာရုံဖြစ်ပေမယ့် သဘောပေါက်လာတဲ့ ယောဂီအဖို့တော့ စိတ်ကလည်း အာရုံပဲ ဖြစ်သွားတော့တယ်နော်။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ ခု နောက်ပိုင်း တရားအားထုတ်ရင် ခန္ဓာကိုယ်မှာ ထင်ထင်ရှားရှား ပေါ်လာတာ အလိုလိုပဲ သိသိသွားတယ်လို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ စိတ်မှာပဲ ဖြစ်ဖြစ် ကိုယ်မှာပဲ ဖြစ်ဖြစ် သိသာထင်ရှားရင် သိလွယ်ပါတယ်။ ပမာအားဖြင့် ခန္ဓာကိုယ်မှာ သိသိသာသာ နာတာဖြစ်ဖြစ်၊ ကိုက်ခဲတာ ယားယံတာရှိလာရင် စိတ်က သူ့အလိုလို အဲဒါကို သိနေတတ်ပါတယ်။ ခုလို သိသိနေတာကို ကုသိုလ် ဖြစ်နေပါပြီ။

MA ကျောင်းသား ။ ။ ဒါဆိုရင် ခန္ဓာမှာ မရှုဘဲ နေရင်တော့ ကုသိုလ်ဖြစ်ပါ့မလားဘုရား။

ဦးဇင်း ။ ။ မဖြစ်ပါဘူး၊ ဆိုင်ရာဆိုင်ရာ မဂ်နှင့် ကိလေသာကို ပယ်ပြီးတဲ့ အရိယာမှာသာ ကိလေသာ မဖြစ်ဘဲ နေမှာပါ။

ပုထုဇဉ်မှာက ရွံစရာ မုန်းစရာ အာရုံနှင့်ဆုံရင် မရွံအောင်၊ မမုန်းအောင် စိတ်ကို ဘယ်လို ထားနိုင်မလဲ။

MA ကျောင်းသား ။ ။ ထားမရနိုင်ပါဘုရား။

ဦးဇင်း ။ ။ ဝမ်းနည်းစရာ၊ စိတ်ညစ်စရာ၊ စိတ်ပူ စရာအာရုံနှင့်ကြုံဆုံပါပြီတဲ့ ဝမ်းမနည်းအောင်၊ စိတ်မညစ်အောင် စိတ်မပူအောင် စိတ်ကို ဘယ်လိုထားမလဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ထားမရနိုင်ပါဘုရား။

ဦးဇင်း ။ ။ ဘာဝနာအလုပ်မှ မရှိရင် စိတ်အိမ်ကို မစောင့်ရှောက်နိုင်ဘူး မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ တင်ပါဘုရား။

ဦးဇင်း ။ ။ **ကုသိုလ်သာ မပြုဘဲနေလို့ ရနိုင်ပေမယ့် အကုသိုလ်ကိုတော့ ဘာဝနာ မရှိတဲ့သူမှာ မဖြစ်အောင် တားမရနိုင်ဘူးကွဲ့။**

MA ကျောင်းသား ။ ။ တင်ပါဘုရား။

ဦးဇင်း ။ ။ သတိပဋ္ဌာန် အလေ့ အကျင့်မရှိတဲ့သူတွေမှာတော့ **ရာထူးကြီးလေ မာနကြီးလေ၊ လောကပညာတွေ တတ်လေ မာနကြီးလေ၊ ဉစ္စာဓနကြွယ်ဝလေ မာန်ကြီးလေ အကောင်းလောကဓံတွေကြုံသမျှ ကိလေသာတိုးလေပါပဲ၊ ဒါပေမဲ့ ဝိပဿနာသမားကျတော့ တရားတိုးလာလေ သိမ်မွေ့လာလေ၊ မာန်မာနတွေ လျော့လေ၊ ပိုအားထုတ်လေ ထင်ပေါ်ချင်တဲ့**

**မပဟိစ္ဆသဘော လျော့လေ၊ ပိုပြီးတရားအချိုးကျလေ အလိုနည်းတဲ့၊ ရောင့်ရဲတဲ့ အပ္ပိစ္ဆသဘောက ပေါ်လွင်လေပဲ။** သတိပဋ္ဌာန် အလေ့အကျင့်ကောင်းတဲ့ ယောဂီမှာလည်းပဲ သိသာထင်ရှားတဲ့ မနာလိုတဲ့စိတ်တို့၊ ဝန်တိုတဲ့စိတ်တို့ သောကတို့ မာယာ ပရိယာယ် လုပ်လိုတဲ့စိတ်တို့ဖြစ်ရင် ဖြစ်ဖြစ်ချင်း သိနေတော့ တာပါပဲ။ တစ်ခုပြီးတစ်ခုလည်း ထင်ရှားပါတယ်။ စိတ်က အာရုံကိုပဲသိတာ မောင်ကျောင်းသား၊ ဉာဏ်ကမှ အာရုံရဲ့သဘောကို သိနိုင်တာနော်။

MA ကျောင်းသား။ ။ ဘုရားတပည့်တော် ရံခါ စိတ်ထဲ မွန်းကျပ်လာရင်တော့ သူ့အလိုလိုပဲ သိနေတော့တယ်ဘုရား။ ရှောင်မရပါ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် ၊ ဟုတ်တယ်။ မောင်ကျောင်းသား။ ရှောင်လို့မှမရတာ။ ဒါပေမယ့် **Body နှင့် Mind က ပုံမှန်အခြေအနေရှိနေရင်တော့ သတိက လွတ်ချင်တယ်။ ထင်ရှားရင်တော့ ရှုစိတ်က သူ့အလိုလိုသိပြီးနေပြီ။ ဝိပဿနာတရားအားထုတ်တဲ့ အတွေ့အကြုံရှိသူတိုင်း သိနိုင်ကြပါတယ်။**

MA ကျောင်းသား။ ။ ဟုတ်ပါတယ်ဘုရား၊ ပုံမှန်အခြေအနေမှာက ရံခါ မနည်းကြိုးစားပေးရပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မှန်ပါတယ်။

MA ကျောင်းသား။ ။ စကြံလျှောက်တဲ့အခါမှာလည်းပဲ အာရုံနှင့် တိုက်ဆိုင်

တိုင်း ကြိုက်စိတ်တွေ၊ မကြိုက်စိတ်တွေ၊ မလိုတဲ့ စိတ်တွေ၊ ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ်တွေ ညစ်ညမ်းတဲ့စိတ်၊ မညစ်ညမ်းတဲ့စိတ်တွေ ပေါ်လာရင် လည်း အဲဒီ ပေါ်လာတာလေးကို တစ်ခါတစ်လေတော့ တစ်ချက်ချင်း၊ တစ်ချက်ချင်း သိသိပေးနေပြီး တစ်ခါ တစ်လေတော့ လွတ်သွားတယ် ဘုရား။

ဦးဇင်း ။ ။ ဖြစ်တတ်ပါတယ်။ စိတ်ဆို တာ သိမ်မွေ့လွန်းတယ်။ မျက်စိနှင့်လည်းမမြင်နိုင်ဘူး။ လက်နဲ့လည်း စမ်းသပ်လို့ မရနိုင်ဘူး။ ကိုယ်နှင့်လည်း ထိတွေ့လို့ မရဘူး၊ အလိုရှိတဲ့အာရုံကို သွားလေ့ ရှိတဲ့စိတ်ကို ပညာရှိက ဆုံးမရပါတယ်။[၁] စိတ်ကိုလည်း စိတ်နှင့်ပဲ သိနိုင်ပါတယ်။ ဒါကြောင့် ရှုပွားတဲ့နေရာမှာ နည်းလမ်း မှန်ကန်ဖို့ လိုပါတယ်။ **ဝိပဿနာတရား အားထုတ်တာကို ခက်ခဲလှတယ်လို့တော့ ပြောလို့ မရပါဘူး။ ဒီ့ထက် ခက်ခဲတဲ့ အလုပ်တွေကို လူတွေ လုပ်နိုင်ကြပါတယ်။ စင်မြင့်ပေါ်တက်ပြီး လက်ဝှေ့ ထိုးရတာ မလွယ်လှပါဘူး။ အမြင့်ခုန်ရတာ၊ ကျွမ်းဘားကစားရတာတွေ မလွယ်လှပါဘူး။ အမျိုး မျိုးသော တီထွင် ဖန်တီးမှုတွေ လုပ်ရတာလည်း လွယ်ကူလှတဲ့ အလုပ် မဟုတ်ပါဘူး။ ဒါတွေကို အောင်မြင်ဖို့ လေ့ကျင့်ရတာပါပဲ။ သတိပဋ္ဌာန် ဝိပဿနာ ပညာကိုလည်း လေ့ကျင့်ဖို့လိုတာပါပဲ။ ခက်ခဲတယ်ဆိုပြီးတော့မှ မလေ့ကျင့်ဘူး။ မလေ့လာ ဘူးဆိုရင်တော့ ဘယ်တော့မှ တိုးတက်လာဖို့ အကြောင်း မရှိနိုင်တော့ပါဘူး။**

---

၁။ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော် (နှာ-၁၈၉)

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်တို့ ကြိုး
စားမှာပါဘုရား။ (၁၀)

တန်းအောင်ဖို့ ကြိုးစားတုန်းကလည်း မလွယ်လှ
ပါဘူးဘုရား။ စာမေးပွဲကျတဲ့လူတွေ အများကြီးကြားမှာ
တပည့်တော်တို့ ထူးထူးချွန်ချွန် အောင်ခဲ့ပါတယ်
ဘုရား။ ခုလည်း ထူးချွန်အောင် ကြိုးစားပါမယ်ဘုရား။

ဦးဇင်း ။ ။ သာဓုဗျာ. . . သာဓု . . .
သာဓု (၁၀)တန်း စာမေးပွဲကို

ထူးထူးချွန်ချွန် အောင်မြင်ခဲ့သလို ဝိပဿနာပညာမှာ
လည်း ထူးထူးချွန်ချွန် အောင်မြင်နိုင်ပါစေဗျာ။

ကျောင်းသားများ ။ ။ ပေးတဲ့ဆုနှင့် ပြည့်စုံပါ
စေဘုရား။

# သတိရှိတာနှင့် ကြိုးစားတာ

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် ကျောင်း မရောက်တာလည်း နည်း နည်းကြာသွားပြီဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ မရောက်ဖြစ် တာ ကြာသွားပြီနော်။ တက္ကသိုလ်ကျောင်း သွားနေလို့လား။

MA ကျောင်းသား ။ ။ (ညာခြေထောက် ခြေမျက်စိ အထက်နားမှ ပတ်တီးဖြူကို ပြကာ) ကန်တော့ပါဘုရား။ ဒီခြေထောက်က တစ်ခါ နာသွားပြန်လို့ပါဘုရား။

ဦးဇင်း ။ ။ ဘယ်လိုဖြစ်သွားပြန်တာလဲ၊

MA ကျောင်းသား ။ ။ ရေချိုးခန်းထဲ ချော်လဲသွား တာပါဘုရား။ ခုတော့ တော်တော်ကြီး သက်သာနေပါပြီ။ ခြေထောက် အနား ပေးရမယ်ဆိုတော့ ဘယ်ကိုမှ မသွားရဘူးဘုရား။ ဒါကြောင့် တရားကိုပဲဖိပြီး အားထုတ်ဖြစ်သွားတယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့၊ တစ်နေ ကုန် တရားအားထုတ်နေ တာပဲလား။

MA ကျောင်းသား ။ ။ တရားစာအုပ် ဖတ်တယ် ဘုရား။ တရား တိတ်ခွေ

နာတယ်ဘုရား။ တရားမှတ်စု (Note) လေးတွေ ရေးထုတ်တယ်။ တရားလည်း ရှုပွားပါတယ် ဘုရား။ တစ်မျိုးပြီးတစ်မျိုးလုပ်တော့ မပျင်းဘူးပေါ့ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တာပေါ့။ ရဟန္တာ မထေရ်မြတ်တို့လည်း အချိန်ပြည့် ဖလသမာပတ် နိရောဓသမာပတ် ဝင်စားနေတော်မူတာ မဟုတ်ဘူးတဲ့။ တရားနာတော်မူတဲ့အခါလည်း ရှိတယ်။ တရားဟောတော်မူတဲ့အခါလည်း ရှိတယ်။ မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိပွားတော်မူတဲ့အခါလည်း ရှိတယ်လို့ စာပေမှာပြတယ်။

ကွန်ပျူတာကျောင်းသား ။ ။ သူလည်း ကျောင်းလာချင်တာနှင့် ဒီနေ့တော့ တပည့်တော်လည်း လိုက်လာတာပါဘုရား။

ဦးဇင်း ။ ။ လူစုံသွားတာပေါ့။ ခြေထောက် ကောင်းတဲ့လူတွေကရော တရားအားထုတ်ဖြစ်ကြရဲ့လား။

စက်မှုကျောင်းသား ။ ။ မေးလျှောက်စရာလေးတွေ ရှိနေပါတယ်ဘုရား။

ဦးဇင်း ။ ။ မေးခွန်းရှိရင် အလုပ်ရှိလို့ ပဲလို့ ယူဆရမှာပါ။

စက်မှုကျောင်းသား ။ ။ ဝိပဿနာရှုပွားရတာ ပစ္စုပ္ပန်ဆိုတာကြီးကို ဘယ်လိုများ နားလည်ရမလဲဘုရား။

ဦးဇင်း ။ ။ ဝိပဿနာ ရှုပွားတယ်ဆိုတာက ပစ္စုပ္ပန် တည့်တည့်ကိုပဲ ရှုပွားရတယ်ဆိုတာ မှန်ပါတယ်။ ပစ္စုပ္ပန်ဆိုတာက လက်ငင်းတိုက်ဆဲ၊

ဖြစ်ဆဲ၊ တွေ့ဆဲ၊ ကြားဆဲ၊ မြင်ဆဲ၊ နံ့ဆဲ၊ ထိတွေ့ဆဲကိုပြောတာပါ။

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။[၁]

အတိတ်ခန္ဓာကိုလည်း အစဉ်မလိုက်ရဘူး။ အနာဂတ် ခန္ဓာကိုလည်း မတောင့်တရဘူး။ အတိတ် ခန္ဓာဟာ ချုပ်ပျောက် ပြီးပြီ။ အနာဂတ်ခန္ဓာကလည်း မရောက်လာသေးပါဘူး။ ပစ္စုပ္ပန်ဖြစ်တဲ့ ခန္ဓာငါးပါး သဘောတရားကို ဖြစ်ဆဲခဏ ဖြစ်ဆဲခဏမှာ သာလျှင် ဝိပဿနာ ရှုပွားရပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုရင် ပစ္စုပ္ပန်တည့်တည့်ကို ထိုင်ပြီးတော့ ဝိပဿနာ ရှုရမှာလားဘုရား။

ဦးဇင်း ။ ။ ထိုင်ပြီးတော့မှပဲ ရှုပွားရမယ်လို့တော့ မဟုတ်ပါဘူး။ ခန္ဓာကိုယ်မှာဖြစ်နေတဲ့ သဘောမှန်ကို အမှန် အတိုင်း သိသိနေအောင် ကြိုးစားမယ်ဆိုတဲ့စိတ်နှင့် အသိကပ်ထားပြီးတော့မှ ရှုသိနိုင်လာသူအဖို့ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုထ်မရွေးမှာဘဲ သင်္ခါရ တရားတွေဟာ အမြဲတမ်း အသစ် အသစ်ချည်းသာ ဖြစ်နေတာပဲ။ ရေမှာ တုတ်နှင့်ရေးသလို၊ ပန်းပွင့်ပေါ်က နှင်းပျောက် နေခြည်ဖြာတာနှင့် ကုန်ပျောက်လွင့်သလို၊ လျှပ်စီးလက်သလို ကာလတိုကလေးပဲ တည်တာပါလား။ သင်္ခါရတရားတွေဟာ အချိန်ပြည့်ပဲ နှိပ်စက်နေတာပဲရှိတယ်။ ပြိုကွဲနေတာပဲရှိတယ်။ မတည်တံ့နေတာ ပဲရှိတယ်။ ပေါ်ပြီးပျောက်နေတာပဲ ရှိတယ်ဆိုတာကို သဘောပေါက်လာဖို့ မခက်ခဲ

[၁]။ ဘဒ္ဒေကရတ္တသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ၊ နှာ-၂၂၆

တော့ပါဘူး။[၁]

MA ကျောင်းသား ။ ။ နေရာမရွေး၊ ဣရိယာပုထ် မရွေး၊ ဒါကိုတော့ တပည့်တော် နည်းနည်း Applied လုပ်လို့ ရနေပြီဘုရား။ တစ်ခါတစ်ရံ ရှုမှတ်မှု အဆင်ပြေနေရင်တော့ တပည့်တော်ခန္ဓာကြီးဟာ စက်ယန္တရားတစ်ခုခု အလုပ်လုပ်တာကို ဘေးက ကြည့်နေရသလိုပါပဲ။ ဘာမှကို မတတ်နိုင်တဲ့သဘောတရား၊ ဖြစ်ချင်တိုင်းဖြစ်နေတာပါလားလို့ နည်းနည်းပါးပါးတော့ သိလာပြီလို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဟုတ်တယ်၊ မောင်ကျောင်းသား။ အဲဒါတွေကို ကိုယ်ကလည်း ဘာမှမတတ်နိုင်ဘူး။ သူတစ်ပါး တစ်စုံတစ်ယောက်ကလည်း ဘာမှ မတတ် နိုင်ပါဘူး။ ဘယ်လိုတရားနှင့်မှ ပြုပြင်ပြုပြင်၊ ပြုပြင်ပြီးတော့ မရတဲ့ တရားကြီးပဲဆိုတာ ဉာဏ်ထဲမှာ ရှင်းလာဖို့ လိုပါတယ်။ အဲသလို ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်နေတာ ဘယ်လောက် မြန်သလဲဆိုတာ ပြောပြနိုင်မလား။

MA ကျောင်းသား ။ ။ မြန်လွန်းတာကြောင့် မိနစ် စက္ကန့်နှင့် ပြောမရဘူးထင်ပါတယ်။ တအားကိုပဲမြန်လွန်းပါတယ်ဘုရား။

ဦးဇင်း ။ ။ တစ်ချို့ယောဂီတွေ လျှောက်ထားကြတာတော့ ရှိပါတယ်။ ရေပြင်ကြီးပေါ် မိုးရေတွေ ကျသလိုတဲ့။ မိုးပေါက်တွေကျပြီး ရေပြင်ကို ထိတာပဲ မြင်လိုက်ရ

---

၁။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ်၊ ဒုတိယတွဲ၊ နှာ-၂၆၉

တယ်။ မရှိတော့ဘူး။ ခန္ဓာမှာလည်း ဒီလိုပဲ သိခါမျှပဲ ရှိသေးတယ် မရှိတော့ဘူး။ သိရုံမျှပဲရှိသေးတယ် ပျောက်သွားပြီ။

MA ကျောင်းသား ။ ။ မိုးကောင်းကင်ပြင်မှာ လျှပ်စီး လက်သလို မြန်မြန်ကြီး ပျောက်ပျောက်သွားတယ်လို့ စာထဲ ဖတ်ဖူးပါတယ် ဘုရား။[၁]

ဦးဇင်း ။ ။ ဒါက မဟာနိဒ္ဒေသပါဠိတော် ဂုဟဋ္ဌက သုတ်မှာ ဖော်ပြတဲ့ ဥပမာပါ။ ပရမတ္ထဓမ္မက ပေါ်လာပြီးရင်း ပျောက်သွားရင်းကို ပေါ်လွင်အောင် ဖော်ပြပေးတဲ့ ထိမိတဲ့ ဥပမာတွေပါပဲ။ ကမ္မဋ္ဌာန်း အချိုးကျတဲ့ ယောဂီဟာ စာထဲကတိုင်းပဲ သိလာနိုင်တာပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ အနတ္တသဘောတို့၊ အနိစ္စသဘောတို့ကို ကျတော့ တပည့်တော်တို့ ဘယ်လိုနားလည်ရမလဲ ဘုရား။

ဦးဇင်း ။ ။ စက္ကန့်မလပ် ဒလစပ်ပဲဖြစ်ပြီး ပျက်၊ပေါ်ပြီး ပျောက်နေတာဟာ မခိုင်ခံ့တဲ့သဘောတရားကြီးပဲ၊ မတည်တံ့တဲ့ သဘောတရားကြီးပဲဆိုတာ ခိုင်ခိုင်မာမာ သေသေချာချာ ဉာဏ်နှင့်သိလာတဲ့ ယောဂီအဖို့ ဒီသဘောတရားကြီးဟာ အနတ္တသဘောပဲဆိုတာ စကားလုံးနှင့် မပြောပြတတ်တာပဲရှိပါလိမ့်မယ်။ ဒီသဘောတရားက အနိစ္စ သဘောတရားပဲ၊ ဒုက္ခ သဘောတရားလို့

---

၁။ မဟာနိဒ္ဒေသပါဠိ၊ ဂုဟဋ္ဌကသုတ္တ (နှာ-၃၃)

သုတမယ Knowledge နည်းရင် မပြောပြတတ်တာပဲ ရှိပါတယ်။ သူ သေသေချာချာတော့ သိနေပါပြီ။ ဘာဖြစ်လို့လည်းဆိုရင် ဖောက်ပြန်နေတယ်။ မခိုင်ခံ့ဘူး၊ မတည်တံ့ဘဲဖြစ်နေတာကို သူ ကိုယ်တိုင်သိနေလို့ပါပဲ။

MA ကျောင်းသား ။ ။ တပည့်တော်တို့ အဲသလို တော့မသိသေးပါဘူးဘုရား။

ဦးဇင်း ။ ။ ကြိုးစားအားထုတ်ရင် သိလာမှာပါ။

MA ကျောင်းသား ။ ။ ကြိုးစားပြီးတော့ ထိုင်နေတာပဲ ဘုရား။

ဦးဇင်း ။ ။ **ကြိုးစားပါဆိုတာက ထိုင်ဖို့ကိုချည်းပဲ ပြောတာ မဟုတ်ဘူး မောင်ကျောင်းသား။ နေရာမရွေး၊ အချိန်မရွေး၊ ကြိယာပုထ်မရွေး Intuitive Awareness အသိသတိရှိဖို့ကို ပြောတာနော်။ အခုလို အသိ သတိရှိလာအောင် လေ့ကျင့်နေတာကိုပဲ ကြိုးစားတယ်လို့ ခေါ်ပါတယ်။ ခုလို နေနိုင်အောင် လေ့ကျင့်နေသူကိုလည်း ကြိုးစားနေသူလို့ ခေါ်ရပါတယ် မောင်ကျောင်းသားတို့။**

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် ကြိုးစားသူဖြစ်အောင် လေ့ကျင့်ပါမယ်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် လည်းကြိုးစားပါမယ် ဘုရား။

## လမ်းစဉ်နှစ်သွယ် ကြိုက်ရာရွေးယောဂီ

ယနေ့ မောင်သီဟကျော် တစ်ဦးတည်း ဆွမ်းဘုဉ်းပြီးချိန်၌ ရောက်လာပြီး တံမြက်လှည်း ရေခပ်၊ သပိတ်ဆေးပြီးနောက် သပိတ်ကို ရေပြောင်စင်အောင် သုတ်၍ နေလှန်းကာ သပိတ်အိတ်၌ ထည့်ပါသည်။ ထို့နောက် သပိတ်ကို သိမ်းဆည်းပြီး၊ သူမေးမြန်းလျှောက်ထားလိုသည့် အကြောင်းအရာကို စတင်မေးလျှောက်ပါသည်။

MA ကျောင်းသား။ ။ ကောင်းတဲ့စိတ်နှင့် မကောင်းတဲ့စိတ်၊ မကောင်းတာကပဲများနေပါတယ်ဘုရား။ အရင် မသိခင်တုန်းကတော့၊ တပည့်တော်ရဲ့ စိတ်တွေ ကောင်းတယ်လို့ပဲ ထင်ထားခဲ့တယ်၊ အခု ဝိပဿနာတရားကို ရှုတတ်လာတော့ စိတ်က လိမ်လို့မှ မရတာပဲ[၁] ဘုရား။ သူတစ်ပါးကို ဝန်ခံလို့မရတဲ့ စိတ်တွေကို အများကြီးပဲဘုရား။ တပည့်တော် စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ရမှာကို စိတ်တောင်ပျက်သလိုလို ဖြစ်လာမိပါတယ်ဘုရား။

---

၁။ စိတ္တာနုပဿနာ၊ မဟာသတိပဋ္ဌာန်သုတ်၊ သုတ်မဟာဝါပါဠိတော် (နှာ-၂၃၇)

ဦးဇင်း ။ ။ ဝိပဿနာ သတိပဋ္ဌာန်တရားကို နည်းလမ်းတကျ အားထုတ်တတ်လာလို့ ခုလို ကိလေသာ ရှုကွက်ကို သိလာတာပါ၊ အဲဒါကို ယောဂီက စိတ်ပျက်ရမှာ မဟုတ်ပါဘူး။

MA ကျောင်းသား ။ ။ အရင်တရားအားထုတ်ခါစက ဒီလောက် မကောင်းတဲ့စိတ် မများဘူးဘုရား၊ ဘုရားရှိခိုး၊ မိဘကို ရှိခိုး၊ ပုတီးစိပ်နေခဲ့တာ ကြာပါပြီဘုရား၊ ခု ဝိပဿနာတရား အားထုတ်မှပဲ မကောင်းတဲ့ ကိလေသာတွေ ပိုပြီးတောင်များလာသလားလို့တောင် ထင်မိပါတယ်ဘုရား။

ဦးဇင်း ။ ။ ပိုများလာတာတော့ မဟုတ်ပါဘူး၊ အရင်က ဝိပဿနာ မရှုတတ်တော့ ခုလိုစိတ်တွေ ရှိလို့ရှိမှန်းကို မသိခဲ့တာပါ။ ခုမှပဲ တရားအခြေခံရလာလို့ သိလာတာပါ မောင်ကျောင်းသား၊ **''ခုလို မိမိရဲ့သန္တာန်မှာ ကိလေသာရှိရင် ရှိမှန်းသိတာ မြင့်မြတ်တယ်''လို့ ပါဠိ စာပေတွေမှာ ပြပါတယ်။[၁] ကြိုးစားပြီးတော့မှပဲ ရှုမှတ်ရပါမယ်။ ဖြစ်ပေါ်လာတဲ့လောဘ၊ ဒေါသစတဲ့ ကိလေသာကို ရှုမှတ်မှုနှင့်ပဲ ပယ်ရပါမယ်။ ရှုမှတ်မှု အားကောင်းလာတဲ့အခါမှာတော့ ကိလေသာတွေ တစ်စတစ်စ ပါးပါးလာတာကို ယောဂီကိုယ်တိုင် သိနိုင်ပါတယ်။ ဒါပေမယ့် ဒီနေ့ကိလေသာတွေ ဘယ်လောက်ပါးပြီလဲ၊ ဘယ်လောက်ကျန်သေးသလဲ ဆိုတာကို သိဖို့ကတော့ မဖြစ်ကောင်းပါဘူး။**

၁။ အနင်္ဂဏသုတ်၊ မူလပဏ္ဏာသပါဠိတော်၊ နှာ-၂၉

MA ကျောင်းသား။ ။ အဲသလို ကိလေသာပါးပါး သွားတယ်ဆိုတာကို ဘယ်လို နားလည်ရမလဲဘုရား၊ တပည့်တော်မှာတော့ များများလာသလို ခံစားနေရလို့ပါဘုရား။

ဦးဇင်း ။ ။ ဒါက ပိဋကတ်ထဲက ဥပမာနှင့် ပြောပြမှ ဖြစ်မယ် မောင်ကျောင်းသား၊ **လက်သမားဆရာကြီး တစ်ယောက် ပဲခွပ်ရိုးကိုကိုင်ပြီး အလုပ်လုပ်လာတာ နေ့တိုင်း နေ့တိုင်းပဲ သုံးနေသမျှ သုံးနေသမျှ လက်ကိုင်ရိုး ပွန်းပြီးတော့ ကုန်ပြီးတော့မှ သွားနေပါတယ်။ တဖြည်းဖြည်းနှင့် ကာလကြာလာတော့ လက်ကိုင်ရိုးမှာ လက်ရာ ထင်လာပါတယ်။ ဒါပေမယ့် ဒီနေ့ ဘယ်လောက်ပွန်းပြီး လက်ရာ ဘယ်လောက်ထိ ထင်ခဲ့တယ်ဆိုတာကိုတော့ပြောလို့ မဖြစ်နိုင်ကောင်းပါဘူးတဲ့။ ဒီဥပမာ အတိုင်းပါပဲ၊ ယောဂီရဲ့ ရှုမှတ်မှုတိုင်း၊ ရှုမှတ်မှုတိုင်းမှာ ကိလေသာတွေက ပါးလာပါသော်လည်းပဲ မနေ့က ဘယ်လောက်ပါးသွားတယ်၊ ဒီကနေ့ဘယ်လောက်များ ပါးသွားပြီ ဆိုတာကိုတော့ မသိ နိုင်ပါဘူး။ ရက်တွေ၊ လတွေ၊ နှစ်တွေ ကြာလာတဲ့ အခါမှာတော့ ပဲခွပ်ရိုးပေါ်မှာ လက်သမားဆရာကြီးရဲ့ လက်ရာတွေ ကောင်းကောင်းကြီး ထင်ရှားလာတော့မှပဲ ''သြော်–ဒီ ပဲခွပ်ရိုးပေါ်မှာ လက်ရာတွေတောင် ထင်နေပါပကော'' လို့ လက်သမားဆရာက သိလာနိုင်သလို၊ ဝိပဿနာတရား အားထုတ်တဲ့ ပုဂ္ဂိုလ်မှာလည်းပဲ အရိယာ ဖြစ်ပြီးတဲ့အခါမှ သာလျှင် ကိလေသာတွေ**

**ဘယ်လောက် ကုန်သွားပြီဆိုတာကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာ သိနိုင်ပါတယ်။[၁] ဒါပေမယ့် ဝိပဿနာဉာဏ် ရင့်သန်လာတဲ့ ယောဂီမှာလည်းပဲ ကိလေသာဖောတွေ တစ်ခါတစ်ရံမှပဲ ဖြစ်ပါတော့တယ်။ ဒါလည်းပဲ ရှုလိုက်တာနှင့် ပယ်ပြီးသားဖြစ်ပြီး ဝိပဿနာရှုမှတ်မှုတွေပဲ တစ်ဆက်တည်း ဖြစ်နေတတ်ပါတယ်။**

MA ကျောင်းသား။ ။ အဲသလို ဝိပဿနာပြီး ဝိပဿနာ တစ်စဉ်တစ်ဆက်ထဲဖြစ်တာ ရှိပေမယ့် ရှားပါတယ်ဘုရား။

ဦးဇင်း ။ ။ ဖြစ်တတ်ပါတယ်။ ကြိုးစားပါ မောင်ကျောင်းသား။

ဒါက ဉာဏ်အထူးရင့်သန်လာတဲ့အခါမှာတော့ နှစ်သက်စရာ၊ သဘောကျစရာ၊ ဒါမှမဟုတ် မနှစ်သက်ဖွယ်ရာ၊ သဘောမကျစရာ အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အထိအတွေ့တွေ၊ အတွေးအကြံတွေ အသီးသီး ဆုံပါသော်လည်းပဲ ကိလေသာ ဖောတွေ မဖြစ်ဘဲ ဝိပဿနာ ကုသိုလ်ဖောမျှပဲ ဖြစ်နေပါတော့တယ်။ ဝုဋ္ဌောမျှသာ ဖြစ်တယ်။ အဲဒီ ဝီထိစိတ်ကိုလည်းပဲ အခြားမဲ့မှာ ရှုနိုင်ပြီးတော့မှ အရှိန်မပျက် ဝိပဿနာပဲ တစ်ဆက်တည်း ဖြစ်ပြီးတော့မှ နေပါတော့တယ်၊ အဲဒီအခါမှာတော့ ဝိပဿနာရှုတဲ့ ယောဂီဟာ ဝိပဿနာရှုဆဲမှာ ကိလေသာတွေ ကင်းငြိမ်းတယ်။[၂] ဆိုတာကို ထင်ထင်ရှားရှား ကိုယ်တိုင်ဉာဏ်နှင့် သိနိုင်ပါတယ်။

---

၁။ ဝါသိဇ္ဇေသုတ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၁၂၆

၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် တရားအားထုတ်ပြီးမှ သိအောင်ကြိုးစားပါမယ်ဘုရား။ ဒါပေမယ့် ခုလောက် ကလေးသိလာမှပဲ ငါဘာမှ မသိသေးဘူးဆိုတာ ပေါ်လွင်လာတယ်ဘုရား။

ဦးဇင်း ။ ။ အရင်ကလည်း ရိပ်သာဝင်ဖူးတာပဲ၊ ဟိုတုန်းက ခုလို မပေါ်လွင်ဘူးလား။

MA ကျောင်းသား ။ ။ အရင်က ငါ တရားသမား၊ ငါ အများကြီး သိတာဆိုပြီး 'မာန' တော်တော်ကြီးခဲ့တာဘုရား၊ ခုလို သေသေချာချာ အားထုတ်လာမှပဲ အသိအမြင် ပြောင်းတာကိုတော့ နည်းနည်းရိပ်မိလာပါတယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ လူတွေမှာက ရာထူးကြီးလေ၊ အဲဒီရာထူးကြောင့်ကို 'မာန' ကြီးလေဖြစ်တယ်၊ ပညာတွေ တတ်လေ၊ အဲလို ပညာကြောင့်ကို 'မာန' ကြီးနေကြတော့တာ၊ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာလေ 'မာန' ထူပြောလေ ဖြစ်ကြတယ် မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ဝိပဿနာလမ်းကြောင်းနှင့်က ပြောင်းပြန်လို ခံစားမိတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်၊ ဝိပဿနာတရားမဂ္ဂင်ရှစ်ပါးလမ်းက သေသေချာချာ အားထုတ်လေ၊ **ပိုပြီး သိမ်မွေ့လာလေ၊ ပိုပြီးအားထုတ်လေ၊ ပိုပြီး သိမ်မွေ့လာလေဖြစ်လာပြီး၊ ပိုပြီးသိလေ မာန ပိုလျော့လေ၊**

**ပိုနားလည်လာလေ၊ ငါ့သိတာတွေ ဘာမှမဟုတ်ပါလားလို့ သိလေပဲ၊ ဒါမှ တရားတိုးတက်တယ်ခေါ်တာ မောင်ကျောင်းသား။ ကိလေသာပါးတဲ့လမ်းကြောင်းဆိုတာ မမေ့ပါနဲ့နော်။**

MA ကျောင်းသား ။ ။ မာနကလည်း ကိလေသာပဲကိုးဘုရား။ ဒါကြောင့် နည်းနည်းလျော့လာတာထင်ပါတယ်။

ဦးဇင်း ။ ။ ကြိုးစားအားထုတ်ပါ။ လောက လူသားတွေရဲ့ သွားရိုးလမ်းစဉ်နှင့်တော့ ကွာလွန်းတယ်ကွဲ့။

MA ကျောင်းသား ။ ။ တပည့်တော် ခုလိုသိလာမှ နည်းနည်း လွတ်လပ်သလို ခံစားလာမိတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် မောင်ကျောင်းသား၊ **ဝိပဿနာလမ်းကြောင်းက မှန်လာလေ၊ ပို၍ ပို၍ သိလာလေ၊ ပို၍ လွတ်လပ်လေ။ များများ သိလာလေ များများ လွတ်လပ်လေပဲ။**

MA ကျောင်းသား ။ ။ အလုံးစုံသိရင်တော့ အလုံးစုံလို လွတ်လပ် ပြီပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် မောင်ကျောင်းသား၊ မောင်ကျောင်းသားတို့ လူငယ်တွေက လက်တည့်စမ်း ချင်ကြတယ်၊ လောကမှာ လက်တည့်စမ်းမယ့်စမ်းရင် မဂ္ဂင်ရှစ်ပါးလမ်းကိုပဲ လက်တည့်စမ်းစေချင်တယ်။

MA ကျောင်းသား ။ ။ ဘာဖြစ်လို့လဲ ဘုရား။

ဦးဇင်း ॥ ॥ ကာမဂုဏ်လမ်းစဉ်ကို လက်တဲ့စမ်းမိ သွားရင်တော့ တုပ်နှောင်ခံရတော့မယ်။ ရုန်းမရ၊ ထွက်မရ၊ ဖြည်မရ တော့ဘဲ ဘဝတစ်ခုလုံးရဲ့လမ်း ကြောင်း Life Channel ပါ ပြောင်းသွားနိုင်တယ် မောင်ကျောင်းသား။

MA ကျောင်းသား ॥ ॥ အန္တရာယ်များသား ဘုရား။

ဦးဇင်း ॥ ॥ သံနှင့်လုပ်ထားတဲ့ ထောင်ချောက်၊ သစ်သားနှင့် လုပ်ထားတဲ့ ထောင်ချောက်ကို ခိုင်မြဲတယ်လို့ ပညာရှိများက မဆိုပါဘူးတဲ့ မောင်ကျောင်းသား။

MA ကျောင်းသား ॥ ॥ သူ့ထက်သာတာ ဘယ်ထောင်ချောက် ရှိသေးလို့လဲ ဘုရား။

ဦးဇင်း ॥ ॥ သူ့ထက်သာတဲ့ ထောင်ချောက်က **ခပ်လျော့လျော့နှင့် နှောင်ဖွဲ့လို့ နှောင်ဖွဲ့မှန်းမသိ အလွန်ဖြည်ရခက်တဲ့ သား၊ သမီး၊ ဇနီး၊ မယား၊ ရာထူး၊ စည်းစိမ်ပေါ်မှာ တပ်မက်တဲ့ ငဲ့ကွက်တဲ့ နှောင်ဖွဲ့မှု သံယောဇဉ် ပါပဲတဲ့ဗျာ။**[၁]

MA ကျောင်းသား ॥ ॥ သဘောပေါက်ပါပြီ ဘုရား။ ဒါကြောင့် လက်တဲ့စမ်းမယ့် စမ်းရင် မဂ္ဂင်ရှစ်ပါးလမ်းကို စမ်းသင့်တယ်ဆိုတာ ခုနားလည်ပြီဘုရား။ နို့မဟုတ်ရင် ရုန်းမရ၊ ဖြည်မရဘဲ ဘဝလမ်းကြောင်း တစ်ဆစ်ချိုး မယ်ဆိုတာ နားလည်ပြီ ဘုရား။ ဘုရားတပည့်တော် ရဟန်းဝတ်မှာပါဘုရား။

၁။ ဗန္ဓနသုတ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၇၇

ဦးဇင်း ။ ။ ရဟန်းမဝတ်ခင်ကတည်းက ခုလို သိအောင်လေ့လာထားရင် ပိုကောင်းတာပေါ့ မောင်ကျောင်းသား။

MA ကျောင်းသား။ ။ မှန်ပါဘုရား၊ တရားနာရတာ ခုတလော ပိုပြီးပျော်လာတယ်ဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ၊ ဒါဆိုရင် နည်းနည်း နားထောင်ကြည့်ဦး။ အိုးအိမ်ထူ ထောင်တာဟာ ကိလေသာ ဖြစ်စရာဌာနတဲ့ မောင်ကျောင်းသား။

MA ကျောင်းသား။ ။ လူတွေအားလုံး အဲဒါကို ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် လုပ်နေကြတယ်ဘုရား။

ဦးဇင်း ။ ။ လူတွေလုပ်တာကိုပဲ ကြည့်ပြီး မှားမှန် ဆုံးဖြတ်လို့မဖြစ်ဘူး မောင်ကျောင်းသား။ ဓမ္မဓိဋ္ဌာန်ကျတဲ့ သဘာဝနှင့် မဆန့်ကျင် တဲ့ ပေတံနှင့် ဆုံးဖြတ် တိုင်းတာမှသာ အဖြေမှန်ရမယ်။

MA ကျောင်းသား။ ။ အဲဒီ ပေတံကဘာလဲဘုရား။

ဦးဇင်း ။ ။ အဲဒီပေတံကတော့ နားထောင်ကြည့်ပါဦး။ ပါဠိတော်ရွတ်ပြမယ်နော်။

MA ကျောင်းသား။ ။ တက္ကသိုလ်မှာ ပါဠိသင်ရတော့ ပါဠိတော် နားထောင်ရတာ ဝါသနာပါတယ်ဘုရား။

ဦးဇင်း ။ ။ ယံ ပရေ သုခတော အာဟု၊ တဒရိယ အာဟု ဒုက္ခတော၊ ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။[၁]

MA ကျောင်းသား ။ ။ ပါဠိဂါထာက ကာရံနှင့် ဆိုတော့ နားထဲ အလွန်နား ဝင်ချိုလှတယ်ဘုရား။ အဓိပ္ပါယ်တော့ တိတိကျကျ ကွက်ကွက်ကွင်းကွင်း မပေါ်ပါဘူးဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ မောင်ကျောင်း သား။ ဒီပါဠိတော်ရဲ့ ဆဋ္ဌမူ မြန်မာပြန် အဓိပ္ပါယ်ကတော့ **"သူတပါးတို့ ချမ်းသာ ဟုဆိုအပ်သောအရာကို အရိယာတို့သည် ဆင်းရဲ၏ ဟု ဆိုကုန်၏။ သူတပါးတို့ ဆင်းရဲဟု ဆိုအပ်သော အရာကို အရိယာတို့သည် ချမ်းသာဟုဆိုကုန်၏" တဲ့ဗျာ။**[၂]

MA ကျောင်းသား ။ ။ သူတော်ကောင်းပုဂ္ဂိုလ်တို့ရဲ့ အမြင်နှင့်က ပြောင်းပြန် ဖြစ် သွားတာပဲဘုရား။ အံ့ဩစရာ ကောင်းပါတယ်ဘုရား။ နက်နဲလှပါတယ်ဘုရား။ ကာမဂုဏ် လမ်းစဉ်ဖက်ကို တော့ Life Channel မပြောင်းချင်တော့ပါဘူးဘုရား။ ပြောင်းမဲ့ပြောင်းရင် မဂ္ဂင် Channel ကိုပဲ ပြောင်းဖို့ ဆုံးဖြတ်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကြိုးစားအားထုတ်ကြ မောင် ကျောင်းသား။ အကယ်၍ နောက်နောင်ဘဝတွေ ဘဝတွေ ရှိနေဦးမယ်ဆိုရင်

၁။ ပဉ္စမရူပါရာမသုတ်၊ သဠာယတနသံယုတ်ပါဠိတော်၊ နှာ-၃၄၂
၁။ ပဉ္စမရူပါရာမသုတ်၊ သဠာယတနသံယုတ်ပါဠိတော် (ဆဋ္ဌမူ) နှာ-၃၃၅

တောင် ပူလောင်ပင်ပန်းပြီး ညစ်နွမ်းစေတဲ့ ကာမဂုဏ်ရဲ့ ကျေးကျွန်တော့ မဖြစ်ကြ စေနဲ့တော့၊ ဘာဖြစ်လို့လဲ ဆိုရင် ကာမဂုဏ်လမ်းစဥ်က အမှားအယွင်းများလွန်းပြီး အကုသိုလ်တိုးပွားလွန်းလို့ပါ။

ကျောင်းသားများ ။ ။ လိုက်နာပါမယ်ဘုရား။

ဦးဇင်း ။ ။ ကာမဂုဏ်ဟာ ဘဝရဲ့ ပန်းတိုင် မဟုတ်တော့ဘူး ဆိုရင် ဘဝလမ်းကြောင်း ရှင်းလင်းသွားပြီ။

ကျောင်းသားများ ။ ။ ကြိုးစားပါ့မယ်ဘုရား။

ဦးဇင်း ။ ။ ဘဝပန်းတိုင်အမှားကို ပယ် လိုက်နိုင်ရင် ပန်းတိုင်အမှန်ကို လှမ်းလျက်ပဲ၊ ပန်းတိုင်အမှန်ကို လှမ်းလိုက်ရင်လည်း ပန်းတိုင်အမှားက ပယ်ပြီးသားပဲ မောင်ကျောင်းသား။

ကျောင်းသားများ ။ ။ မှတ်သားပါ့မယ်ဘုရား။

ဦးဇင်း ။ ။ ဒီအသိကို နိဗ္ဗာန်မရသေးတဲ့ ဘဝတိုင်း မပျောက်ဖို့တော့ အရေးကြီးလှတယ်ဗျာ။

## ဘဝလွတ်မြောက်ရေးကို ဦးတည်သူ

ယနေ့ ညနေပိုင်း နေပူပူကြီးထဲတွင် MA ကျောင်းသား မောင်သီဟကျော်နှင့် ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားတို့ ကျောင်းကို ရောက်ရှိလာ ကြပါသည်။ ကျောပေါ်၌လည်း အထုပ်သေးသေး ကိုယ်စီပါလာကြသည်။ ခြေထောက်ရေဆေးပြီးနောက် ဝတ်ပြုပြီးသောအခါ

MA ကျောင်းသား ။ ။ ဘုရားတပည့်တော်တို့ ဒီနေ့ ညကျောင်းမှာ အိပ်ခွင့်ပြုပါ ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်တို့ နှစ်ယောက်စလုံး အိပ်ရာခြင်ထောင်လည်း ပါပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘယ့်နှယ့်ဖြစ်လာကြတာ တုန်း။ အိမ်က စိတ်အနှောင့်အယှက်ဖြစ်ပြီးများ လာကြ ရော့လား မောင်ကျောင်းသားတို့။

MA ကျောင်းသား ။ ။ အိမ်မှာ စိတ်အနှောင့် အယှက် မဖြစ်ခဲ့ပါဘုရား။ ရပ်ကွက်ထဲမှာ ဖြစ်လာခဲ့တာပါ။

ဦးဇင်း ။ ။ ဟာ၁. . . ဘာ၁တွေ များ ဖြစ်လာကြသလဲ။ ဖြေရှင်း ပြီးကြပြီလား။

ကွန်ပျူတာကျောင်းသား ။ ။ ဖြေရှင်းရတဲ့အထိတော့ မဟုတ်ပါဘူး ဘုရား။

ဦးဇင်း ။ ။ ဒါဆိုရင် ဘယ်လို ပြဿနာ လဲကွယ့်၊ ရှင်းရှင်းလင်းလင်း လျှောက်ကြပါဦး။

MA ကျောင်းသား။ ။ အိမ်ရဲ့ နောက်ဖက်မှာက ကာရာအိုကေရုံ ရှိတယ် ဘုရား။ အိမ်ရဲ့ တောင်ဘက်မှာက နတ်ကနားပွဲ ရှိနေတယ်၊ ခုတစ်ခါ အိမ်ရဲ့မြောက်ဘက် သုံးအိမ်ကျော်က မင်္ဂလာဆောင်ရှိပြန်တော့ ဆူညံတာကို မခံနိုင်လွန်းလို့ တောထဲကို ဝင်လာကြတာပါဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ပြဿနာကဒါပါပဲဘုရား။

ဦးဇင်း ။ ။ သြော်. . . အေးအေး ဟုတ်ပါပြီ။ **လူတွေက သူတို့ ဉာဏ် ရှိသလောက် အကောင်းဆုံးကို လုပ်နေကြတာပါ။ အကောင်းဆုံးကို မြင်ပုံခြင်းတော့ မတူကြဘူးလေ။**

MA ကျောင်းသား။ ။ အကောင်းဆုံးကို မြင်ပုံခြင်း မတူတော့ တန်ဖိုးထားပုံခြင်းလည်း မတူတော့ဘူးပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ တကယ်မှန်တဲ့ တန်ဖိုးကိုသိဖို့တော့ ခက်သားပဲ မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ သိဖို့ ကြိုးစားရင်တော့ သိနိုင်မှာပဲနော် အရှင်ဘုရား။

ဦးဇင်း ။ ။ သိဖို့ ဘယ်တော့ ကြိုးစားမှာလဲ။ ဒါကလည်း ကံပါရမီတွေ လိုသေးတာပဲကွဲ့။ **ဇမ္ဗူဒိပ်ကျွန်းမှာ မွေ့လျော်ဖွယ်ကောင်းတဲ့နေရာက ရှားပါးသလို လောကမှာ မြတ်စွာဘုရားရှင်ရဲ့ တရားစကားကို လေးစားပြီး တရားအားထုတ်သူက ရှားပါးကြတယ် မောင်ကျောင်းသား။** [၁]

MA ကျောင်းသား ။ ။ မှန်လှပါဘုရား။

ဦးဇင်း ။ ။ ဒီနေ့မနက် ဆွမ်းခံပြန်လာတော့ ရွာက လူငယ်ကလေးတစ်ယောက် ပုစွန်တွင်းကို လက်နှိုက်နေတာ တွေ့ခဲ့ရတယ်။

MA ကျောင်းသား ။ ။ တဲစုဘေးက လယ်ကန်သင်းမှာလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ပုစွန်ခများ သူလုံခြုံလှတယ်လို့ ထင်ထားတဲ့ မြေကြွင်းကလေးထဲ လူရဲ့လက်ချောင်းတွေ ဝင်လာတော့ ကြောက်လန့်နေရှာမှာပဲလို့ တွေးမိပြီး ပုစွန်ကို သနားမိတယ်။

MA ကျောင်းသား ။ ။ ဖမ်းမိရင်လည်း ရုန်းကန်နေရှာမှာပဲဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဒါပေမဲ့ သူက ပုစွန်ကြွင်း ထင်ပြီးနှိုက်တာ၊

---

၁။ ကေမ္မပါဠိ၊ စတုတ္ထဝဂ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၃၈၊ အဋ္ဌကထာ နှာ-၃၇၉

မြွေပွေး၊ မြွေဟောက်နေတဲ့ကြွင်းကို လက်နှိုက်မိရင်တော့ ပုစွန်တွင်း နှိုက်သူခမျာကို သနားစရာဖြစ်သွားပြန်တယ်။ မြွေကိုက်ရင်သေမှာကိုး မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ နှစ်ဦးစလုံး သနားစရာပါပဲ ဘုရား။

ဦးဇင်း ။ ။ မှန်တယ်၊ ဘဝက အကြပ်အတည်းများလှတယ် မောင်ကျောင်းသား။ **မနေ့က မသေသေးလို့ပဲ ဒီနေ့တွေ့မြင်နေကြရတယ်။ Condition တွေက လုံးဝ မသေချာဘူး။ ပတ်ဝန်းကျင်ကို ကြည့်ပါလား။ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက်နေတာနော်။**[၁]

MA ကျောင်းသား ။ ။ ရဟန်းဘဝကတော့ ချမ်းသာတယ်လို့ တွေးထင်မိပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ရဟန်းဆိုတာက မျက်စိ၊ နားစတဲ့ ဣန္ဒြေတို့ကို စောင့်ရှောက်ထားရတယ်။ ပြီးတော့ စားသောက်ရာမှာ အတိုင်းအရှည်သိရတယ်။ နောက်ပြီး နိုးနိုးကြားကြား ရှိရတယ်။ ဒ့ါပြင် ဝိပဿနာတရားကို အားထုတ်ရတယ်။ နောက်ပြီး နေ့ည ဗောဓိပက္ခိယတရားကို ပွားများနေမှ ရဟန်းရဲ့ဘဝက ပျော်မွေ့စရာကောင်းသတဲ့ မောင်ကျောင်းသား။[၂]

MA ကျောင်းသား ။ ။ လူ့ဘဝနှင့်တော့ အပုံကြီးကွာပါပြီဘုရား။ ရဟန်းဘဝက ကုသိုလ်တွေပဲ ရနေပါတော့တယ် ဘုရား။

---

၁။ ဇာတကပါဠိတော် (ဒုတိယ၊ နှာ-၁၅၉၊ အဋ္ဌကထာ-ဆဋ္ဌမ)၊ နှာ-၃၄

၂။ ဥပဏ္ဏာယသုတ်၊ ပဥ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၆၁

ဦးဇင်း ။ ။ **မှန်ပါတယ်၊ အိုးအိမ်ထူထောင်ပြီးနေရတာ လိုအပ်ချက်တွေက များလှတယ်။ မပြည့်စုံနိုင်ဘူး မောင်ကျောင်းသား။ အဲဒီ ကာမဂုဏ်တွေက သူတို့အဖို့ လောကဖြစ်နေပါတော့တယ်။**[၁]

ကွန်ပျူတာကျောင်းသား ။ ။ လောကကနေ ဘာတွေရနိုင်မလဲဘုရား။

ဦးဇင်း ။ ။ ငွေကြေး၊ ခနဥစ္စာ၊ ရာထူးစည်းစိမ်၊ လုပ်ပိုင်ခွင့်တွေ ရပါလိမ့်မယ်။ ဒါပေမယ့် **ဒါကို သုံးစွဲနည်း၊ ကိုင်တွယ်နည်း၊ အသုံးချပုံချနည်း၊ မမှန်ကန်ခဲ့ရင်တော့ ဘဝသံသရာအတွက် ဝန်ထုပ် ဝန်ပိုးဖြစ်ပြီး အကြွေးတင်တော့မယ်။ ဒါကို သံသရာမှာ ပေးဆပ်ကြပေဦးတော့။**

ကွန်ပျူတာကျောင်းသား ။ ။ ငရဲမှာ ဆပ်ရမှာလားဘုရား။

ဦးဇင်း ။ ။ ငရဲတင်ဘယ်ကမလဲ။ လူဆင်းရဲဘဝ၊ ဉာဏ်မဲ့ ပညာမဲ့ဘဝ၊ ခန္ဓာကိုယ် ချို့တဲ့တဲ့ဘဝအပြင် တိရစ္ဆာန် ပြိတ္တာဘဝတွေလည်း ရှိသေးတယ် မောင်ကျောင်းသား။ ဒါကြောင့် ဉာဏ်မပါရင် ပင်ပန်းမယ်။ ဒီဘဝလည်း ပင်ပန်းမယ်။ တမလွန်လည်း ပင်ပန်းတော့မယ်။[၂]

MA ကျောင်းသား ။ ။ ဒါဆိုရင် ဘဝမှာ ဉာဏ်မရှိလို့၊ မသိလို့ မှားကြတာပေါ့ နော် ဘုရား။

---

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၂၆၅

၂။ ဇာတကပါဠိတော် (ဒုတိယ) နှာ-၁၅၉၊ အဋ္ဌကထာ (ဆဋ္ဌမ)၊ နှာ-၃၄။

ဦးဇင်း ။ ။ မှန်ပါတယ်။
ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုရင် ဉာဏ်ရှိအောင်လုပ်နည်းက ဝိပဿနာတရား အားထုတ်နည်းပဲရှိတယ်လို့ ထင်မိပါတယ်ဘုရား။
ဦးဇင်း ။ ။ မှန်ပါတယ်။ တရားအားထုတ်တယ်ဆိုရာမှာ သီလဖြည့်ကျင့်ရပါမယ်။ တရားတွေနာရမယ်၊ တရားစာတွေဖတ်ရမယ်နော်။ တရားသေသေချာချာ အားထုတ်တတ် လာရင်တော့ အားထုတ်ပြီးရင်း အားထုတ်ချင်ရင်း ဖြစ်တတ်တယ်ကွဲ့။
MA ကျောင်းသား။ ။ ဘုရားတပည့်တော် တရားအားထုတ်တာနှင့်အမျှ ပိုပြီး သိလာတယ်လို့ ထင်ပါတယ်ဘုရား၊ သိလေ ပိုအားထုတ်ချင်လေ ဖြစ်လာပါတယ်ဘုရား၊ သတိအားကောင်းလာပြီး ရှုမှတ်မှု အားကောင်းလာတဲ့အခါမျိုးမှာတော့ စိတ်ရဲ့အလုပ်လုပ်ပုံက 'အခန်းထဲမှာ ဆရာမရှိလို့ ကျောင်းသားတွေ ဆူညံနေသလိုပဲ' ဘုရား။
ဦးဇင်း ။ ။ ဘယ်လို ဆရာမ ရှိတာလဲ။
MA ကျောင်းသား။ ။ ဉပမာဘုရား အတန်းထဲကို ဆရာလည်း ရောက်ရော ကျောင်းသားတွေ အကုန်ငြိမ်ကုန်တယ်၊ ဆရာလည်း ထွက်ရော ကျောင်းသားတွေ ဆူညံနေတော့တယ်၊ အဲဒီ သဘောအတိုင်းပါပဲဘုရား၊ တပည့်တော်စိတ်မှာ သတိ၊ ဉာဏ်လည်းရှိလိုက်ရော စိတ်က နေသားတကျ ဖြစ်သွားတယ်၊ ကိလေသာ အသံမရှိတော့ဘူးဘုရား၊ သတိ၊ ဉာဏ်က ဆရာနှင့်တူပြီး၊ ကိလေသာက

ကျောင်းသား တပည့်တွေနှင့် တူတယ်လို့ စိတ်ထဲ ဥပမာ ထင်လာမိပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်၊ ယောဂီ အတွက် သတိအစောင့် အရှောက်က အလွန်ပဲ အရေးကြီးပါတယ်၊ သတိ အစောင့်အရှောက်ရှိရင် တခြား အစောင့်အရှောက် မလိုတော့ဘူးတဲ့။ ဒါပေမယ့် သတိအစောင့် အရှောက် မရှိရင်တော့ စိတ်ကို ညှင်းဆဲမယ့်၊ စိတ်ကို နှိပ်စက် မယ့်၊ စိတ်ကို ပူလောင်စေမယ့် ကိလေသာသံယောဇဉ် တွေဟာ အဆင်သင့် ဝင်ချင်တိုင်းဝင်ပြီး စိတ်ကို နှိပ်စက်ပါတော့တယ်၊ ဒီနေရာမှာ 'သဠာယတနသံယုတ် ပါဠိတော်၊ ဘာရဒွါဇသုတ်'မှာ အရှင် ပိဏ္ဍောလဘာရဒွါဇ ကို ဥတေနမင်းကြီးက **'အရှင်မြတ် ဘာရဒွါဇ တပည့်တော်ဟာ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ထိန်း ပြီး သတိတရား အစောင့်အရှောက်ထားကာ ဣန္ဒြေ တို့ကို စောင့်စည်းပြီးတော့ နန်းတော်အတွင်းကို ဝင်တဲ့အခါမှာတော့ ချစ်ခင်မှု၊ တပ်မက်မှု၊ နှစ်သက် မှု၊ စွဲလမ်းမှုစတဲ့ ကိလေသာတရားတွေဟာ တပည့် တော်ကို မနှိပ်စက်ပါဘုရား။ ရံခါတော့ တပည့် တော်အနေနှင့် ကိုယ်လည်း စောင့်ထိန်းမှုမရှိ၊ နှုတ် လည်း စောင့်ထိန်း မှုမရှိ၊ စိတ်ကိုလည်း စောင့် ထိန်းမှုမရှိဘဲ သတိတရား၊ အစောင့် အရှောက်ကို မထားဘဲနှင့် ဣန္ဒြေတို့ကိုလည်း မစောင့်စည်းဘဲနှင့် နန်းတော်အတွင်းကိုဝင်တဲ့ အခါမှာတော့ တပည့် တော်ကို တပ်မက်မှုတရားတွေက အလွန်ပဲ နှိပ်စက် လှပါတယ် အရှင်ဘုရား။**[၁] လို့ လျှောက်ထားခဲ့ဖူး

၁။ ဂဟပတိဝဂ်၊ ဘာရဒွါဇသုတ်၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၃၂၈

တယ်။ သတိပဋ္ဌာန်တရားဟာ ကိလေသာသတ်တဲ့ အလုပ် ဖြစ်တဲ့အတွက်ကြောင့် ကိလေသာဝင်နိုင်တဲ့ တံခါးပေါက်ဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေကို သတိနှင့် စောင့်ရှောက်ထားလိုက် လို့ရှိရင် ကိလေသာဖြစ်ခွင့် ဝင်ခွင့်မရတော့ဘူးဆိုတဲ့ သာဓကပါပဲ။

MA ကျောင်းသား॥ ॥ ဘုရားတပည့်တော်တို့ အားထုတ်နေတဲ့ ဝိပဿနာ တရားနှင့် ပိဋကတ်ပါဠိတော် (CHRONICLE) ထဲက သွန်သင်ညွှန်ကြားမှုတွေက တစ်ပုံစံတည်းပဲ ဖြစ်နေ တယ်နော်။ အရှင်ဘုရား။

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ မောင်ကျောင်း သား သာသနာ 'နှစ်ထောင့် ငါးရာ' ကျော်လာခဲ့ပေမယ့် သံဃာတော် အရှင်မြတ် တွေ ပိဋကတ်တော်ကို စောင့်ရှောက်ပေးတော်မူခဲ့တဲ့ ကျေးဇူးကြောင့်ပါပဲ၊ ဒါကြောင့် ပိဋကတ်နှင့် ခန္ဓာနှင့်က တစ်ထပ်တည်းပဲလေ။

MA ကျောင်းသား॥ ॥ အားရလှပါတယ်ဘုရား။

ဦးဇင်း ॥ ॥ ဒါကိုဆက် နားထောင်ဦး လေ။ မြတ်စွာ ဘုရားရှင်က

**''ရဟန်းတို့ သင်တို့သည် ဣန္ဒြေတို့ကို လုံခြုံစွာ တံခါးနှင့် စောင့်ရှောက်ကြပါ၊ မျက်စိနှင့် အဆင်းကို မြင်တဲ့အခါမှာ ယောကျာ်း၊ မိန်းမစတဲ့ သဏ္ဌာန် နိမိတ်ကို မယူကြပါနှင့်၊ လက်၊ ခြေ၊ ကိုယ်လက် အင်္ဂါ၊ ပြုံးရယ်ဟန်စတဲ့ အမူအယာတွေကို မယူကြ ပါနှင့်၊ စက္ခုန္ဒြေကို စောင့်စည်းခြင်းမရှိတဲ့ ရဟန်းကို မက်မောတဲ့အဘိဇ္ဈာ၊ နှလုံးမသာမယာတဲ့ ဒေါမနဿ**

**စတဲ့ ယုတ်ညံ့တဲ့ အကုသိုလ်တရားတွေက လိုက်ပြီး တော့ နှိပ်စက်တတ်ပါတယ်၊ ဒါကြောင့် စက္ခုန္ဒြေကို စောင့်စည်းကြပါတော့၊ နားနှင့် အသံကို ကြားတဲ့ အခါမှာဖြစ်စေ နှာခေါင်း နှင့် အနံ့ကို နံတဲ့အခါမှာ ဖြစ်စေ၊ လျှာနှင့်အရသာ ကိုထိတွေ့တဲ့အခါမှာ ဖြစ်စေ၊ ကိုယ်နှင့် အထိအတွေ့ တွေ့ဆုံတဲ့အခါမှာ ဖြစ်စေ၊ စိတ်နှင့် သဘောတရားတွေကို သိတဲ့အခါ မှာ ဖြစ်စေ၊ ယောကျ်ား၊ မိန်းမစတဲ့ သဏ္ဌာန် နိမိတ်ကိုမယူဘဲ၊ ဣန္ဒြေတို့ကို စောင့်စည်းပြီးတော့မှ နေဖို့နှင့် ဣန္ဒြေမစောင့်စည်းခဲ့လို့ရှိရင် အကုသိုလ် တရားတွေ တိုးမည့် အကြောင်းကို မြတ်စွာဘုရား က အခါများစွာ မိန့်တော်မူထားပါတယ်။**[၁]

ကွန်ပျူတာကျောင်းသား။ ။ ဒါမှလဲ အရှင်ဘုရား မိန့်တော်မူခဲ့ဖူးတဲ့

'သတိ' ရဲ့ အဓိပ္ပါယ်က ပေါ်လွင်ပါတယ် ဘုရား။

MA ကျောင်းသား။ ။ သာမန်အားဖြင့် သတိနှင့် ခုလို မျက်စိ၊ နား၊ နှာခေါင်း

စတဲ့ နေရာတွေကို စောင့်ရှောက်ရမယ်ဆိုတဲ့ (Teaching) သင်ကြားမှုက တက္ကသိုလ်မှာလည်း မကြားဘူးပါ ဘုရား။ ဖေဖေ၊ မေမေတို့ကလည်း ဒါကို မသင်ကြား ပေးနိုင်ခဲ့ပါဘူး ဘုရား။ ဒါပေမယ့် **ကိုယ် သဘော ကျတဲ့ အာရုံတစ်ခုခုနှင့်ဆုံမိရင် စိတ်ကို စောင့် ရှောက်ထားဦးတော့ မကြာမကြာ ခိုးကြည့်နေမိ တတ်တယ် ဘုရား၊ သတိကပ်ထားလို့ကို မရနိုင် အောင်ပါပဲ ဘုရား။**

---

၁။ သဠာယတနဝဂ္ဂသံယုတ် (နှာ-၃၂၃)

ဦးဇင်း ။ ။ ဟုတ်တယ်၊ သတိပဋ္ဌာန် တရား အားထုတ်တဲ့ အလေ့
အကျင့် ရှိထားလို့ ဒါတွေကို သိနိုင်တာ၊ တရားအား မထုတ်တဲ့သူဆိုရင် ဒါကိုသိဖို့တောင် မလွယ်ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ လောကမှာ ကြည့် စရာတွေကလည်း
ပေါလွန်းလှပါတယ်ဘုရား၊ ဒါကို ဘယ်လိုများ လေ့ကျင့်ရမလဲ၊ အနိစ္စ၊ ဒုက္ခလို့ ရွတ်ဆိုနေရင်လည်း ဒီအာရုံကို ဘယ်လိုမှ အနိစ္စ၊ ဒုက္ခလို့ မခံစားရပါဘူး ဘုရား။

ဦးဇင်း ။ ။ သတိမြဲရပါမယ် မောင် ကျောင်းသား၊ လေ့ကျင့်ခန်း
စွဲမြဲရမယ် မောင်ကျောင်းသား၊ **မိန်းမရဲ့ အင်္ဂါကြီးငယ် တို့ကို သတိလွတ်ပြီး သေသေချာချာ ကြည့်မိပြီ ဆိုရင်တော့ တစ်ပြိုင်နက်တည်းပဲ ဓါတ်ပုံ ရိုက်ထား သလို၊ Video Record လုပ်ထားသလို မိမိစိတ်ထဲ စွဲထင်ကျန်ရစ်ခဲ့ပါတော့တယ်၊ နောက် ပိုင်းတွေး မိတဲ့အခါမှာတော့ ပြုံးပြုံးကလေး Record တင် ထားခဲ့မိရင် ပြုံးပြုံးကလေးပဲ ပေါ်နေတတ်တယ်၊ မဲ့မဲ့ကလေး Record လုပ်ထားမိရင်လည်း မဲ့မဲ့ ကလေး ပေါ်နေတတ်တော့တယ်၊ တည်တည် တန့်တန့်ကလေး Record လုပ်ထားမိရင်လည်း တည်တည်တန့်တန့် ကလေးပေါ်နေတတ်ပါတယ်။**

MA ကျောင်းသား။ ။ ဒါကို သေချာတော့ မသိဘူး ဘုရား၊ ရိပ်မိ သလိုတော့ ရှိပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒါကို မြတ်စွာဘုရားရှင်က မာလုကျပုတ္တကို ခုလို မိန့်တော်မူဖူးပါတယ်။ ''အဆင်းကို မြင်တဲ့အခါမှာ သူ့ရဲ့ မူလသဘာဝတရားဖြစ်တဲ့ ပရမတ်ကို မမြင်ဘဲနှင့် နှစ်သက်သဘောကျဖွယ်အာရုံလို့ နှလုံးသွင်းမိတဲ့သူမှာ သတိမေ့ပျောက်ပြီး ပြင်းပြင်းထန်ထန် စွဲလမ်းတဲ့စိတ် ဖြစ်လာနိုင်တယ်''[၁] တဲ့၊ အဲဒီအာရုံကြောင့် လောဘ တကြီး သူတစ်ပါးစည်းစိမ်ကို လိုချင်လွန်းတဲ့ အဘိဇ္ဈာ၊ နှလုံးမသာ စိတ်ပင်ပန်းမှု ဒေါမနဿဟာ စိတ်ကို ကပ်ပြီးတော့မှ ညှင်းဆဲပါတော့တယ်၊ အဲဒီလို ဆင်းရဲကို ဆည်းပူးနေတဲ့သူဟာ နိဗ္ဗာန်နဲ့ ဝေးလှပါတယ်တဲ့ မောင်ကျောင်းသား။[၂]

MA ကျောင်းသား ။ ။ မှန်လှပါဘုရား၊ လိုက်နာနိုင်အောင် ကြိုးစားပါ့မယ် ဘုရား။

ဦးဇင်း ။ ။ တစ်ဘဝမက တစ်သံသရာလုံး ''ငါရဖို့'' ''ငါကောင်းစားဖို့''၊ ''ငါချမ်းသာဖို့'' ကိုပဲ ရှေးရှူပြီးတည် လုပ်ဆောင်ခဲ့ကြတယ်။ သာသနာရဲ့ အဆုံးအမကိုလည်း မရကြတော့ ငါနှင့်မတည့်တဲ့သူ ကျဆုံးဖို့၊ ငါနှင့် အယူဝါဒ မတိုက်ဆိုင်သူတွေ ဒုက္ခ ရောက်ဖို့ကို ကြံစည်ခဲ့တယ်။ ယှဉ်ပြိုင်လာသူကို အနိုင်ကြဲဖို့၊ ဖြုတ်ချဖို့ကိုပဲ အားထုတ်ခဲ့မိကြတယ်။

MA ကျောင်းသား ။ ။ ဒီအသိလောကတော့ တိရိစ္ဆာန်မှာလည်း ရှိနေကြတာပဲဘုရား။

---

၁။ မာလုကျပုတ္တသုတ်၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိတော်၊ နှာ-၂၉၄
၂။ မာလုကျပုတ္တသုတ်၊ သဠာယတနသံယုတ်ပါဠိတော်၊ နှာ-၂၉၄

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ ဒါပေမဲ့ လူက ဉာဏ်ပညာရှိတယ်။ ဒါကြောင့် ဝိပဿနာတရား အားထုတ်လာရင်တော့ ခုလိုစိတ်မျိုးပေါ်လာရင် သိသိပေးရပါတယ်။ ဒါမှ စိတ်က တစတစသန့်ရှင်းလာပါမယ်။ ဒါမှ Human Natureကို နားလည်နိုင်မယ်။

MA ကျောင်းသား ॥ ॥ Animal Nature ကိုနားလည်ရင် Human Nature ကို နားလည်မည်ထင်တယ်ဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်။

MA ကျောင်းသား ॥ ॥ ဒါပေမဲ့ သတ္တဝါတွေမှာ မြင်တဲ့အခါ၊ ကြားတဲ့အခါ၊ နမ်းတဲ့အခါ၊ ထိတွေ့တဲ့အခါ အသီးသီးမှာ သတိလက်လွတ် ဖြစ်နေကြတာက ဓမ္မတာလမ်းစဉ် လမ်းရိုးပဲလို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ॥ ॥ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်နေတဲ့ ယောဂီက ခန္ဓာမှာ အဆက်မပြတ် တရစပ်ဖြစ်ပြီးတော့မှ ပြောင်းလဲနေတဲ့ သဘောတရား အစဉ်ကို သိနေတဲ့အတွက် ကိလေသာသံယောဇဉ်ဖြစ်ဖို့ရာ မှမရှိဘဲ၊ အသိဉာဏ်တွေသာဖြစ်ဖို့ ရှိပါတယ် မောင်ကျောင်းသား၊ အခါအားလျော်စွာ **ပုဂ္ဂိုလ်သတ္တဝါ ဘက်ကို အာရုံပြုမိရင်လည်းပဲ သံဝေဂဉာဏ်တွေ ဖြစ်ဖို့ရှိပါတယ်။ ရုပ်၊ နာမ် ပရမတ်ပေါ် အာရုံ ရောက်တဲ့အခါမှာလည်း ဝိပဿနာဉာဏ်တွေဖြစ်ဖို့ ရှိပါတယ်။**

MA ကျောင်းသား ॥ ॥ ဒါဆို ဝိပဿနာတရားနှင့် နေတတ်လာသူအဖို့ သံဝေဂ

ဉာဏ်ဖြစ်ရင် ဖြစ်၊ မဖြစ်ရင် ဝိပဿနာ ဉာဏ်ဖြစ်မယ်လို့ နားလည်ရမှာလား ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။အဲဒီ သံဝေဂဉာဏ်ကရော ကုသိုလ်စိတ်ပဲလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ကုသိုလ်ပါ၊ သံဝေဂ ဉာဏ်က ဝိပဿနာဉာဏ်ဖြစ်ဖို့ အကြောင်းအရင်းခံပါပဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ဝိပဿနာဉာဏ်ကရော ဘုရား။

ဦးဇင်း ။ ။ ဝိပဿနာဉာဏ်ကလည်း၊ အရိယာ မဂ်ဉာဏ်ဖြစ်ဖို့ အကြောင်း အထောက်အပံ့ပါပဲ မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ဒါဆိုရင် ကိုယ်တိုင်လည်း သီလဆောက်တည် ကျင့်သုံး၊ တရားအားထုတ်ပြီး လူများကိုလည်း ဆောက်တည်ကျင့်သုံးစေခြင်းသည်သာ လူ့ရဲ့ပဓာန တာဝန်လို့ ထင်မိပါတယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် မောင်ကျောင်းသား၊ လောကမှာ လူလေးမျိုးလေးစား ရှိသတဲ့၊ **ပထမလူက ကိုယ်လည်း ဘဝလွတ်မြောက်ရေးကို လုပ်တယ်၊ သူများကိုလည်းလုပ်ဖို့ တိုက်တွန်းတဲ့သူတဲ့၊ ဒုတိယလူက ကိုယ်ကတော့ ဘဝလွတ်မြောက်ရေးကို လုပ်တယ်၊ ဒါပေမယ့် သူများကိုတော့ မတိုက်တွန်းဘူး၊ အားမပေးဘူးတဲ့၊ တတိယလူက ကိုယ်ကိုယ်တိုင် ဘဝ**

**လွတ်မြောက်ရေးကို မလုပ်ပေမယ့်လည်း အများကို တော့ လုပ်ဖို့တိုက်တွန်း အားပေးတယ်တဲ့၊ နောက် ဆုံး စတုတ္ထလူကတော့ ကိုယ်ကလည်း ဘဝလွတ် မြောက်ရေးကို မလုပ်ဘူး၊ အများကိုလုပ်ဖို့လည်း တိုက်တွန်းအားပေးခြင်း မပြုဘူးတဲ့ဗျာ။**[၁]

MA ကျောင်းသား ။ ။ ဘုရားတပည့်တော်က ပထမလူ ဖြစ်ချင်တယ် ဘုရား၊ ခုလည်း လူတွေကို သီလဆောက်တည်ကြဖို့ တရားအားထုတ်ကြဖို့ တိုက်တွန်းနေပြီဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် အဖေ ကတော့ စတုတ္ထလူနှင့် တူတယ်ဘုရား၊ ကိုယ်ကလည်း မလုပ်ဘူး၊ အများ ကိုလည်း အားမပေးချင်ဘူး ဘုရား။

MA ကျောင်းသား ။ ။ တပည့်တော် ဖေဖေက သူတော့ မလုပ်ဘူး၊ တပည့် တော်ကိုတော့ အားပေး တော့ ဖေဖေက တတိယလူ ဖြစ်မယ်ဘုရား။

ဦးဇင်း ။ ။ အေး. . . မောင်ကျောင်း သားတို့၊ သာသနာနှင့်ကြုံ တုန်း ပထမတန်းစားလူဖြစ်ဖို့ ကြိုးစားမှသာလျှင် သာသနာနှင့် အမှန်ကြုံရကျိုး နပ်ပေမယ်ကွဲ့ . . .။

---

၁။ ဆဝိလာတသုတ်၊ စတုက္ကနိပါတ၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၄၀၇

# ဝိပဿနာ ယောဂီနှင့် ဖြစ်၊ ပျက် ဉာဏ်

MA ကျောင်းသား မောင်သီဟကျော်သည် ဒုလ္လဘကိုရင်ဝတ်၍ ဝိနည်းများကို လေ့လာနေပါသည်။ ရံခါ တရားအားထုတ်ပြီး ရံခါ တရားဆွေးနွေးလေ့ရှိပါသည်။ ယနေ့ စက်မှုတက္ကသိုလ်ကျောင်းသားသည် ကိုရင်ကြီးအတွက် ရေသန့်ဗူးနှင့် ဝမ်းပျက်သောအခါတွင် သုံးစွဲနိုင်ရန် ဓါတ်ဆားထုပ် အပါအဝင် တောင်မြို့ ဆရာတော်ဘုရားကြီး၏ အခြေပြု ပဋ္ဌာန်းတရား တိပ်ခွေများကို လာရောက် လှူဒါန်းပြီးနောက် ဆွမ်းဘုဉ်းပေးပြီးသောအခါတွင် သပိတ်ဆေးခြင်း၊ နေရာထိုင်အခင်းများကို နေပူလှန်း၍ သိမ်းဆည်းခြင်း၊ သောက်ရေဖြည့်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့နောက် ကိုရင်ကြီးနှင့်အတူ တရားဆွေးနွေးလျှောက်ထားရန် ရောက်ရှိလာကြပါသည်။

စက်မှုကျောင်းသား ။ ။ တပည့်တော်လည်း ကျောင်းကပြန်ပြီးတော့မှ တရားစာအုပ်တွေလည်း ဖတ်တယ်ဘုရား၊ တရားလည်း နည်းနည်း အားထုတ်ဖြစ်ပါတယ်။ တရားသမားတွေလည်း အခုတော့ နည်းနည်းတွေ့လာတယ်ဘုရား။

ဦးဇင်း ။ ။ ဘယ်က တရားသမားတွေကို တွေ့တာလဲ။

စက်မှုကျောင်းသား ။ ။ တပည့်တော် ဘကြီးတစ်ယောက်နှင့် ဦးလေးတစ်ယောက်ပါဘုရား၊ တပည့်တော်တို့ ဆွေမျိုးထဲမှာကို တရားသမားတွေရှိနေတာ အစတုန်းကမသိဘူးဘုရား။

ဦးဇင်း ။ ။ အသွင်တူတော့မှ တွေ့ကြတာပေါ့။ ဒါနဲ့ဘာတရားတွေ ဆွေးနွေးကြသလဲ မောင်ကျောင်းသား။

စက်မှုကျောင်းသား ။ ။ သူတို့က ဖြစ်၊ ပျက်ချည်းပဲ ခဏ ခဏ ပြောကြတယ်ဘုရား။ ဖြစ်ပြီး ပျက်နေတာပဲလို့လည်း ပြောကြတယ်ဘုရား၊ တပည့်တော်က အဲဒါကို သိပ်ပြီး နားမလည်ဘူး ဘုရား။

ဦးဇင်း ။ ။ တရားသမားတွေဆိုတော့ ဒါကို ပြောလေ့ပြောထ ရှိကြမှာပါ၊ ပါဠိမှာက 'ဥဒယဗ္ဗယ'လို့ ပါတယ်၊ အင်္ဂလိပ်လိုကတော့ "Arising and Passing Away, Come and Go" လို့လည်း သုံးကြပါတယ်၊ မြန်မာလို အရပ်ထဲမှာတော့ ဖြစ်–ပျက်လို့ သုံးတတ်ကြတယ်။

စက်မှုကျောင်းသား ။ ။ မှန်ပါဘုရား၊ ဖြစ်–ပျက် မြင်ပြီလားလို့လည်း တပည့်တော်ကို မေးကြတယ်ဘုရား။

ဦးဇင်း ။ ။ မြင်တယ်ဆိုတာ နှစ်မျိုးရှိတယ် မောင်ကျောင်းသား၊ ဗျိုင်းတို့ ဂျိုးတို့ကို မြင်သလို ပကတိမျက်စိနှင့်မြင်တာကတစ်မျိုးနော်. . .၊ ဉာဏ် မျက်စိနှင့်မြင်တာက တစ်မျိုးပါ။

MA ကိုရင်ကြီး ။ ။ ဖြစ်–ပျက်မြင်ဖို့က ဉာဏ်

မျက်စိနဲ့မှ ဆိုင်တာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ပရမတ္ထတရား အပေါ် ဉာဏ်သက်ဝင်လာတဲ့ ယောဂီကသာလျှင် ပရမတ္ထတရားရဲ့ သာမည လက္ခဏာဖြစ်တဲ့ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်တာကို မမြင်ချင်တော့ပါဘူးလို့ တားထားရင်တောင် မရကောင်းပါဘူး၊ အာရုံပြုမိတိုင်း ဉာဏ်ထဲမှာ ထင်နေတာပါပဲ၊ သိနေတာပါပဲ ...။

MA ကိုရင်ကြီး ။ ။ အဲဒါကို ဖြစ်–ပျက်မြင်တယ် လို့ခေါ်ပါသလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အဲဒါဖြစ်– ပျက် မြင်တာပါပဲ၊ အဲသလို ဖြစ်–ပျက် မမြင်ပဲ နှစ်တစ်ရာ အသက်ရှင်တာထက်၊ ဖြစ်–ပျက်မြင်ပြီး တစ်ရက် အသက်ရှင်တာက မြတ်ပါတယ်တဲ့ မောင်ကျောင်းသား။[၁] နောက် တစ်ခုက လောဘ၊ ဒေါသ၊ မောဟက ပညတ်ကို အာရုံပြုတယ်၊ ကိုယ်ကောင်ကို စွဲပြီးတော့မှ လောဘ၊ ဒေါသ ဖြစ်ရတာ၊ ဉာဏ်က ပရမတ်ကို အာရုံပြုလို့ ဖြစ်–ပျက်ကို မြင်တာ၊ အာရုံပြုပုံချင်း မတူကြဘူး။

စက်မှုကျောင်းသား ။ ။ တပည့်တော် နည်းနည်း ရှုပ်သွားတယ် ဘုရား၊ ဥပမာနှင့် အမိန့်ရှိ ပေးပါဘုရား။

ဦးဇင်း ။ ။ ပကတိနားပင်းတာ ရှိတယ်၊ ပကတိ မျက်စိကန်းတာ ရှိတယ်၊ ပကတိ နား၊ မျက်စိ မကောင်းတဲ့သူရဲ့ရှေ့မှာ သံစဉ် ဘယ်လောက်ကောင်းတဲ့ သီချင်းဖွင့်ပြ ဖွင့်ပြ

၁။ ပဉ္စာစာရာထေရီဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်(ဂါထာ-၁၁၃)

အရောင်အဆင်းလှလှ ဘယ်လောက်ပဲပြပြ သူ့အတွက် အပိုပါပဲ။

စက်မှုကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဦးဇင်း ॥ ॥ အဲဒီအတိုင်းပဲ ဉာဏ်မျက်စိမဲ့သူမှာလည်း ရုပ်ဓမ္မ၊ နာမ်ဓမ္မရဲ့ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်တဲ့ ဖြစ်–ပျက်အမြင်ကို မမြင်နိုင်စွမ်းပါဘူး။

MA ကိုရင်ကြီး ॥ ॥ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာမှာ ဖြစ်နေတာတွေကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေနဲ့ သိ–သိ၊ သိ–သိ နေပါတယ်ဘုရား။ စိတ်ကူးလေးတွေ ဝင်လာတယ်၊ အဲဒါကိုလည်း 'သိ' ပေးတယ်ဘုရား၊ ခန္ဓာမှာပေါ်ရာ၊ ပေါ်ရာကို သိ–သိ နေပါတယ်ဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်၊ ဒါလမ်းမှန်ပါပဲ၊ ဒါပေမယ့် အဲဒီလို အလိုက်သင့်လေး သိပြီးတော့နေတဲ့အခါမှ စိတ်က "What are you doing now?" မင်း ခု ဘာလုပ်နေတာလဲ၊ ဝီရိယလျော့လှချည်လား၊ ဒီလိုလုပ်လို့တော့ ဘယ်တရားတိုးမလဲ၊ ... ဆိုပြီး ကိလေသာကဝင်ပြီး ဆရာလုပ်တတ်တယ်နော်။

MA ကိုရင်ကြီး ॥ ॥ အဲဒါ မကြာမကြာ ဖြစ်တယ်ဘုရား၊ ညီညွတ်မျှတပြီး ဝီရိယမျှတယ်ဆိုရင် အဲဒီသဘောမျိုးက လာတတ်တာများတယ်ဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်၊ အဲဒီ သဘောမျိုးလာရင် ဘာဆက်လုပ်သလဲ။

MA ကိုရင်ကြီး ။ ။ ဝီရိယတင်လိုက်တယ်ဘုရား။
ဦးဇင်း ။ ။ တင်လိုက်တော့ အဆင်ပြေရဲ့လား . .
MA ကိုရင်ကြီး ။ ။ ဝီရိယတင်လိုက်တော့မှ ရံခါ ညီညွတ်မှု ပျက်သွားတယ်ဘုရား၊ စိတ်ထဲတင်းကျပ်လာတယ်၊ ပင်ပန်းလာတယ်၊ စောစောက အဆင်ပြေနေတဲ့နေရာမှာ အခုတော့ အဆင်မပြေ ဖြစ်လာတယ်ဘုရား။
ဦးဇင်း ။ ။ အေး. . . ကိလေသာ သံယောဇဉ်တွေကို အပြီးမပယ်နိုင်သေးသမျှ ကာလပတ်လုံး ဒီလိုပဲ တဝဲလည်လည် သူကတော့ ခိုင်းနေမှာပဲ၊ ယောဂီ သတိရှိဖို့ လိုပါတယ်။ ဒါကြောင့် ''ကိလေသာကို အထင်မသေးနဲ့၊ ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့'' လို့ သိတော်မူမြင်တော်မူတဲ့ ဆရာသမားများကဆုံးမကြတာလေ။[၁] ဒါပေမယ့် အများစုကြီးက လွမ်းတာကို 'ကိလေသာ' လို့ မထင်ကြဘူး၊ သောက ဖြစ်နေရတာကို 'ကိလေသာ'လို့ မထင်ကြဘူး၊ စိတ်ကောက်တာကို 'ကိလေသာ'လို့ မထင်ကြဘူး၊ စိတ်ညစ်တာ၊ စိတ်ဆင်းရဲတာကိုအကုသိုလ်လို့ သိကိုမသိကြဘူး မောင်ကျောင်းသား။
စက်မှုကျောင်းသား ။ ။ အရှင်ဘုရား အရပ်ထဲမှာက'သောက'ကို အတူတကွ မျှဝေခံစားမယ်ဆိုတဲ့ သီချင်းတောင် ဆိုနေကြသေးတာဘုရား။
ဦးဇင်း ။ ။ အင်း . . . အဲဒီ သီချင်းစာသားတွေကလည်းပဲ

၁။ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒ

သောကတွေဖြစ်ဖို့၊ ဒေါသတွေဖြစ်ဖို့၊ မာနတွေဖြစ်ဖို့၊ လွမ်းတတ်ဖို့၊ ဣဿာ၊ မစ္ဆရိယတွေဖြစ်ဖို့ကိုပဲ အားပေးနေကြတာ များပါတယ်။ ဝိပဿနာ အသိ ဉာဏ်တွေဖြစ်ဖို့၊ သံဝေဂဉာဏ်တွေဖြစ်ဖို့ အားပေးတဲ့ သီချင်းစာသားကတော့ ရှိမယ်မထင်ပါဘူး၊ ရှိရင်တောင် ရှားမယ်ထင်ပါတယ်။

စက်မှုကျောင်းသား ။ ။ တပည့်တော် ခု 'ကာရာအိုကေ' သီချင်းမဆိုတော့ပါဘူး ဘုရား။

ဦးဇင်း ။ ။ ဘာဖြစ်လို့ မဆိုတာလဲ. . ပိုက်ဆံမရှိလို့လား . . ။

စက်မှုကျောင်းသား ။ ။ အဲသလိုအော်အော်ပြီး သီချင်းဆိုရမှာရှက်လာလို့ပါဘုရား။

ဦးဇင်း ။ ။ အရင်က မရှက်ဘူးလား။

MA ကိုရင်ကြီး ။ ။ တရားအားမထုတ်ခင်တုန်းကတော့ ဆိုနေကြပါပဲ ဘုရား၊ ရှက်စိတ် မပေါ်မိပါဘူးဘုရား။ သူလည်း ဆို၊ ကိုယ်လည်းဆိုတာပါပဲ၊ အခု သီလတွေ စောင့်ထိန်း၊ တရားတွေ အားထုတ်တော့မှ ရှက်ရကောင်းမှန်း သိလာတာပါဘုရား၊ တစ်ချို့ သီချင်း စာသားကလည်း ရှက်စရာ အလွန်ကောင်းပါတယ် ဘုရား။

ဦးဇင်း ။ ။ ဘယ်လို စာသားများ ပါလဲ။

MA ကိုရင်ကြီး ။ ။ ''ကြက်ဖြစ်ရင်လည်း၊ ငှက်ဖြစ်ရင်လည်း တစ်ကိုင်းထဲနားကြစို့''တို့၊ ''အလွန်အေးတဲ့ရာသီ မေတစ်ယောက်ထဲတော့ မနေနိုင်ပြီ'' တို့လို စာသားတွေကို ဘုရားတပည့်တော် နှုတ်က ခု မထွက်ရဲတော့ပါဘူး ဘုရား၊

ရှက်စရာကြီးလို့ကို ခံစားရပါတယ်။

ဦးဇင်း ။ ။ VIDEOကော ကြည့်သေးသလား။

စက်မှုကျောင်းသား။ ။ အဲဒါလည်း လျှောက်မလို့ပါဘုရား၊ TV, VIDEO ထဲမှာ မင်းသား၊ မင်းသမီးတွေ ပြောတာ ကြားရ၊ အပြုအမူတွေ မြင်ရတာ ရှက်လို့ပါဘုရား၊ မကြည့်ဖြစ်တာ ကြာပါပြီဘုရား၊ တစ်ခါတလေ အိမ်မှာ ဖွင့်ထားတော့ ကြည့်လည်းကြား၊ မကြည့်လည်းကြား နေရတာဘုရား၊ TV ထဲက တစ်ချို့ ဇာတ်ဝင်ခန်းတွေ ကြားရပြီး ရှက်လွန်းလို့ပါဘုရား၊ အမေများကြားရင် ရှက်စရာကြီး၊ အဖေများကြားရင် ရှက်စရာကြီးလို့ ခံစားရမိပါတယ်ဘုရား။

ဦးဇင်း ။ ။ အဖေ၊ အမေတို့ကမကြည့်ကြဘူးလား။

စက်မှုကျောင်းသား။ ။ ဖေဖေ၊ မေမေတို့ TV-VIDEO နေ့တိုင်း၊ ညတိုင်း ကြည့်နေကြတာ အစဉ်အလာပါပဲဘုရား၊ တပည့်တော်ကသာ စာကြည့်ရင်း အခန်းထဲကနေ ရှက်နေမိတာပါဘုရား။

ဦးဇင်း ။ ။ ဝတ္ထု၊ ကာတွန်းတွေ ကောဖတ်သေးသလား။

စက်မှုကျောင်းသား။ ။ VIDEO ဇာတ်လမ်းနှင့် အတူတူပဲလို့ ခံစားရတာနှင့် 'ဒါတွေဖတ်ပြီး အချိန်မဖြုန်းချင်တော့ဘူး၊ ဖတ်ပြီးရင် ဘာ အသိဉာဏ်မှလည်း မရပါဘူးဘုရား။

ဦးဇင်း ။ ။ အရင်က ဘာလို့ဖတ်ခဲ့ကြတာလဲ။

MA ကိုရင်ကြီး ॥ ॥ အချိန်တွေ ပိုနေလို့ရယ်၊ ပြီးတော့ အရင်တုန်းကတော့ ဖတ်ရတာ ပျော်နေတာဘုရား။

စက်မှုကျောင်းသား॥ ॥ တပည့်တော် ဝါသနာပါတဲ့ လက်ဝှေ့ပွဲ၊ ဇာတ်ပွဲတွေလည်း ခုမကြည့်ဖြစ်တော့ပါဘူးဘုရား။

ဦးဇင်း ॥ ॥ လက်ဝှေ့ပွဲက ဘာဖြစ်လို့ မကြည့်ဖြစ်ရတာလဲ။

စက်မှုကျောင်းသား॥ ॥ သူတို့ ထိုးကြ၊ ကြိတ်ကြတာ ကြည့်ပြီး တပည့်တော် စိတ်ထဲ ဒေါသတွေ ဖြစ်ဖြစ်လာတယ်၊ နှာခေါင်းထဲ၊ ပါးစပ်ထဲကထွက်တဲ့ သွေးတွေ မြင်ရတော့ စိတ်ညစ်ငြူးရတယ်ဘုရား၊ ကြည့်ရင်း ကြည့်ရင်း စိတ်တွေပင်ပန်းလာလို့ မကြည့်ချင်တာပါဘုရား၊ စိတ်ထဲပူလောင်ပင်ပန်းတဲ့ အကုသိုလ်စိတ် မဖြစ်ချင်တော့လို့ မကြည့်တာဆိုရင် ပတ်ဝန်းကျင်က ကြီးကျယ်လိုက်တာလို့ ပြောခံရမှာ စိုးလို့ပါဘုရား။

ဦးဇင်း ॥ ॥ **အကုသိုလ်တစ်ခု စိတ်ထဲဖြစ်တာနှင့် ချက်ချင်းပူလောင်ပင်ပန်းစေတယ် မောင်ကျောင်းသား၊ ဒါကြောင့် သူတော်ကောင်းဆိုတာ မကောင်းမှုမှာ ရှက်ရတယ်၊ ကြောက်ရတယ်၊ အကုသိုလ်သေးသေးပဲဖြစ်ဖြစ် အကျိုးပေးမကောင်းဘူး၊ ရှောင်ကြဉ်ရမယ်** မောင်ကျောင်းသား။[၁]

MA ကိုရင်ကြီး ॥ ॥အရှင်ဘုရားကာယကံ၊ ဝစီကံမှာပဲရှောင်ရတာလားဘုရား။

---

၁။ ဟိရီဂါရဝသုတ်၊ သတ္တကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၄၁၉

ဦးဇင်း ။ ။ **မဟုတ်ပါဘူး၊ စိတ်ထဲမှာ အကုသိုလ် အတွေးဖြစ်တာကကို ရှက်စရာကြီး၊ ကြောက်စရာ ကြီးလို့ သိလာသူအဖို့ ကိုယ်၊ နှုတ်နှင့် ဘယ်လွန်ကြူးတော့မလဲ၊ 'မကောင်းမှုမှာ မရှက်မကြောက်တဲ့သူရဲ့ ဘဝဟာ ဆုတ်ယုတ်ပျက်ပြားဖို့ပဲရှိတယ် မောင်ကျောင်းသား။**[၁]

စက်မှုကျောင်းသား ။ ။ မှန်ပါဘုရား၊ မကောင်းမှု လွန်ကြူးတဲ့အထိ မရောက်တော့လို့ TV, VIDEO မကြည့်ဖြစ်တာ၊ 'ကာရာအိုအေ' မဆိုဖြစ်တာပါဘုရား၊ ဝတ္ထု၊ ကာတွန်းလည်းမဖတ်ဖြစ်တာပါဘုရား၊ လက်ဖွဲ့၊ ဇာတ်အငြိမ့်ပွဲတွေ မသွားတာပါဘုရား၊ အရှင်ဘုရားသည်သာ တပည့်တော်ကို နားလည်နိုင်တာပါဘုရား၊ သူငယ်ချင်းတွေနှင့် မိဘတွေကတော့ တပည့်တော်ကို ပို၍ ပို၍ နားလည်ဖို့ ခက်, ခက်လာနေပါတယ်ဘုရား။

ဦးဇင်း ။ ။ ရေစုန်သမားများတဲ့ လောကမှာ 'ကုသိုလ် - ရေဆန်'ကူးတဲ့လူကို မြင်ကြရင် အံ့သြကြတာ ထူးဆန်းကြတာ နားမလည်နိုင်ကြတာ မဆန်းပါဘူး မောင်ကျောင်းသား။ **လူမိုက်ပေါတဲ့ လောကကြီးမှာ ခုလို လိမ္မာတဲ့လူကို မြင်ရတာ သူတို့မှာ ထူးဆန်းနေမှာပါပဲ၊ နားလည်ဖို့ခက်နေကြမှာ အမှန်ပါပဲ။**[၂]

MA ကိုရင်ကြီး ။ ။ ဘုရားတပည့်တော် လိမ္မာတဲ့ လမ်းစဉ်ကိုပဲ လိုက်ပါတော့မယ်ဘုရား။

---

၁။ သာရိပုတ္တထေရဝတ္ထု၊ ယမကသုတ်၊ ဓမ္မပဒအဋ္ဌကထာ

စက်မှုကျောင်းသား ॥ ॥ တပည့်တော်လည်း လိမ္မာတဲ့လမ်းကိုလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီဘုရား၊ ဒါပေမယ့် တပည့်တော်မှာက သတိပဋ္ဌာန် အချိုးကျဖို့ ခက်နေပါသေးတယ်ဘုရား။

MA ကိုရင်ကြီး ॥ ॥ အဲဒီလို တရားအချိုးကျလာဖို့ ဆရာ့ဆီက "Instruction" ယူရမှာပေါ့နော်ဘုရား။

ဦးဇင်း ॥ ॥ မှန်တာပေါ့ ဆရာ့ဆီက "Instruction" ယူရပါတယ်၊ လေ့လာရပါတယ်၊ ဆည်းပူးရပါတယ်၊ တရားနာရပါတယ်၊ တရားကို ဆွေးနွေး မေးမြန်းရပါတယ်၊ ပြီးတော့ ဒါမှန်လား မှားလားဆိုပြီး သုံးသပ်ရပါတယ်။[၁] ဒါတောင်မှ ရံခါ လုပ်ရင်းမှာကို အခက်အခဲတွေ ကြုံတတ်သေးတယ်။

စက်မှုကျောင်းသား ॥ ॥ "Instruction" တွေကို မေ့မေ့ သွားတယ်ဘုရား။

ဦးဇင်း ॥ ॥ ဟုတ်တယ် – မေ့တတ်တယ်၊ လေ့ကျင့်အားနည်းရင်လည်းပဲ မေ့တတ်တာပဲ၊ အသုံးမပြုဘဲ ကြာနေရင်လည်း မေ့သွားတတ်တာပဲ။

စက်မှုကျောင်းသား ॥ ॥ ဟုတ်တယ်ဘုရား၊ တစ်ခါတစ်လေ 'ငိုက်' သွားရင် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားဖူးတယ်ဘုရား။

ဦးဇင်း ॥ ॥ မှန်တယ် . . **'ငိုက်' သွားရင် ဘာလုပ်ရမလဲ . . . ၊ အဲဒီ "Instruction" ကို "Study" လုပ်ထားရမယ်၊**

---

၁။ ဒုတိယကာလသုတ်၊ စတုတ္ထနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၄၅၇

**အတွေးရှုည်နေရင် ဘာလုပ်ရမလဲ၊ "Instruction" ကို နားလည်အောင် လေ့လာထားရမယ်၊ ထိုင်နေရင်းက စိတ်ကပျံ့လွင့်ပြီးတော့မှ မနိုင်မနင်းဖြစ်ပြီး ထပြေးချင်နေရင် ဘာလုပ်ရမလဲ "Instruction" ကို ကြိုတင် လေ့လာထားရမယ်၊ ထမင်းစားမယ်၊ ထမင်းစားရင် ဘယ်လိုတရားရှုရမလဲ၊ ဆိုတာ "Instruction"ကို ကြိုတင် 'သိ' ထားရပါမယ်၊ မမေ့ မလျော့ရှိရပါမယ်** မောင်ကျောင်းသား။

MA ကိုရင်ကြီး ။ ။ အလေ့အကျင့်တော်တော် ကောင်းလာရင်တော့ မမေ့ တော့ဘူးဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အလေ့အကျင့် ကောင်းလာ သူ့အဖို့တော့ မမေ့ဘူးပေါ့. . ။ အိမ်မှာကော တရား အားထုတ်ဖြစ်ရဲ့ လား. . ၊ ရိပ်သာမှာပဲ တရားတွေကို ထားခဲ့ပြီလား။

စက်မှုကျောင်းသား ။ ။ အိမ်မှာလည်း နည်းနည်း ပါးပါးတော့ တပည့်တော် အားထုတ်ဖြစ်ပါတယ်ဘုရား။

ဦးဇင်း ။ ။ အားထုတ်နေရမယ် မောင် ကျောင်းသား၊ **ဥပမာ ဒါက ဘယ်လိုလဲဆိုရင် ကျောင်းသား တစ်ယောက်က မူလတန်းအောင်၊ အလယ်တန်းတက်၊ အလယ်တန်းအောင်ရင် အထက်တန်းတက်၊ အဲလို တက်သွားဖို့အတွက် ကျောင်းသားက ကျောင်းသွားပြီး စာသင်ကြား လေ့လာနေရတယ်နော်. . ၊ ဒါမှ စာတတ်မှာ၊ အတန်းအောင်မှာ ဟုတ်ရဲ့လား. . ။**

စက်မှုကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ **အဲသလိုပဲယောဂီကလည်း**

**ရိပ်သာကို သွားတယ်၊ တရားအားထုတ်တယ်၊ နည်းနည်းလေး သဘောပေါက်တယ်၊ ပြန်ပြီး တစ်ခေါက်သွားတယ်၊ အားထုတ်တယ်၊ အိမ်မှာ လည်း ဆက်အားထုတ်တယ်၊ ပြန်ပြီး ရိပ်သာသွား တယ်၊ အဲသလို အားထုတ်သွားရမှာ၊ တစ်သက်လုံး အတွက် တစ်ခါ အားထုတ်ရင် ပြီးပြီလို့ မမှတ်ရ ဘူးနော်။**

စက်မှုကျောင်းသား။ ။ မှန်ပါဘုရား၊ မရှင်းလို့ မေးလျှောက်ပါရစေ ဘုရား၊ အခုလို အားထုတ်ခါစမှာတော့ ခပ်ဖြည်းဖြည်းပဲ အားထုတ်ရင် ကောင်းမလားလို့ တွေးမိတယ် ဘုရား။

ဦးဇင်း ။ ။ တရားသမား တစ်ယောက်က တကယ် **တရားကို မြတ်မြတ်နိုးနိုး အားထုတ်တော့မယ်ဆိုရင် သူစိမ်း လိုပဲနေရတယ်တဲ့၊ အများနှင့် နေရင်လည်း သူစိမ်း နှင့်နေရသလို၊ စကားမပြောဘဲနေရမယ်၊ ပြောရင် လည်းပဲ သူစိမ်း တစ်ယောက်ကို တွေ့ရသလို စိတ် ကို စူးစမ်း ဆင်ခြင်ပြီးမှ ပြောရမယ်။ စားမယ်ဆိုရင် လည်းပဲ မစားဖူးတဲ့ အစာကို စားရသလို၊ ထူးဆန်း တာကို စားရသလို၊ သတိထားပြီးတော့မှ စားရ မယ်၊ တစ်နေရာ သွားမယ်ဆိုရင်လည်း မရောက်ဖူး တဲ့ နေရာကို သွားရသလို သတိထားပြီးတော့မှ သွားရမယ်၊ ဂရုတစိုက်သွားရမယ်၊ ရေချိုးတာ၊ အဝတ် လျှော်တာမှာလည်းပဲ၊ မလုပ်ဖူးတာ တစ်ခုခု ကို လုပ်ရသလို ဂရုစိုက်ပြီးတော့မှ လုပ်ရမယ်၊ မကျွမ်း ကျင်သေးရင်တော့ ဖြည်းဖြည်းလုပ်တာ ကောင်းပါတယ်၊ ကျွမ်းကျင်လာရင်တော့ နေ့စဉ် ဘဝထဲမှာ ပုံမှန်လုပ်ကိုင်လို့ရပါတယ်။**

စက်မှုကျောင်းသား ။ ။ မှန်ပါဘုရား၊ ကြိုးစား အားထုတ်ပါမယ် ဘုရား၊ အိမ်မှာ နည်းနည်းတော့ အားထုတ်နေ ပါတယ်ဘုရား၊ တစ်ခါတစ်ခါ အားထုတ်ရင်း ပင်ပန်း လာတယ်ဘုရား။

ဦးဇင်း ။ ။ ချည်တိုင်မှာပဲ နေသလား။

စက်မှုကျောင်းသား ။ ။ မှန်ပါ၊ ချည်တိုင်လည်း နေတယ်၊ ရုံခါ ခန္ဓာမှာဖြန့်ပြီး တော့လည်း သိဖို့ ကြိုးစားပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ အဲဒါဆိုရင် ဒွါရ ခြောက်ပါးလုံးကို ဖြန့်ပြီးတော့မှ သိပေးရင် တစ်ခါ တစ်ခါ ပင်ပန်းလာတယ်၊ မောလာတယ်ဆိုရင် ချည် တိုင်ကိုပြန်သွား၊ တရားရှုမှတ်တဲ့နေရာမှာ စိတ်ပင်ပင် ပန်းပန်းကြီး ကြောင့်ကြ မစိုက်နဲ့၊ ကြောင့်ကြစိုက် လွန်းလို့ရှိရင် ပင်ပန်းလာတတ်တယ်။

MA ကိုရင်ကြီး ။ ။ သတိဆက်ပြီး ပစ္စုပ္ပန်တည့် နေတဲ့ ယောဂီမှာတော့ လမ်းကြောင်းမှန်နေတာပဲ မဟုတ်ဘူးလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ **သူက ပစ္စုပ္ပန် တည့်ပြီး ခန္ဓာရဲ့ပရမတ် သဘောတွေကို သိနေတဲ့အခါမှာ သုခလည်း မဟုတ်ဘူး၊ ဒုက္ခလည်းမဟုတ်ဘူး၊ အဒုက္ခမသုခ (ဥပေက္ခာ)၊ 'တတိယ–ဝေဒနာ' ကို သိနေတာလို့ ခေါ်ပါတယ်။**[၁]

MA ကိုရင်ကြီး ။ ။ အဲဒီ သဘောတရားက အလွန်ရိုးတယ် ဘုရား။

ဦးဇင်း ။ ။ **မရိုးနိုင်တဲ့ သဘာဝသဘော တရားကြီးပါ၊ မဆန်းကြယ်သော်လည်းပဲ ကိုယ်တိုင်**

---

၁။ ဗုဒ္ဓအဘိဓမ္မာ၊ စေတသိတ်များအဖွင့်၊ သာသနာရေးဦးစီးဌာန ၁၉၈၄

**ဉာဏ်နဲ့ သိတဲ့အခါမှာတော့ အံ့ဩစရာကောင်းပါတယ်၊ အဲဒီအချိန်မှာတော့ ရှိရင်လည်းရတယ်၊ မရှိရင်လည်း ရတယ်၊ ပူလည်းရတယ်၊ အေးလည်းရတယ်၊ အရာရာတိုင်းကို "Accept" လုပ်နိုင်တယ်၊ လက်ခံနိုင်တယ်၊ အဲဒီအချိန်မှာ "Arising and Passing away, Come and Go" ဖြစ်–ပျက်၊ သဘောက ရှင်းတယ်၊ နားလည်ဖို့ မခက်ခဲဘူး။**

MA ကိုရင်ကြီး ။ ။ တစ်ခါတစ်ခါ တရားထိုင်နေတဲ့အခါမှာ ဖြစ်ဖြစ်၊ စင်္ကြံလျှောက်နေတဲ့အခါမှာဖြစ်ဖြစ်၊ နာရီ သံချောင်းခေါက်တဲ့အသံ ကြားလိုက်ရတယ်ဘုရား၊ 'ဒေါင်'လို့ တစ်ချက်ကြားလိုက်ပြီး၊ နာရီဝက်မှန်းတော့ သိလိုက်တယ်၊ ဒါပေမယ့် ဘယ်နာရီဝက်လဲဆိုတာ မပေါ်တော့ဘူး၊ နံနက်ပိုင်းလား၊ ညနေပိုင်းလားဆိုတာလည်း မပေါ်တော့ဘူး။

ဦးဇင်း ။ ။ ဖြစ်တတ်ပါတယ်။

MA ကိုရင်ကြီး ။ ။ တစ်ခါတလေ တရားရှုပွားနေတာ အရှေ့လား၊ အနောက်လား၊ တောင်လား၊ မြောက်လား မသိဘဲ အရပ်မျက်နှာလည်း စိတ်ထဲ မပေါ်တော့ဘူး ဘုရား။

ဦးဇင်း ။ ။ ဖြစ်တတ်တယ်။

MA ကိုရင်ကြီး ။ ။ တစ်ခါတလေတော့ ဘယ်နေရာ ရောက်နေတယ်ဆိုတာ မသိဘဲ နေရာလည်းပျောက်နေတယ် ဘုရား၊ သိနေတယ်–သိနေတယ်–သိနေတာပဲရှိနေတယ် ဘုရား။ ဥပမာ–မနေ့ကဆို အသံတွေကြားရတယ် ဘုရား။

စက်မှုကျောင်းသား ။ ။ လေယာဉ်ပျံသံ မဟုတ်

ဘူးလား။

MA ကိုရင်ကြီး ။ ။ ဟုတ်တယ်၊ မနေ့က လေယာဉ်ပျံသံတွေ ကြားရတယ်၊ "Jet" လေယာဉ်ပျံအသံလား၊ "Fighter" လေယာဉ်ပျံအသံလား၊ "Forker" လေယာဉ်ပျံ အသံလား၊ ပုံမဖော်ဖြစ်တော့ဘူး၊ ကြားကာမျှ ကြားကာမျှပဲ ဖြစ်နေပါတယ်ဘုရား။

ဦးဇင်း ။ ။ အေး. . . **ဖြစ်တတ်တယ်၊ ပရမတ်ပေါ်ရင်၊ ပညတ်ငုပ်တယ်တဲ့၊ ပညတ်ပေါ်ရင်လည်း ပရမတ်က ငုပ်သွားတာပဲ၊ ပရမတ်ပေါ်တဲ့ အချိန်မှာတော့ ဖြစ်-ပျက်ကို သဘောပေါက်ဖို့ မခဲယဉ်းပါဘူး။**[၁]

စက်မှုကျောင်းသား ။ ။ အဲဒီလို အားထုတ်ရင်းနဲ့ပဲ တရားက ဖြစ်-ပျက်တွေ မြင်လာရောလားဘုရား။

ဦးဇင်း ။ ။ **အဲဒါ အရေးကြီးဆုံးပဲ . . ! မမျှော်လင့်နဲ့တဲ့၊ (Don't expect special state, Just Know come and go, our practice here is not to grasp anything)**[၂] **ဒါကြောင့် ဘာကိုမှ မမျှော်လင့်နဲ့၊ ဘာကိုမှ ဆုပ်ကိုင်မထားနဲ့။ ဒါမှပဲ တရားက တိုးတက်မယ်။**

စက်မှုကျောင်းသား ။ ။ ကိုရင်ကြီး MA မိန့်သလို တပည့်တော် ဘကြီး ပြောသလို ဖြစ်-ပျက်တော့ မြင်ချင်ပါတယ် ဘုရား။

ဦးဇင်း ။ ။ ဖြစ်-ပျက်ဆိုတာမှာ မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘော ပါပဲ၊ ဖြစ်-

---

၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုဖွယ်ကျမ်း (ပထမတွဲ)

၂။ A Still Forest Pool by Achaan Chah, 1987-USA.

ပျက်က ဒီထဲမှာ ပါဝင်နေပါတယ်။ နာမ်–ရုပ်ရဲ့ အနိစ္စ ထင်တာ မှန်ရင် အထက်ဉာဏ်တွေဖြစ်ဖို့ မခဲယဉ်းဘူး၊ နာမ်–ရုပ်မှာ အနိစ္စထင်တာမမှန်ရင် အထက်ဉာဏ် တွေဖြစ်ဖို့ မလွယ်ဘူးပေါ့။

စက်မှုကျောင်းသား။ ။ ဒါဆို အထက်ဉာဏ်တွေ ဖြစ်ဖို့ ဖြစ်–ပျက်က ဘယ်မှာ ထင်ရမှာလဲ ဘုရား။

ဦးဇင်း ။ ။ မြင်သိစိတ်မှာလည်း ထင် ကောင်းတယ်၊ ကြားသိစိတ် မှာလည်း ထင်ကောင်းတယ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်တွေမှာလည်း ထင်ကောင်းတယ်၊ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ မှာလည်း ထင်ကောင်းတယ်၊ ပီတိ သမ္ဗောဇ္ဈင်၊ ဓမ္မ ဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင် အသီးသီးမှာလည်း ထင်ကောင်းပါတယ်။[၁]

စက်မှုကျောင်းသား။ ။ ရှုစရာတွေအများကြီးပဲ ဘုရား၊ ရှုကွက်တွေက ကွဲပြားနေတာပေါ့နော်ဘုရား။

ဦးဇင်း ။ ။ ပရမတ္ထဓမ္မရဲ့ သဘာဝ လက္ခဏာကသာ ကွဲပြား တာ၊ သာမည လက္ခဏာအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြစ်–ပျက်ပဲရှိတယ်၊ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ် လာပြီး ချုပ်နေတဲ့ သဘောပဲ ရှိတယ်။ ပရမတ္ထ တရား တိုင်းရဲ့ သာမည လက္ခဏာကတော့ အတူတူပါပဲ မောင်ကျောင်းသား။[၂]

---

၁။ ဓမ္မာနုပဿနာ၊ မဟာသတိပဋ္ဌာနသုတ်၊ မဟာဝဂ္ဂပါဠိတော်
၁။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း

စက်မှုကျောင်းသား ။ ။ ဘုရားတပည့်တော် တက္က သိုလ်ကျောင်း ပိတ်တာနှင့် ဖြစ်ပျက်ကို နားလည်သဘောပေါက်တဲ့ အထိ ကြိုးစား ပါမယ်ဘုရား၊ အိမ်မှာလည်း အားထုတ် ပါမယ်ဘုရား။ ကျောင်းတက်နေတုန်းလည်း ရသလောက် အားထုတ်ပါ့ မယ်ဘုရား။ ဒါဟာဘဝမှာမဖြစ်မနေလုပ်ကိုလုပ်ရမယ့် အလုပ်ဆိုတာတပည့်တော်နားလည်လက်ခံပါပြီဘုရား။

ဦးဇင်း ။ ။ **သာသနာတော်နှင့် ကြုံ သခိုက်ကြိုးစား အားထုတ် ကြဗျာ။ ဒါမှ ဒီခန္ဓာသက်တမ်းကုန်လို့ ဘုံဘဝ ပြောင်းသွားသော်လည်း အလုပ်မပြောင်းတော့ဘူး။ သာသနာက ဒီလိုအာမခံရှိတာဗျာ။ အနည်းငယ်ကို ရင်းပြီး အမြတ်အများကြီးရမယ်ဆိုရင် အဲဒီ အလုပ်ကို လုပ်ကိုလုပ်ရမယ် မောင်ကျောင်းသား။ တစ်ဘဝတာရင်းလိုက်လို့ ဘဝသံသရာများစွာ အကျိုးများမယ့်ဟာကို ဉာဏ်ရှိတဲ့သူများက မတွန့် မဆုတ် ကြိုးစားကြရမှာ မောင်ကျောင်းသား။**

စက်မှုကျောင်းသား ။ ။ ကြိုးစားပါ့မယ်ဘုရား။

## လူမသိ သူမသိဖြစ်နေတတ်တဲ့အပြစ်

Dr. အောင်သူသည် တရားစခန်းဝင်ဖြစ်ခဲ့ပါသည်။ ခွင့်ရက်ရသမျှ ရက်သတ္တနှစ်ပတ်ခန့် တရားအားထုတ်ခဲ့ပါသည်။ သူ၏တရားအတွေ့အကြုံ (Meditation Experience) ကို လျှောက်ထားလိုသည့်ဆန္ဒပြင်းပြဟန်တူပါသည်။ ယောဂီများသည် မိမိတရားစခန်း အတွေ့အကြုံများကို နားထောင်ပေးမည့်သူရှိမည်ဆိုလျှင် ပြောပြချင်စမြဲဟု ဆိုရသကဲ့သို့ပင် Dr.သည်လည်း အိမ်ရောက်ရောက်ချင်း ဆေးရုံကို မသွားခင် အချိန်လုကာ နားထောင်ပေးမည့်သူရှိရာ တောရကျောင်းသို့ ရောက်ရှိလာပါသည်။ ဝတ်ပြုပြီးသည်နှင့် သူ၏တရားအတွေ့အကြုံကို လျှောက်ထားပါသည်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် ဒီတစ်ပတ်(၁၅)ရက် တရားအားထုတ်ပြီးတဲ့နောက်မှာ အပြောအဆို အနေအထိုင်တွေ ပြောင်းလဲလာတာကို သတိထားမိတယ်ဘုရား။

ဦးဇင်း ။ ။ အပြောအဆို အနေ အထိုင် ပြောင်းဖို့အတွက်က အတွေး

အခေါ် ပြောင်းဖို့လိုတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ အတွေး အခေါ်ပြောင်းလာလို့နှင့် တူပါတယ်ဘုရား။ ဥပမာအားဖြင့် အရင်ကကြည့်နေကျ ရုပ်မြင် သံကြားသတင်းတွေ၊ ဇာတ်လမ်းတွေ မကြည့် ဖြစ်တော့ဘူး။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ အရင်က ဖတ်နေကျ ဂျာနယ်တွေလည်း မဖတ် ဖြစ်တော့ဘူး။ အဲဒါတွေဖတ်ပြီး Time Killing မလုပ်ချင်တော့ဘူးဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ အဝတ်အစား ဝတ်ရာမှာ လည်း ဟိုတုန်းကလို ဘီဒို ရှေ့အကြာကြီးရပ်ပြီး အချိန်မဖြုန်းဖြစ်တော့ဘူး။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ ခါတိုင်းက ခေါင်းက ဆံပင်ကိုနှစ်ပတ်တစ်ခါ ပုံမှန် ဆေးဆိုး ဖြစ်တယ်ဘုရား။ အခုတော့ အဖြူ အနက်ကြားနေတဲ့ ဆံပင်တွေလည်း ဆေးမဆိုးဘဲ သဘာဝကို သဘာဝအတိုင်း လက်ခံထားလိုက်တယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ သတိဆက်ပြီး စိတ်အေး နေတဲ့အခါမှာ လူနာတွေ ကို ကျန်းမာချမ်းသာအောင် ကူညီပေးချင် စိတ်တွေ များလာပြီး ဟိုတုန်းကလို ဒီနေ့ ကိုယ့်အတွက် ဝင်ငွေ

ဘယ်လောက်ရမယ် ဆိုတာကို ဟက်ဟက် ပက်ပက် မတွက်ဖြစ်တော့ဘူးဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ ဒီနှစ်ကုန်ရင် လက်ရှိကား ကလေးကို ဒီထက် Model မြင့်တဲ့ကားနဲ့ လဲဖို့ ကြံစည်နေခဲ့တာဘုရား။ အခုတော့ ဒီကားလည်း ကောင်းနေတာပဲ။ စီးလို့ ရနေတာပဲဆိုပြီး လက်ခံလာနိုင်ပါတယ်။ Model နောက်ကိုလိုက်ရင် ငါသာသေသွားမယ်၊ ဆုံးမှာတော့ မဟုတ်ဘူးလို့ သိလာတယ်။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ တပည့်တော်ဘဝမှာ အိမ်ထောင်ပြုတဲ့ အလုပ်ကို တကယ်လုပ်သင့် လုပ်ထိုက်တဲ့အလုပ်ထင်ပြီး ဟက်ဟက်ပက်ပက် မဖြစ်မနေ လုပ်ခဲ့မိသော်လည်း အခုသိလာတဲ့အသိနဲ့ ကြည့်တဲ့အခါမှာတော့ အတော်ကြီးကို အန္တရာယ်များပြီး အရေးမပါတဲ့ အလုပ်ကို လုပ်ခဲ့မိတာပါလားလို့ တွေးမိလာတယ်ဘုရား။

ဦးဇင်း ။ ။ ဒီနေရာမှာတော့ နှစ်ပိုင်းရှိတယ် ဒကာကြီး။

ဒေါက်တာအောင်သူ ။ ။ မှန်ပါ၊ အမိန့်ရှိပါဘုရား။

ဦးဇင်း ။ ။ ဒေါသနဲ့လောဘအနက် ဒေါသက ဖြည်ရလွယ်တယ်၊ လောဘကဖြည်ရခက်တယ်လို့ အဋ္ဌကထာက ပြတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ တပည့်တော် နားမလည်သေးပါဘူး ဘုရား။

ဦးဇင်း ။ ။ ဒေါသက ဖြည့်ရလွယ်တယ် ဆိုတာက ဒေါသကြောင့် ပြစ်မှားမှု တစ်စုံတစ်ရာကို တောင်းပန်လိုက်ရင် ပြေငြိမ်းသွားတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ တပည့်တော် သဘောပေါက်ပါပြီဘုရား၊ တစ်စုံတစ်ရာသော ပုဂ္ဂိုလ်ကို ကာယ၊ ဝစီ၊ မနောနဲ့ ပြစ်မှားမိခဲ့ရင် မိမိဘက်က တောင်းပန်လိုက်တာနဲ့ ပြေ ငြိမ်းပြီဆိုတာကို တပည့်တော်သဘောကျပါပြီဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ဒေါသကပြေငြိမ်းလို့ လွယ်တယ်။ လောဘကျတော့ ပြေငြိမ်းဖို့ မလွယ်ဘူးတဲ့။

ဒေါက်တာအောင်သူ ။ ။ အဲဒါတပည့်တော်သဘော မပေါက်သေးဘူးဘုရား။

ဦးဇင်း ။ ။ ဥပမာပြရရင် ဟိုး ••• နှစ်များစွာ ကာလများစွာက တည်းက သားပေး သမီးယူကိစ္စလိုမျိုးက လူတွေအနေနဲ့ လုပ်ရိုးလုပ်စဉ် ကိစ္စကြီး ဖြစ်သွားပြီ။ အဲဒါကို အပြစ်တစ်ခုရယ်လို့ မခံစားမိကြတော့ဘူး။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ကာမေသုမိစ္ဆာစာရကတော့ အပြစ်ပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ကာမေသုမိစ္ဆာစာရကိုသာ အပြစ်လို့ယူနိုင်ပြီး အပြဟ္မာ စရိယကိုကျတော့ အပြစ်လို့ မမြင်နိုင်ကြတော့ဘူး။ ဒါကြောင့် ဒါက လုပ်ရိုးလုပ်စဉ် မိရိုး

ဖလာလိုမျိုး ဖြစ်နေပြီလေ။

ဒေါက်တာအောင်သူ ။ ။ လောကမှာတော့ မိရိုး ဖလာလို ပြုလုပ်နေလျက် ပါဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဒါကြောင့် အဋ္ဌကထာ ဆရာအရှင် မဟာ ဗုဒ္ဓဃောသက အဝတ်ပေါ်မှာ ဆီနဲ့နန္ဒင်း စွန်းထားတာနဲ့တူတယ်တဲ့။

ဒေါက်တာအောင်သူ ။ ။ လင်မယားအဖြစ်နဲ့ နေကျ တာကို အဝတ်ပေါ်မှာ ဆီနဲ့နန္ဒင်း စွန်းတာနဲ့ ဥပမာပြုတာပါလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အဝတ်ပိတ်စ ပေါ်ကို နန္ဒင်းချည်းပဲ စွန်းလို့ ရှိရင် ဖျက်ရလွယ်တယ်လေ။ ဆီနဲ့နန္ဒင်းရောပြီး စွန်း ထင်မိရင်တော့ လျှော်ဖွပ်ဖို့ရာ မလွယ်ကူတော့ဘူး ဒကာ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အဲသလိုပဲတဲ့၊ လင်ရယ် မယားရယ် ဖြစ်ပြီးတော့မှ နေသွားကြပြီဆိုလို့ရှိရင် ကြိုးက ခပ်လျော့လျော့ ကလေးနဲ့ ဖြေဖို့မလွယ်ဘူးတဲ့။ ဒါကို မူတည်ပြီးတော့မှ အကုသိုလ်စိတ်ဖြစ်ဖို့ အခွင့်အရေးတွေလည်းပဲ များစွာ ပွင့်ပါတော့တယ်တဲ့။

ဒေါက်တာအောင်သူ ။ ။ တပည့်တော် တစ်ခါမှ မတွေးမိဘူးဘုရား၊ စာပေ ပိဋကတ်တော်များမှာပါတဲ့ စကားတွေဟာ သိပ်ကို နက်နဲလှတာပါလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ စာပေ ပရိယတ္တိမှာပါဝင်တဲ့ စကားတွေဟာ အလွန်အံ့ဩစရာကောင်းအောင် နက်နဲပါတယ် ဒကာကြီး။

ဒေါက်တာအောင်သူ ။ ။ ဒါဆို တပည့်တော် တွေးမိတဲ့ အိုးအိမ် ထူထောင်မိတာဟာ တော်တော် အန္တရာယ်များတဲ့ အလုပ်ကို လုပ်မိတယ်ဆိုတဲ့ အတွေးဟာ စာပေစကားနဲ့ ကိုက်ညီတယ်လို့ ယူရမှာလားဘုရား။

ဦးဇင်း ။ ။ အင်း ... မှန်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဒေါသလိုမကြမ်းတမ်းသော်လည်းပဲ ဒီလိုချင်မှုတဏှာက အလွန်ပဲလျှော့လျှော့ကလေးနဲ့ ဖြည်းရခက်လှတယ်ဆိုတာကို တပည့်တော်လည်း တဖြည်းဖြည်းခြင်း တွေးမိလာပါတယ်ဘုရား။ Dr. အောင်သူ တရားလျှောက်ထားစဉ် တံမြက်လှည်း၊ သောက်ရေဖြည့်နေကြသည့် ကိုရင် လူထွက် MA ကျောင်းသားပါဝင် ကျောင်းသား နှစ်ယောက်လည်း ရောက်ရှိလာပြီး ဝတ်ပြုအပြီး၌ သူတို့၏ တရားအတွေ့အကြုံကို လျှောက်ထားကြပါသည်။

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် တရားအားထုတ်တာနှင့် အမျှ ဒေါသက နည်းတော့နည်းလာပြီဘုရား။ လောဘကတော့ လျှော့မလာသေးဘူး ထင်တယ်ဘုရား။

ဦးဇင်း ။ ။ သတိပဋ္ဌာန် တရားကို နည်းမှန်လမ်းမှန် အားထုတ်လို့ရှိရင် လောဘ၊ ဒေါသ၊ မောဟတွေပါးရမယ်ဆိုတာ

မှန်ပါတယ် မောင်ကျောင်းသား။

MA ကျောင်းသား ။ ။ ဘုရားတပည့်တော် ကျန်တဲ့ ကိလေသာတော့ မသိသာ

သော်လည်း လောဘကတော့ လျှော့လာတာ သိသာ လာပါတယ်ဘုရား။

ဦးဇင်း ။ ။ လောဘမှာလည်း အဆင့်ဆင့်ရှိတယ်နော်။ လောဘ

လျှော့တယ်လို့ ကာယကံရှင်က ပြောချင်လို့ ပြောခွင့် ရှိပါသော်လည်း သူ့မှာ အလွှာတော့ ရှိသေးတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘယ်လို အလွှာလိုက်လဲ ဘုရား။

ဦးဇင်း ။ ။ သောတာပတ္တိမဂ်ကလည်း လောဘကို တစ်ခါပယ်

တယ်လေ၊ မကုန်သေးဘူး။ အပါယ်ကို ကျစေနိုင်တာ လောက်ကိုပဲ ပယ်နိုင်တယ်။ သကဒါမိမဂ်က တစ်ခါ လောဘကို ဒုတိယအကြိမ်မြောက် ပယ်တယ်။ ကြမ်းတမ်းတဲ့ လောဘကိုပဲ ပယ်နိုင်သေးတယ်၊ အပြီး မပယ်နိုင်သေးဘူး။ အနာဂါမိမဂ်က တစ်ခါ လောဘကို ပယ်တယ်။ ဘဝကို လိုချင်တဲ့ လောဘ လောက်က ကျန်ရစ်ခဲ့သေးတယ်။ နောက်ဆုံး အရဟတ္တမဂ်က ပယ်လိုက်မှပဲ လောဘ အလုံးစုံကုန်တာ မောင်ကျောင်းသားရဲ့။

ဒေါက်တာအောင်သူ ။ ။ လောဘတစ်လုံးထဲကို လေးကြိမ် လေးခါ ပယ်ရတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ လောဘ တစ်လုံးတည်းကို လေးကြိမ်လေး

ခါ ပယ်ရတာ။ ဆိုကြပါစို့။ ဒိဋ္ဌိကိုကျတော့ သောတာ ပတ္တိမဂ်က တစ်ကြိမ်ထဲနှင့် အပြီးပယ်လိုက်တယ်။ ကုန်ရောဗျာ။

ကွန်ပျူတာကျောင်းသား ။ ။ ဒေါသကျတော့ရော ဘုရား။

ဦးဇင်း ။ ။ ဒေါသကိုကျတော့ သောတာ ပတ္တိမဂ်က တစ်ကြိမ်ပယ် တယ်။ အပယ်ကိုကျစေနိုင်တဲ့ ဒေါသတွေတော့ မရှိ တော့ဘူး။ သကဒါဂါမိမဂ်က တစ်ကြိမ်ပယ်တယ်။ ကြမ်းတမ်းတဲ့ ဒေါသတွေမရှိတော့ဘူး၊ အနာဂါမိမဂ်က မှ ဒေါသကိုအပြီးပယ်လိုက်တာ။ ဒါကြောင့် ကိလေသာ ကို အထင်မသေးနဲ့ ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့လို့ မကြာမကြာ သူတော်ကောင်းကြီး များက သတိပေး တာပေါ့ ‥။ ကိလေသာရဲ့အရာက ကျယ်လွန်းတော့ တစ်ခါတစ်ခါ သိရခဲတယ်ကွယ့်။

MA ကျောင်းသား ။ ။ မှန်ပါဘုရား၊ ဥပမာလေးနဲ့ မှပဲ ရံခါတော့ ရှင်းတယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ မောင်ကျောင်း သားက ဥပမာနဲ့ နားထောင် ချင်တယ်နဲ့ တူတယ်၊ ဒီတော့ ဥပမာပေးမယ်နော်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ ဥပမာနဲ့ ဆိုရင် ပိုပြီး ရှင်းပါ တယ်ဘုရား။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား၊ နက်နဲ တဲ့ တရားတွေက ဥပမာနဲ့ ပြောလိုက်ရင် ပိုပြီး သဘောပေါက်လွယ်တယ်

ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ အားလုံးက ဥပမာကို နားထောင်ချင်တယ်ဆိုတော့ ဥပမာပေးရမှာပေါ့။ ကိုင်း. . . နားထောင်ကြ။ ပန်းကန်တစ်လုံးထဲမှာ သရက်သီး လေးလုံး ရှိတယ်ဆိုပါစို့။

ကွန်ပျူတာကျောင်းသား ။ ။ ဘာသရက်သီးလဲဘုရား။

ဦးဇင်း ။ ။ သရက်သီး အမျိုးမျိုးအစား စားပေါ့။ အဲဒီ ထဲကနေ မောင်ကျောင်းသားကစားဖို့ လက်ထဲတစ်လုံး ယူလိုက်ပြီ၊ ဟုတ်ပြီနော်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ပန်းကန်ထဲမှာ ဘယ်နှစ်လုံး ကျန်မလဲ။

ကွန်ပျူတာကျောင်းသား ။ ။ သုံးလုံးကျန်တယ် ဘုရား။

ဦးဇင်း ။ ။ အဲဒီချိန်မှာပဲ မောင်ကျောင်းသားရဲ့အနားကို MA ကျောင်းသား သီဟကျော်က ရောက်လာပြီး ''ငါ့ကိုလည်း သရက်သီးတစ်လုံးပေးပါဦး'' လို့ တောင်းရင် ဘယ်အလုံးကိုပေးမလဲ လွယ်လွယ်တော့ မဖြေနဲ့နော်၊ စဉ်းစားပြီးဖြေ။

ဒေါက်တာအောင်သူ ။ ။ တပည့်တော် ဖြေကြည့်မယ်ဘုရား။

ဦးဇင်း ။ ။ ဖြေကြည့်ပေါ့။

ဒေါက်တာအောင်သူ ။ ။ လက်ထဲရှိတာကို တပည့်တော်ပေးလိုက်မယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပြီလေ၊ အဖြေမှတ်ထားနော်။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်ကတော့ လေးလုံးအနက်က ကြိုက်တဲ့ အလုံးယူလို့ ပေးလိုက်မယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ၊ အဖြေမှတ်ထားနော်။

MA ကျောင်းသား။ ။ တပည့်တော် လက်ထဲယူထားတဲ့ အလုံးက အကောင်းဆုံး အလှဆုံးအလုံးကို ယူထား ပြီးပြီဘုရား၊ တပည့်တော်လက်ထဲ ရောက်ပြီးသား အလုံးကိုတော့ ဘယ်သူ့ကိုမှ မပေးနိုင်ဘူးဘုရား။ ကျန်တဲ့အလုံးတွေကိုပဲ ပေးနိုင်မယ်ဘုရား။

ဦးဇင်း ။ ။ သရက်သီးလေးလုံးထဲက တစ်လုံးကို လက်ထဲယူလိုက်ပြီဆိုကတည်းက ဘယ်လိုအလုံးမျိုးကို ရွေးယူမလဲ စဉ်းစားကြပါ။

ကွန်ပျူတာကျောင်းသား ။ ။ လေးလုံးထဲက တစ်လုံးကို မိမိစားဖို့အတွက် ယူရမယ်ဆိုရင်တော့ အကောင်းဆုံးအလုံးကို ရွေးယူမှာပါဘုရား။

ဦးဇင်း ။ ။ ရှေ့အဖြေနဲ့ နောက်အဖြေ လွဲတော့မယ်နော်။

ကွန်ပျူတာကျောင်းသား ။ ။ မလွဲသေးပါဘူးဘုရား။

ဦးဇင်း ။ ။ စဉ်းစားဦးနော်၊ ပန်းကန်ထဲ သရက်သီးလေးလုံး ရှိတဲ့ အနက်က မိမိစားဖို့အတွက်ကို ဘယ်အလုံးကို ယူမလဲ၊ အသေးဆုံး အညံ့ဆုံး အလုံးကိုယူမှာလား။

ဒေါက်တာအောင်သူ ။ ။ တပည့်တော် အဖြေ
မှားပြီနဲ့တူတယ်ဘုရား။

တပည့်တော်စားဖို့အတွက်ကိုတော့ မျက်စိနဲ့လည်း အကောင်းဆုံးအလုံးကို ကြည့်မယ်ဘုရား။ လက်နဲ့လည်း အကောင်းဆုံးအလုံးကို စမ်းကြည့်အုံးမယ်ဘုရား။ ပျော့ မပျော့၊ မာ မမာ ပြီးတော့ စိတ်ထဲကလည်း အတတ်နိုင်ဆုံး ဒီအလုံးကတော့ သေချာပေါက် ချိုမယ်ဆိုတဲ့အလုံးကိုပဲ ရွေးမယ်ဘုရား။ တပည့်တော်လက်ထဲ ရောက်တဲ့အလုံးကို ပေးဖို့တော့ အတော်လေး ခက်သွားပြီနဲ့တူတယ်၊ တပည့်တော် အဖြေလွဲပြီနဲ့ တူတယ်ဘုရား။

MA ကျောင်းသား ။ ။ အခုနပြောလိုက်တာ လက်
ထဲကအလုံး လာတောင်းတဲ့
လူ ပေးမယ်လို့ ဖြေထားတယ်နော်။

ဒေါက်တာအောင်သူ ။ ။ ဟုတ်တယ်၊ အဲဒီ အဖြေ
မှားပြီလို့ အခု ဝန်ခံနေရ
ပြီလေသား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်လည်း
တဖြည်းဖြည်းပေါ်လာ
ပြီဘုရား။ လက်ထဲယူပြီးသားအလုံးကို ပေးဖို့ဆိုတာကတော့ အတော်ကြီးကို စိတ်သဘောထားမြင့်မှပဲ ပေးနိုင်မယ်လို့ ထင်တယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါကြောင့် ကိုယ့်အဖြေ
ကိုယ် မှတ်ထားပြီး စဥ်းစား
ကြပါလို့ ပြောထားတာလေ။ တွေးကြည့်မယ်ဆိုရင် ပန်းကန်ထဲမှာရှိတဲ့ လေးလုံးအနက်က မိမိအနေနဲ့ ဦးဆုံးသာ ရွေးချယ်ခွင့်ရှိမယ်ဆိုရင် ကိုယ်စားဖို့ အတွက်

ကို အကောင်းဆုံး၊ အလှဆုံး၊ အကြီးဆုံး အချိုဆုံး ထင်တာကိုပဲ ရွေးချယ်မှာ သေချာပါတယ်။

(အားလုံး) ။ ။ (မှန်ပါတယ်ဘုရား။)

ဦးဇင်း ။ ။ ဒါဆိုလို့ရှိရင်တော့တခြား တစ်ယောက်ယောက်ကို ပေးရတော့မယ်ဆိုရင် ဘယ် လိုလုပ်ပြီးမှ လက်ထဲရွေးပြီး သားအလုံးကိုပေးနိုင်ပါ့ မလဲ။ ငှါ့ဟာ၊ ငှါ့ပစ္စည်း၊ ငှါ့သရက်သီး ဖြစ်သွားပြီလေ။

MA ကျောင်းသား ။ ။ ငါ့ဟာဖြစ်သွားပြီဘုရား၊ ငါ့ဟာ ဖြစ်လိုက်တာနဲ့ မမျှ နိုင်တဲ့သဘောကို နည်းနည်းတော့ ရိပ်မိလာပါ တယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဒါပေမယ့် မေတ္တာရှင်ကြီးများ၊ ကရုဏာ ရှင်ကြီးများ အသိဉာဏ်ပညာကြီးမားတော်မူတဲ့ သူတော်ကောင်းဆိုရင်တော့ မိမိအနေနဲ့ တော်သလို စားပြီးမှ အကောင်းဆုံးကို အလှူခံပုဂ္ဂိုလ်ကို ပေးမယ် ဆိုတဲ့စိတ်မျိုး နှလုံးသားမှာ ပေါ်ခွင့်ရှိပါတယ်။

ဒေါက်တာအောင်သူ ။ ။ ခက်တော့ ခက်မယ်နဲ့ တူတယ် ဘုရား။

ဦးဇင်း ။ ။ ကိုယ့်စိတ်နဲ့ကိုယ် ဖြစ်ခွင့် ရှိပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ အဲဒီလို အကောင်းဆုံး ကို သူတပါး ပေးနိုင်ဖို့ လောကမှာ ဖြစ်နိုင်ပါ့မလားဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ အခုတော့ သရက်သီးကို ဥပမာ ထား ပြောနေတာလေ။ တနည်း ဥပမာ ပြောင်းကြည့်

ရအောင်၊ မောင်ကျောင်းသားတို့ အရွယ်နဲ့ သင့်တော်တဲ့ ဥပမာဆိုရင် ညီအစ်မသုံးယောက်ရှိတယ်။ အဲဒီအထဲက တစ်ယောက်က မိမိနဲ့ရင်းနှီးမှုရှိနေတယ်။ ဒါဆိုရင် ဘယ်လိုလဲ။

ဒေါက်တာအောင်သူ ။ ။ ဟား. . . ဒီဥပမာကတော့ ထိသွားပြီ ဘုရား။

MA ကျောင်းသား။ ။ တည့်တည့်ပဲဘုရား၊ ညီအစ်မသုံးယောက်လေ၊

(ထိုအချိန်တွင် ဒေါက်တာအောင်သူ ခေါင်းငိုက် စိုက်၍ စဉ်းစားခန်း ဝင်နေပါတော့သည်။)

ကွန်ပျူတာကျောင်းသား ။ ။ ဒီ ဥပမာကတော့ ထိသွားပြီဘုရား။ အကောင်းဆုံးကို မိမိရွေးပြီးမှတော့ ကျန်တာ ဘာပဲဖြစ်ဖြစ် မိမိလက်ဝယ်ရှိတာကိုတော့ မမျှနိုင်တာ အမှန်ပဲဘုရား။

ဦးဇင်း ။ ။ ဒီအဖြေက ရဲဝံ့လှပါလား။

ကွန်ပျူတာကျောင်းသား ။ ။ အခုမှပဲ အဓိပ္ပါယ်ကပေါ်တာဘုရား။

ဒေါက်တာအောင်သူ ။ ။ ခုနတပည့်တော် အဖြေကို ရာနှုန်းပြည့် ရုပ်သိမ်းလိုက်ပါပြီဘုရား။ လောကမှာ မိမိအတွက်လို့ ရွေးထားပြီးတော့မှ အလှျူခံပုဂ္ဂိုလ်နှင့် ကြုံလာရင် လက်ပေါ်ကစွန့်ဝံ့တဲ့သာဓကများ ရှိပါသလားဘုရား။

ဦးဇင်း ။ ။ ဒေါက်တာက သာဓကတွေပါမေးတာကိုး၊ ရှိတာပေါ့ဗျာ။

MA ကျောင်းသား။ ။ သာဓကရှိရင်တော့ နာကြားပါရစေဘုရား။

ဦးဇင်း ။ ။ သာဓကကတော့ ဇာတ်

တော်ထဲက ယူရမှာပဲ။

MA ကျောင်းသား။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဇာတကထဲက သသပဏ္ဍိတ ဇာတက ယုန်မင်းဝတ္ထုပါပဲ။

ဘုရားလောင်းတော် ယုန်မင်း ဘဝတုန်းက သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ပြီး အလှူခံကြွလာတော့ ပုဏ္ဏားကို ထင်းတွေရှာပြီး မီးဖိုခိုင်းခဲ့တယ်။ မီးတွေလောင်ပြီး မီးကျီးခဲ ရလောက်တဲ့အခါမှာ သူ့ရဲ့ အသားကို ပုဏ္ဏား လှူဒါန်းဖို့ မီးပုံထဲကို ခုန်ဆင်းခဲ့ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ယုန်က မီးပုံထဲကို အသေ ခံခုန်ဆင်းတာလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ သူ့ရဲ့အသားကို အလှူခံ ပုဂ္ဂိုလ်ဖြစ်တဲ့ ပုဏ္ဏားအတွက် အသေခံပြီးတော့မှ လှူဒါန်းမှာလေ။ ''ပုဏ္ဏားကို သတ်ပါလို့ဆိုရင် ပုဏ္ဏားကြည့်ရတာ ပါဏာတိပါတာကံ လွန်ကျူးမယ့်ပုံ မပေါ်ဘူး'' တဲ့။ ဒါကြောင့် သူ့ရဲ့အသားကို သူကိုယ်တိုင် မီးပုံထဲ ခုန်ဆင်းပြီး အသေခံပြီးတော့မှ လှူဒါန်းမယ်ဆိုပြီး မီးဖိုခိုင်းလိုက်တာ။[၁]

MA ကျောင်းသား။ ။ အံ့သြစရာပါပဲ ဘုရား၊ စွန့်နိုင်ခဲ့တဲ့ ကိစ္စပါပဲ။

ဦးဇင်း ။ ။ အဲဒါနဲ့ ဝေဿန္တရာဇာတ်တော်မှာ မဒ္ဒီဒေဝီကို ဘုရားလောင်း လှူဒါန်းတာ မှတ်မိကြမှာပါ။

ဒေါက်တာအောင်သူ ။ ။ တပည့်တော်မှတ်မိပါပြီ

၁။ သသပဏ္ဍိတဇာတကဝဏ္ဏနာ၊ စတုတ္ထနိပါတ် (တတိယတွဲ)

၂။ ဝေဿန္တရဇာတကဝဏ္ဏနာ၊ မဟာနိပါတ် (သတ္တမတွဲ)

ဘုရား။

ဦးဇင်း ။ ။ ကဏှာနဲ့ဇာလီ သားသမီးကို လှူဒါန်းတာလည်း ပါသေးတယ်နော်။၂

ဒေါက်တာအောင်သူ ။ ။ တပည့်တော် မှတ်မိပါပြီ ဘုရား။ အဲသလို ပုဂ္ဂိုလ်မျိုး အတွက်တော့ ရွေးချယ်ပြီးတော့မှ လက်ထဲကို ရောက်ပြီးသားဖြစ်သော်လည်း ပြန်ပြီးတော့မှ ပေးလှူနိုင်ဖို့ မခက်ဘူးလို့ နားလည်ပါပြီဘုရား။

ဒေါက်တာအောင်သူ ။ ။ နားလည်ပါပြီဘုရား၊ သာမန်လူတွေအဖို့တော့ ခက်ခဲမယ်ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ **စွန့်လွှတ်နိုင်တဲ့ အလေ့အကျင့်တွေ လေ့ကျင့်ကြပါ။ အလေ့အကျင့်ကောင်းတွေ များလာရင် ဖြစ်နိုင်ပါတယ်။ ''တစ်စ တစ်စ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်းဆက်တိုင်းကောင်း၏''**တဲ့ မောင်ကျောင်းသားတို့။

ကျောင်းသား (၂) ဦး ။ ။ သာဓုပါဘုရား၊ သာဓု၊ သာဓု။

Dr. အောင်သူ ။ ။ ဘဝနောက်နှောင်းဆက်တိုင်းကောင်းဖို့ ဘုရား တပည့်တော် ကြိုးစားပါ့မယ်ဘုရား။